

# ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ

ချစ်ခင်း

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာစာပေ

မမော်မော်

တိုက် - ၂၃၃၊ အခန်း - ၁၄
၆ - ရပ်ကွက်၊ တိုက်လေးလုံး
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ကွန်ပျူတာစာစီ

စကြဝဠာ DTP
အမှတ် ၁၇၂၊ (၃၃)လမ်း၊
ရန်ကုန်မြို့၊

၂၀၁၁၄

ဆရာချစ်စံဝင်း

၏

၃၀. အုပ်မြောက်စာအုပ်

ထိုင်းနိုင်ငံ ရှိ မြန်မာဘုန်းတော်ကြီး ကျောင်းများ

| | |
|---|---|
| စာမူကြိုတင်ခွင့်ပြုချက်အမှတ် | ၃၈၅/၉၂ (၉) |
| မျက်နှာဖုံးကျောဖုံးခွင့်ပြုချက်အမှတ် | ၂/၉၃(၁) |
| မျက်နှာဖုံးပန်းချီ | တင်မောင်မျင့် |
| ပုံနှိပ်ခြင်း | ပထမအကြိမ် |
| ဆောင်ရေ | ၁၀၀၀ |
| စာအုပ်ချုပ် | ကိုမြင့်၊ ၃၄. လမ်း |
| ထုတ်ဝေသည့်ကာလ | ၁၉၉၃-ခု၊ ဖေဖော်ဝါရီလ၊ |
| တန်ဖိုး | ၄၅ ကျပ် |
| မျက်နှာဖုံးပုံနှိပ်သူ | ဦးကျော်စိန် (၀၂၉၀၉)<br>ကျောက်စိမ်းပုံနှိပ်တိုက်<br>၁၇၁ ၃၃.လမ်း၊ ရန်ကုန် |
| အတွင်းသားပုံနှိပ်သူ | ဦးကျော်စိုး (၀၄၂၅၀)<br>စိုးအော့ဖ်ဆက်<br>အမှတ်-၇၈ (ဘီ)၊<br>အထက်ပန်းဆိုးတန်း သမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ |
| ထုတ်ဝေသူ | ဒေါ်ဆွေဆွေ(၀၂၀၃၇)<br>ပန်းမျိုးတစ်ရာစာပေ<br>တိုက်.၂၃၁ အခန်း ၁၄<br>၆.ရပ်ကွက်၊ တိုက်လေးလုံး<br>ရန်ကင်းမြို့နယ်၊ ရန်ကုန် |

မကြာမီ ထွက်မည့် စာအုပ်များ

- ဗန်ကောက်မှ မလေးကိုဖြတ်၍ စင်္ကာပူသို့
- ပုနွေးဆုဝေ ကမ္ဘာမြေ

စာရေးဆရာချစ်စံဝင်းသည်

* ၁၉၈၆ ခုနှစ်က **"ဤခရီး နီးသလား"** စာအုပ်ဖြင့်လည်းကောင်း
* ၁၉၉၀ ပြည့်နှစ်က " **ဆန်းဖွယ်သည့် အဖိုးအို** " စာအုပ်ဖြင့်

လည်းကောင်း **အမျိုးသားစာပေဆု နှစ်ကြိမ် ရရှိခဲ့ပါသည်။**

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြန်မာဘုန်းတော်ကြီး **ကျောင်းများ** ပေါ်များစည်ပင်သော လယ်ပန်းမြို့ | ၁၇ |
| ၂။ | ထာမအိုး မြန်မာဘုန်းတော်ကြီးကျောင်း | ၃၂ |
| ၃။ | ထာမအိုး ဆရာတော်ကြီး ဦးဓမ္မနန္ဒ | ၄၂ |
| ၄။ | လယ်ပန်းမြို့မှ ညောင်ဝိုင်းကျောင်း | ၅၅ |
| ၅။ | ဝပ်စီကြုံးဆရာတော်ကြီး ဦးပညာဝံသ | ၆၇ |

၆။ လယ်ပန်း၏မြို့ကျက်သရေဆောင်မြန်မာကျောင်း ၇၇

၇။ မြန်မာပြည်တွင်းမှာ ခေါင်းချလိုသူ ဒေါက်တာတင်အောင် ၉၅

၈။ ဝပ်ပါဖန်ခေါ်သာသနာ့ဇောတိကရဲ့
မြန်မာကျောင်းတိုက် ၁၀၃

၉။ ဘန်ဝှစ်ကျောင်းမှ အပြန်ဘန်ကျအလျှူသို့ ၁၁၇

၁၀။ လယ်ပန်းလွှမ်စေတီတော်ကြီး ၁၃၃

၁၁။ ဖင်းမယ်မှ ဝပ်ဆိုင်မွန် မြန်မာကျောင်း ၁၄၇

၁၂။ ဗန်ကောက်မှ ဝပ်မဟာထပ် ၁၆၀

၁၃။ ကျန်ရှိသမျှ ထိုင်းရှိ
မြန်မာဘုန်းကြီးကျောင်းများ၏ နောင်ရေး ၁၇၅

**နောက်ဆက်တွဲ (က)** ၁၈၁
**နောက်ဆက်တွဲ (ခ)** ၁၉၂

# ဗန်ကောက်မြို့၊ ဝပ်မဟာထပ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ၏ အမှာစာ

စာရေးသူနှင့် ဆရာချစ်စံဝင်းတို့ စတင် တွေ့ဆုံခဲ့သည်မှာ မြန်မာပြည်၌ မဟုတ်ပါ။ စာရေးသူနေထိုင်ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဝပ်မဟာထပ်ကျောင်း၌ ဖြစ်ပါသည်။ ထိုစဉ်အခါက ဗန်ကောက်(၁)၊ ဗန်ကောက်(၂) စာအုပ်များ ထုတ်ဝေရန်အတွက် ဗန်ကောက်မြို့သို့ စာရေးဆရာချစ်စံဝင်း ရောက်ရှိလာချိန် ဖြစ်ပါသည်။ စာရေးသူ သီတင်းသုံးရာ ကျောင်းလေးပေါ်တွင် ဆရာချစ်စံဝင်းနှင့် နိုင်ငံခြား ဗဟုသုတ အထွေထွေ ဆွေးနွေးမေးမြန်းအပြီးတွင် ဆရာချစ်စံဝင်းက အရှင်ဘုရား မြန်မာပြည် ဘယ်အရပ်ကပါလဲ ဘုရားဟု လျှောက်ထားရာ၊ ဦးဇင်းက ပဲခူးသားဖြစ်ကြောင်း ဆိုလေရာ၊ ဟာ ဒါဆိုရင် တပည့်တော်က ပဲခူးသားပါပဲဘုရား၊ တပည့်တော်က သနပ်ပင်မြို့၊ ရစ်ကန်ကြီးရွာ ဇာတိပါဘုရားဟု ပြန်၍၊ လျှောက်၏။ ထိုအခါ ဦးဇင်းကလဲ သနပ်ပင်မြို့နယ်၊ ခရမ်းရွာသားပါပဲ။ ဒါဆို... ဦးဇင်းနဲ့ ဆရာချစ်စံဝင်းဟာ တစ်နယ်သား ဆွေမျိုးအရင်းအချာတွေ ဖြစ်တဲ့အတွက် ဦးဇင်း ဝမ်းသာ ဂုဏ်ယူမိပါတယ်။ ဤကဲ့သို့ တစ်နယ်တည်းသားချင်း ဖြစ်သော်ငြားလည်း နိုင်ငံခြားရောက်မှ အမျိုးစပ်ပြီး သိခွင့်ရခဲ့သော ဆရာချစ်စံဝင်းကို သူ၏ အမျိုး၊ ဘာသာ၊ သာသနာအတွက် အကျိုးပြုသော စိတ်ထားများနှင့် အကျိုးပြုစာပေများကြောင့် ဦးဇင်း လေးစားမိသည်။

တိုးတက်နေသော နိုင်ငံတိုင်းတွင် စာပေရေးရာသည် အဓိကကဏ္ဍတွင် ပါဝင်လျက် ရှိပါသည်။ လူမျိုးတိုင်းအတွက် အသိဉာဏ်၊ ပညာ၊ ဗဟုသုတ ဖွင့်ပေးသော အရာမှာ စာပေသာ ဖြစ်၍ အထိရောက်ဆုံး လက်နက်ဖြစ်သည်။ စာရေးဆရာကောင်းတစ်ယောက်

၏ ရှုမြင်သုံးသပ်မှုအပေါ် အခြေခံ၍၊ နှလုံးသားမှ ပေါက်ဖွားလာသော စာတစ်ကြောင်း၊ အကြောင်းအရာတစ်ခုသည် ပြည်သူလူထုအတွက် မီးရှူးတစ်စောင်သဖွယ် အသိဉာဏ်မျက်စိကို ပွင့်စေနိုင်သည်။ စာရေးဆရာများသည် တိမ်မြှုပ်နေသည်များကို ဖော်ထုတ်၍၊ ငုတ်လျှိုး၍နေသော အကြောင်းအရာများကိုလည်း ထင်ရှားနိုင်စေသောသတ္တိ ရှိသည်။ ဥပမာပြရလျှင် ပြည်တန် ပတ္တမြားတွင်းကိုတူး၍၊ ကျောက်ရိုင်းများကို ယဉ်အောင်သွေးပြီး တန်ဖိုးမဖြတ်နိုင်သော ရတနာများကို ရရှိစေသကဲ့သို့ ဖြစ်သည်။

ထိုနည်းတူစွာ ဆရာချစ်စံဝင်းသည် မြန်မာပြည်သူပြည်သားအားလုံးအတွက် နိုင်ငံခြား ဗဟုသုတ အထွေထွေကို ကိုယ်တိုင်သွားရောက်၍ သိမြင်ခံစားပြီးကာမှ ဘာသာယဉ်ကျေးမှု ရှုထောင့်အထွေထွေမှ အကောင်းအဆိုးများကိုပါ ဝေဖန်၍ ရှင်းလင်းစွာတင်ပြပေးနေသူတစ်ဦး ဖြစ်သည်။ ဆရာချစ်စံဝင်းသည် ထိုင်းနိုင်ငံအကြောင်းကို ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုစာဖတ်သူများအတွက် တင်ပြထားသကဲ့သို့ ယခုအခါ ဤစာအုပ်တွင် ရှေးနှစ်ပေါင်းများစွာက တည်ထောင်ထားခဲ့သော ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံ ကျောင်းကန် စေတီပုထိုးများနှင့် ပတ်သက်၍၊ ယနေ့တိုင် မြုပ်ကွယ်လျက်ရှိသော မြန်မာဗုဒ္ဓဘာသာ သာသနာရေးများကို၊ ကိုယ်တိုင်အပင်ပန်းခံ စိတ်ဝင်စားစွာ သွားရောက်လေ့လာပြီး၊ ဤထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများစာအုပ်ကို ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ရှေးယခင်မှစ၍၊ ယနေ့တိုင် ဆင်းရဲဒုက္ခခံကာ နိုင်ငံခြားတွင် စွန့်စွန့်စားစား သွားရောက်ခါ သာသနာပြုနေသော သံဃာတော်များ၏ အကြောင်းအရာများကိုလည်း မြန်မာပြည်သူတို့ သိရှိစေရန် ဤစာအုပ်တွင် တင်ပြထားသည်။ ကမ္ဘာပေါ်၌ ဗုဒ္ဓဘာသာနိုင်ငံ

အများအပြားရှိရာ၊ မြန်မာနိုင်ငံသည် သာသနာရေး ထွန်းတောက်ပြီး ရှေ့တန်းမှ ဦးဆောင်လျက်ရှိသော နိုင်ငံဖြစ်သည်။ ပရိယတ္တိ၊ ပရိပတ်၊ ပရိဝေဓဟူသော သာသနာသုံးရပ်သည် မြန်မာပြည်၌ ထွန်းကားလျက် ရှိပါသည်။ ပရိပတ်နှင့်ပြည့်စုံသော မြန်မာဆရာတော်များသည် မြန်မာနိုင်ငံတွင်မက ပြည်ပသို့ ကြွရောက်သွားကာ ထေရဝါဒဗုဒ္ဓဘာသာ ကမ္ဘာသို့လွှမ်းစေရန် အဆင်းရဲခံ၍၊ နိုင်ငံခြားတွင် သာသနာပြုလျက်ရှိသည်ကို ဆရာချစ်စံဝင်းသည် ဖော်ထုတ်ရေးသားခဲ့ပေသည်။ ထိုစာအုပ်သည် ဘာသာရေးတွင်သာမက မြန်မာလူမျိုးတို့ စေတနာသဒ္ဓါတရားကိုပါ ပေါ်လွင်စေ၍၊ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ပေးစွမ်းနိုင်သော စာအုပ်ဖြစ်၏။ ဆရာသည် ဗန်ကောက်ရှိ ဘုန်းတော်ကြီးကျောင်းများ အကြောင်းကိုသာမက မလေးရှားနိုင်ငံ ပီနန်ကျွန်းတွင်ရှိသော မြန်မာဘုန်းတော်ကြီးကျောင်းအကြောင်းကို သာသနာစက်ခြည် လင်းစေဖို့ဟူသော စာအုပ်ဖြင့် တင်ပြပြီး ဖြစ်ပါ၏။

ယခု ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ စာအုပ်ကို ဖတ်ခြင်းဖြင့် မြန်မာတစ်မျိုးသားလုံး၏ နားမျက်စိကို ပွင့်စေပြီး မိမိတို့ အမျိုးဘာသာ၊ သာသနာ တိုးတက်စေရန် စိတ်ဆန္ဒများကို တိုးပွားရရှိနိုင်မည်ဟု ဦးဇင်း ယုံကြည်မိပါ၏။ ဤစာအုပ်သည် မြန်မာ့ရှေးဟောင်း ရတနာများကို ဖော်ထုတ်ထားသော စာအုပ်ဖြစ်သကဲ့သို့ မြန်မာ့သမိုင်း၌ ကျန်ရစ်စေမည့် စာအုပ်တစ်အုပ်အဖြစ် တည်ရှိနေမည်မှာ မလွဲဟု ဦးဇင်း ထင်မြင်ယူဆမိပါသည်။ ဤစာအုပ်တွင် ပါရှိသော အကြောင်းအရာများသည် မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တိုင်း သိအပ်သော အကြောင်းအရာများလည်း ဖြစ်ပါသည်။

ပြည်ပတွင် သာသနာပြုနေသော ဦးဇင်းအနေဖြင့် ဤစာအုပ်ကို ဦးဇင်းတို့ကိုယ်စား ရေးသားပေးခြင်းဟုပင် ယူဆကာ ဤအမှာစာကို ရေးသားလိုက်ရပါသည်။

သဒ္ဓမ္မဇောတိကဓဇ
ဆရာတော်ဘဒ္ဒန္တ မဟာနန္ဒ
ဝပ်မဟာထပ်ကျောင်းတိုက်
ဗန်ကောက်မြို့
ထိုင်းနိုင်ငံ



သက်တော် ၈၅ နှစ်၊ ဝါတော် ၆၅ ဝါရှိ၍ ပြည်ပသာသနာ
ပြုလုပ်ငန်းကိုအနှစ် ၃၀ ကျော်အောင်မြင်စွာ လုပ်ဆောင်ခဲ့
ပြီး ထိုင်းနိုင်ငံ မြောက်ပိုင်း မြန်မာ ဘုန်းတော်ကြီးများ တည်
တန့်ရေး အတွက် ပြုစုစောင့်ရှောက်လျက် ရှိသော ဝပ်စီကြုံး
ဆရာတော်ကြီး ဦးပညာဝံသ



လွန်ခဲ့သော အနှစ် ၃၀ မှစ၍ ထိုင်းနိုင်ငံတွင် ပရိယတ္တိစာသင်တိုက်ကြီးကို ဦးစီး ဥက္ကဋ္ဌ ပြုလုပ် တည်ထောင် ပို့ချကာ မြန်မာ သာသနာ အစဉ်တည်တန့်အောင် ထိန်းသိမ်းဆောင့်ရှောက်တော်မူခဲ့သော ပြည်ပ သာသနာပြု အဂ္ဂမဟာပဏ္ဍိတ တာမအိုး ဆရာတော်ကြီးဦးဝမ္မနန္ဒ



စစ်ကိုင်းတိုင်း မအူပင်တဲကြီး ကျေးရွာနေ ဇာတိဖြစ်၍ ထိုင်းနိုင်ငံတွင် အနှစ် ၄၀ ကျော် သာသနာပြုနေခဲ့၍ အပြည်ပြည်ဆိုင်ရာ မြန်မာ ဗုဒ္ဓဘာသာ သံဃာတော်များအသင်းတွင် တွဲဘက်အကျိုးတော်ဆောင် အဖြစ် ဆောင်ရွက်ကာ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မြန်မာ သာသနာတော် နှင့် မြန်မာဘုန်းတော်ကြီးကျောင်းများကို အားမာန်အပြည့်ဖြင့်ဆောင်ရွက်လျက်ရှိတော်မူသော သာသနာအာဇာနည် ဆရာတော်ကြီးဖြစ်သည့် ဝပ်ဆိုင်မွန်း ဆရာတော် ဦးအာသဘ



ပြည်ပသာသနာပြုအာဇာနည် ဆရာတော်ကြီးဖြစ်သော ဦးပညာ
ဝံသ ဦးဂန္ဓသာရ - ဦးဓောဓဏ္ဍာည



ထေရဝါဒ သာသနာ့ ခရီးသည် စာအုပ်ကို ပြုစုတော်မူ ခဲ့၍
အာရှနိုင်ငံများတွင် ကျယ်ပြန့်စွာ သာသနာပြုနေတော်မူသော
သာသနာ အာဇာနည် တစ်ပါး ဖြစ်သည့် အရှင်သုမနာစာရ
ဆရာတော် ဘုရားအား ထိုင်းနိုင်ငံ၌ ဖူးတွေ့ရစဉ်



ပြည်ပသာသနာပြု ဘွဲ့တော် သဒ္ဓမ္မဇောတိက ဓဇ ဘွဲ့တော်ရ ဆရာတော်ဦး ကောဏ္ဍည နှင့် ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ ကျောင်းတိုက်မှ ဆရာတော်ဦးသဇ္ဇန



နိုင်ငံတော် အစိုးရမှ ပြည်ပသာသနာပြု ဘွဲ့တော် သဒ္ဓမ္မ ဇောတိဓဇ ဘွဲ့ရ သနပ်ပင်မြို့ဇာတိ ဇန်ကောက်မြို့ ဝပ်မဟာ ထပ် ဆရာတော် ဦးဝမ္မနန္ဒ



ရှမ်းပြည်နယ် ဇာတိ ပြည်ပသာသနာပြုဆရာတော် ဦးဂန္ဓသာရ



ကာဝမြို့နယ် ပြည်ပသာသနာပြု ဆရာတော်ဦးခေမိန္ဒ



ထိုင်းနိုင်ငံ လမ်ပန်းမြို့ ဝပ်စီလောင်းမွန်းဆော် မြို့ကျက်သရေဆောင်ကျောင်း သို့ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် မြန်မာသံ အမတ်ကြီး ဦးညွှန့်ရွှေ၊ မြန်မာစစ်သံမှူးကြီးဗိုလ်မှူးကြီး ဗဟိန်း တို့လာရောက်လည်ပတ်စဉ်က မြန်မာဆရာတော်များ၊ မြန်မာအနွယ် ထိုင်းများနှင့် အမှတ်တရ ဓါတ်ပုံရိုက်ကြစဉ်



ပြည်ပသာသနာပြု ဆရာတော်တစ်ပါးဖြစ်တော်မူသော ဦးပညာဇောတ



ပြည်ပသာသနာပြု ဆရာတော်များ ဗန်ကောက်မြို့တစ်နေရာတွင်
ဆွမ်းဘုဉ်းပေးအပြီး တွေ့ရစဉ်။



ဝပ်စီကြုံးသိမ် အတွင်းရှိ ဘုရား ဒကာ ကျောင်း ဒကာကြီး
ဖြစ်သော မြန်မာ ဒကာကြီး တစ်ဦး ပုံကို ဤသို့တွေ့ခဲ့ရ၏



ပြည်ပသာသနာပြုဆရာတော် ဦးဇောတိက

## အခန်း (၁)

# မြန်မာဘုန်းတော်ကြီးများဆေါများထည်ပင်သောလမ်ပန်းမြို့

လမ်ပန်းသည် ထိုင်းနိုင်ငံ၏ သာယာလှပသော ရှေးဟောင်းမြို့ တစ်မြို့ဖြစ်၏။ မြန်မာဆန်သော မြို့လည်းဖြစ်၏။ မြန်မာလိုလှသော မြို့လည်းဖြစ်၏။ မြန်မာအနွယ်ပေါသော မြို့လည်းဖြစ်၏။ မြန်မာဆက် များရှိသော မြို့လည်းဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်မှစ၍ မြန်မာတို့သည် လမ်ပန်း ဒေသသို့ နည်း (၂) နည်းနှင့် ရောက်ရှိနေထိုင်ခဲ့ကြ၏။ ပဒေသရာဇ် နှောင်းပိုင်းအမရပူရ နှင့် ရတနာပုံခေတ်များတွင် မြန်မာ နှင့် ထိုင်း ကူးလူးဆက်ဆံမှုများ ခဲ့သည် မှစ၍ ထိုအရပ်တွင် မြန်မာအနွယ်များ အခြေချ ရောက်ရှိခဲ့ကြသည်။ ကိုလိုနီခေတ်တွင် ထိုင်းနိုင်ငံမြောက် ပိုင်းမှ သစ်များကို သစ်လုပ်ငန်း အတွေ့အကြုံရှိသော မွန်အကြီးအ ကဲများနှင့် မြန်မာအကြီးအကဲ တို့ ဦးဆောင်၍ ထုတ်ယူခဲ့ရာ ထိုစဉ်

ကလည်းမွန်နှင့် မြန်မာအနွယ်များ ထိုဒေသတွင် ကျန်ရစ်ခဲ့ကြသည်။

လမ်ပန်းတွင် မြန်မာ အနွယ်တို့ ပေါသည်။ သူတို့သည် ယခုတိုင် ဦးဘိုးမင်း၊ ဦးဘိုးသင်း အစ ရှိသော မြန်မာအမည်များနှင့်ဖြစ်သည်။ သို့သော် သူတို့သည် မြန်မာစာ၊ မြန်မာစကား မတတ်ကြတော့။

လမ်ပန်းသူ မြန်မာအမျိုးသမီးကြီးသည် အမွန်ဖြစ်သည်။ မြန်မာစိတ် ရှိသည်။ သူ့ကိုယ်သူမြန်မာအနွယ်ဖြစ်ရသည်ကိုအလွန် ဂုဏ်ယူကျေနပ်သူဖြစ်သည်။ သို့သော် အမွန် သည် မြန်မာစကား မတတ်တော့။ အမွန်က မြန်မာထမိန်၊ မြန်မာရင်ဖုံးအင်္ကျီနှင့်ဖြစ်သည်။ လမ်ပန်းတွင်ရင်ဖုံးအင်္ကျီကိုအချိုးကျကျ မချုပ်တတ်ကြ၍ အမွန်တို့သည် မြန်မာ နယ်စပ်သို့ လာရောက် အပ်ကြရသည် ဟု သိရသည်။ မြန်မာထဘီ၊ ရင်ဖုံးအင်္ကျီ နှင့် ငွေခါးပတ်ကို ပတ်လျက် မြန်မာစိတ် ရှိသော အမွန် ကို ကျွန်တော်သည် ယနေ့ထက် တိုင်မျက်စိထဲက မထွက်။

ကျွန်တော်တို့ကိုတွေ့တော့ အမွန်ကသူ့သားသမီးများနှင့်တွေ့ရသလို ဝမ်းသာ၏။ ဂရုစိုက်၏။ အမွန်သည် မြန်မာစကားမတတ်ဟုဆိုသော်လည်းအမေသင်ပေးခဲ့သောမြန်မာစကားလေးငါးလုံးလောက်တော့တတ်သေး၏။ အမွန်သည် ထိုစကား လေးငါးလုံးကိုရွေးဟောင်းရတနာပစ္စည်းများ ထိန်းသိမ်းသလို သူ့နှလုံးသားတွင် ထိန်းသိမ်းထား၏။ အမွန်က နှစ်ပေါင်းများစွာ မှတ်သားထားသော မြန်မာစကားလေးများနှင့် ကျွန်တော့်ဇနီး ကို ညီမ ဟု ခေါ်သည်။ နှစ်ပေါင်းများစွာသိမ်းထားရသောပစ္စည်းကို ယခုမှထုတ်သုံးရ၍ လည်းကျေနပ်နေဟန် ရှိသည်။ ကျွန်တော့်ဇနီးနှင့် အမွန် တို့က တတွဲတွဲ ရှိသည်။ အမွန်က အခြားထိုင်းများနှင့် ကျွန်တော်တို့ကိုမိတ်ဆက် ပေးသည်။ စကားလက်ဆုံကြ နိုင်ရန် ထိုင်းစကား၊ မြန်မာစကားတတ်သူ ဦးဇင်း




လပ်ပန်းမြို့သည် ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှု မြို့တော်တစ်ခု ဖြစ်၏။

များ:ကိုပင့်လာ၍ စကား:များ ပြောကြသည်။ အမွန်က ထိုင်းများနှင့် တွေ့လျှင် "ကျွန်မတို့မြန်မာပြည်ကလေ၊ မြန်မာပြည်က လာကြတာ။ မြန်မာပြည် မှာက ရွှေတိဂုံ ဘုရားကြီး:ရှိတယ်။ ကျွန်မတို့အမျိုးတွေ ပေါ့" ဟုဝမ်းသာစွာဖြင့် ပြောသည်။ အမွန်၏ အသက်သည် ၆၀ ကျော်ခန့်ရှိပြီ ဖြစ်၏။ အမွန်သည် ဗုဒ္ဓဘာသာကို မြန်မာထုံးစံနှင့် အညီ ကိုးကွယ်၏ ၊ မြန်မာဘုန်းတော်ကြီး တို့၏ အဆုံးအမကို နာခံ၏၊ လမ်ပန်းဒေသရှိ မြန်မာဘုန်းတော်ကြီး ကျောင်းများမြန်မာတို့ လက်ထဲတွင် ရှိရေးအတွက် အမွန်သည် ရှေ့တန်းမှ ရပ်တည် ဆောင်ရွက်၏၊ လက်ရှိ မြန်မာဘုန်း ကြီးကျောင်းများ ယခုထက် တိုင် မြန်မာတို့ လက်ထဲ၌ ရှိနေသေးခြင်း သည် အမွန်တို့ ကဲ့သို့သော မြန်မာအနွယ်များ၏ ကျေးဇူးများစွာ ရှိသည် ဟု မြန်မာဆရာတော်တို့က ဆို၏။

လမ်ပန်းခရိုင်တွင်ယခင်က မြန်မာဘုန်းတော်ကြီး ကျောင်းဆယ့်တစ်ကျောင်းရှိသည်၊ ယင်းတို့အနက် လမ်ပန်းမြို့ပေါ်တွင်ကိုးကျောင်းရှိ၏။

ယင်းတို့မှာ—

၁။ ဝပ်စီကျူး ( ညောင်ဝိုင်းကျောင်း )

၂။ ဝပ်ထာ့မအိုး ( ကျွဲကောပင်ဆိပ်ကျောင်း )

၃။ ဝပ်ပါဖန် ( ဇေတဝန်ကာရုံကျောင်း )

၄။ ဝပ်စီရောင်းမွန်း ( တခေါန်နွဲကျောင်း )

အခြားအမည်များ—( မြို့ကျက်သရေဆောင်ကျောင်း၊ ရေဆိပ်လေးကျောင်း )

၅။ ပပ်ကျောင်းခန်း ( ရွှေကျောင်း )

၆။ မွန်ကြုံဆင် ( ကုန်းကလေးကျောင်း )

၇။ မွန်ပူရ ( ဂုဏ်မှာကဏ်စောင့်သည့်ကျောင်း )



ထိုင်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်း

၈။ ဝပ်ပါရော့ ( မြို့ဦးကျောင်း ) နှင့်
၉။ ဝပ်ချိုင်းမွန်ခွန် ( သက်ကယ်ကျောင်း ) တို့ဖြစ်၏။

လမ်ပန်းခရိုင်အတွင်း ရှိ မွန်ငေါင်းမြို့နယ်တွင် မြန်မာဘုန်းတော်ကြီး ကျောင်းနှစ်ကျောင်း ရှိ၏။ ယင်းတို့မှာ-

၁။ ဘန်ဂုပ်စ်ကျောင်း နှင့်
၂။ မွန်ငေါင်းကျောင်း

တို့ဖြစ်၏။ ဤကျောင်းများ အနက် ၊ ဝပ်စီကြုံ၊ ဝပ်ထာ့မအိုး၊ ဝပ်ပါဖန် နှင့် ဝပ်စီရောင်းမွန်းတို့သာ မြန်မာဘုန်းတော်ကြီးများလက်ထဲတွင် ရှိ၍ ဝပ်ချိုင်မုန်းခွန်နှင့် ဘန်ဂုပ်စ် ကျောင်းတို့တွင်မြန်မာအနွယ် များ ရှိ၏။

လမ်ပန်းမြို့နှင့် လမ်ပန်းခရိုင်အတွင်း ရှိ မြန်မာဘုန်းတော်ကြီးကျောင်းများသည် မြန်မာမှ မြန်မာလက်ရာဘုံအဆင့်အကွေ့အခက်

တို့ဖြင့်လှပဝေဆာစွာ ဆောက်လုပ်လှုဒါန်းထားသော ရှေးကျောင်းကြီးများဖြစ်၏။

ထိုကျောင်းကြီးများတွင် မြန်မာမှုလက်ရာများ စွာပါဝင် နေ၏။ လမ်ပန်း ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းပရဝုဏ် ဝိုင်းအတွင်း၌ ဘုရား၊ သိမ်၊ ကျောင်းကန်ဇရပ် များ စသည် ဖြင့် ဘုန်းတော်ကြီးကျောင်း၏ အင်္ဂါရပ်များ ပြည့်စုံစွာ ရှိ၏။ ဘုန်းတော်ကြီးကျောင်းများသည် ပြဿာဒ်ဆောင်မကြီး၊ ဘောဂဆောင် ၊ စကြံနှိနတ်လမ်း စသည့်ဖြင့် ပြည့်စုံစွာပါကြ၏။

တမ္ပဝတီ ဦး၀င်းမောင်က လမ်ပန်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းများအား သုံးသပ်ရာတွင် "လမ်ပန်းရှိမြန်မာ ဘုန်းတော်ကြီးကျောင်းများကို မန္တလေး၊ အင်းလေး၊ ကျိုင်းတုံတို့မှ မြန်မာပညာရှင်များနှင့် ထိုင်းနိုင်ငံ ဇင်းမယ်မှ ပညာရှင်တို့ သုံးဦးသုံးဖလှယ်ပါဝင်စုပေါင်းဆောက်လုပ်ထားသော ကျောင်းဖြစ်သည်" ဟုဆိုပါ၏။ မန္တလေးမှ ပညာရှင်များသည် လမ်ပန်းဘုန်းတော်ကြီးကျောင်းများကိုဆောက်လုပ်ရာတွင် လက်သမား၊ ပန်းရံ၊ ပန်းပု လုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်၍ အင်းလေး၊ ကျိုင်းတုံမှ ပညာရှင်များသည် အတွင်းပိုင်းမှ သရိုးကိုင်မှန်စီရွှေချ လုပ်ငန်းများကိုလုပ်ဆောင်ကြသည်၊ ရွှေရေးပန်းချီအမွန်းအမံများကို ကား ထိုင်းနိုင်ငံဇင်းမယ် ပညာရှင်များက လုပ်ဆောင်သည်ဟု ခန့်မှန်းနိုင်ကြ၏။

ဇင်းမယ်ရှိ မြန်မာကျောင်းအများစုကို သစ်ကုန်သည်ကြီးများက ဆောက်လုပ်ခဲ့ကြ၏။ ကျောင်းများတွင် သစ်လုံးတိုင်ဖြောင့်ဖြောင့်လုလုကြီးများကို အားပါတရသုံးထား၏။ ကျောင်းများကိုလည်း သစ်လုပ်ငန်းနှင့် မလှမ်းမကမ်းနေရာများတွင် တည်ဆောက်ကြ၏။ မြန်မာတို့ ထိုင်းနိုင်ငံ မြောက်ပိုင်းတွင်သစ်လုပ်ငန်းမှ စီးပွားဖြစ်သော



မြောက်ပိုင်း ထိုင်းနိုင်ငံ ရိုးရာ ရှင်လောင်းလှည့်ပွဲ

ကြောင့် မြန်မာဟန်၊ မြန်မာအနုပညာများ ထည်ထည်ဝါဝါဖြင့်ကျောင်းများကိုမြန်မာ သစ်ကုန်သည်ကြီး များ အပြိုင် ဆောက်လုပ် လှူဒါန်း ခဲ့သည့်လက္ခဏာ ရှိ၏။ ထိုသို့ ဆောက်လုပ်ခဲ့ပြီးကျောင်း ထိုင်ရန် ဆရာတော်ကြီး များ၊ ဘုန်းတော်ကြီး များကိုလည်း မြန်မာပြည် မှပင်အဆက်ဆက် ပင့်ဆောင်ကိုး ကွယ်ခဲ့ကြခြင်းဖြစ်၏။

လမ်ပန်းဒေသတွင် မြန်မာတို့၏ ဘောဂဗလအ ရှိန်အဝါ သည်လည်း အတော်မြင့်မားဟန် ရှိခဲ့သည်။ လမ်ပန်းသည် ထိုင်း လူမျိုး တို့အစောဆုံးအခြေချခဲ့သောနေရာအဖြစ် သတ်မှတ်ထားကြ၏။ လမ်ပန်းသည် အတိတ်၏ ထင်ရှားသော မြန်မာ ဘုန်းတော်ကြီးကျောင်းများ နှင့် ထိုင်း ဘုန်းတော်ကြီးကျောင်း တို့ကြောင့်လည်း ထင်ရှားသော ဒေသတစ်ခု အဖြစ်ရပ်တည်နေ၏။

လမ်ပန်းမြို့ သည် ၁၂၅၁၈ စတုရန်း မီတာကျယ်ဝန်း၍ မြို့၏ အလယ်တွင် မဲဝမ်မြစ်သည် ဖြတ်သန်း စီးဆင်း လျက် ရှိ၏။ မဲဝမ်မြစ်၏ ကမ်းပေါ်တွင်ရှိသော ဝမ်ဖရာ ကီယိုဒွန်တာ အိုသည် တချိန်က ထိုင်း နိုင်ငံ၏ ထင်ရှားသောမြဘုရား ကိန်းဝပ် စံပယ် ခဲ့သောကျောင်းတော်ကြီး ဖြစ်၏။ မြဘုရားကို ခရစ်သက္ကရာဇ် ၁၄၃၆ ခုနှစ်ကစေတီတစ်ဆူအတွင်းမှ တွေ့ရှိပြီး လမ်ပန်းမြို့သို့ ပင့်ဆောင်ကိုးကွယ် ခဲ့ရာ မြဘုရားသည်လမ်ပန်းမြို့တွင် ၃၂ နှစ်ကြာ သီတင်းသုံးတော်မူခဲ့၏။ ထိုကျောင်းဝင်းအတွင်း ရှိ စေတီတော်သည် မြတ်စွာဘုရား၏ ဆံတော်ကိန်းဝပ် စံပယ်တော် မူသည့်စေတီ ဟူ၍ ထင်ရှား၏။

ယင်း ဘုန်းတော်ကြီးကျောင်း များအတွင်း၌ မြန်မာမှုမြန်မာ့လက်ရာ တို့ဖြင့် ဆောက်လုပ်ထားသော ဘုံ (၅)ဆင့် နှင့်ပြဿဒ်(၂) ဆောင် ရှိပါသည်။

ထိုင်းနိုင်ငံသို့ ရောက်ရှိသူတိုင်း မြန်မာဘုန်းတော်ကြီးကျောင်းများ၊ မြန်မာ့အနုပညာပစ္စည်းများနှင့် မြန်မာအနွယ်များ ရှိရာ လမ်ပန်းမြို့ သို့ရောက်အောင်သွားသင့်ပါသည်။ ဘန်ကောက်မှလမ်ပန်း သို့သွားမည်ဆိုပါက ဘတ်(စ်)ကား၊ ရထား၊ လေယာဉ် ခရီးတို့ဖြင့် အချိန်မရွေးသွားနိုင်ပါသည်။ ဘတ်(စ်)ကားနှင့် ဆိုပါက ဘန်ကောက်မြို့ တနင်္ဂနွေဈေးရှေ့ရှိ မြောက်ပိုင်းအဝေးပြေးကားစခန်း ရှိရာမောန်ချစ် မှ ညနေပိုင်းကား နှင့် လာလျှင် မနက်လင်း သည်နှင့် လမ်ပန်းမြို့သို့ရောက်သည်။ ညနေပိုင်းတွင် ဇင်းမယ် သွား ရထားများ နှင့်လိုက်ပါကလည်း မိုးလင်းလျှင် လမ်ပန်းသို့ ရောက်၏။ လမ်ပန်း မြို့သို့ လေယာဉ်ဖြင့် သွား လျှင်ကား အဆင်အပြေဆုံးဖြစ်၏။ သယ်ယူ ပို့ဆောင်ရေး လွယ်ကူအဆင်ပြေသော ထိုင်းနိုင်ငံတွင်မည်သည့်ခရီးစဉ်ဖြင့် သွားစေကာမူ အခက်အခဲ မရှိလှပါ။

လမ်ပန်းမြို့သို့ရောက်ပါက မြန်မာခရီးသွားတို့အဖို့ မြန်မာဇည့်သည်များကို မျှော်နေသော ဘုန်းတော်ကြီးကျောင်းများတွင်လည်း ခရီးသွားခရီးပြန် ခဏတစ်ဖြုတ် တည်းခိုနိုင်ပါသည်။ လမ်ပန်းသို့ ရောက် ပါက ဝပ်ပါဖန်၊ ဝပ်စီကျုံး၊ ဝပ်ထာ့မအိုး–ဝပ်စီရောင်း မွန်းကျောင်းများသို့ သွားလိုပါသည် ဟုဆိုပါက ဆိုက်ကားဆရာများ က ရော အငှားကား ဆရာများ ကပါအလွယ်တကူ နှင့် လိုက်ပို့တက်ကြပါသည်။

လမ်ပန်းမြို့တွင်အမိုးဖွင့်ပြီး စီးနိုင်သောမြင်းရထား ကို စီးနိုင်၍ ဆိုက်တွဲများကိုလည်း သုံးနိုင်သည်။ လမ်ပန်းတွင် ပန်းပုအနုပညာ ပစ္စည်းများနှင့် ရိုးရာဂျေဟွန်အထည်များမှာ အရည်အသွေးကောင်း၍ ချည်ထည်စစ်စစ် ကြိုက်သူများအတွက် စွဲမက်စရာဖြစ်ပါ၏။ လမ်ပန်းမြို့ ပတ်ဝန်းကျင်တွင် ရေပူစမ်းနှင့် ရေတံခွန်များလည်း ရှိ



**မြောက်ပိုင်း ထိုင်းပျိုမြို တို့၏ အလှ နှင့် အက**

သည်၊ လမ်ပန်းရေပူစမ်းသည် လမ်ပန်းဂျေဟွန်လမ်းပေါ်တွင်ရှိ၍ (၇၀) ဒီဂရီ စင်တီဂရိတ် မှ (၉၀) ဒီဂရီ စင်တီဂရိတ် လောက်အထိ ပူသည်၊ ဂျေဟွန် နှင့် ဝမ်ကီယို ရေတံခွန်များသည်လှပ၍အနီးတွင် တောင်ပေါ်တိုင်းရင်းသားတို့နေထိုင်ကြသည်၊ လမ်ပန်းသို့ရောက်ပါက ဆင်များကို ယဉ်ပါးအောင် ပြုလုပ်သော စခန်းများသို့လည်း သွားရောက်လည်ပတ်နိုင်သည်၊ လမ်ပန်းဒေသတွင်ကီလွန်ရေကာတာ စခန်းလည်းရှိရာ ဧည့်သည် များအတွက် သွားရောက် အနားယူစရာ ကောင်းသောနေရာ တစ်ခုဖြစ်သည်၊ ထိုနေရာသို့ လေ့များသွားနိုင်၍

တည်းခိုရန် အိမ်များကိုလည်း ငှားယူနိုင်ပါ၏။

လမ်ပန်း သို့ရောက်ပါက ငေးမော၍ကြည့်ရလောက် အောင်လှပ၍ ခရီးသွားတိုင်း စွဲမက်စရာကောင်းသော ပစ္စည်းများမှာ လမ်ပန်းဒေသထွက်ကြွေထည်ပစ္စည်း များဖြစ်၏။ လမ်ပန်းအနီးတွင်ကြွေထည်ပစ္စည်းများပြုလုပ်၍ရသော မြေဖြူ တစ်မျိုး ရှိသည်။ ထိုမြေ စေးကိုလူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးလုပ်၍ အပူပေးခြင်းဖြင့် မက်စရာ



ထိုင်းနိုင်ငံမြောက်ပိုင်းမှ တောင်ယာသူများ



**လမ်းပန်းမြို့သို့ ရောက်သူများသည် ဝပ်ပါဝန်အနီးရှိ ကြွေဈေးတန်းလေးသို့သွားကာ ဈေးချို၍ လှပသော ကြွေထည် ပစ္စည်းများကို ဝယ်ဖြစ်အောင်ဝယ်လေ့ရှိကြ၏။**

ကောင်းသော ကြွေထည်များကိုရရှိသည်။ လမ်းပန်းဒေသသည် တကယ်တော့ ကြွေကမ္ဘာလေးတစ်ခုလည်းဖြစ်သည်။ ကြွေထည်ပစ္စည်းများအမျိုးမျိုး ရနိုင်ပြီး လှပ၍ ဈေးချိုသည်။ လမ်းပန်းဒေသသည် ကြွေထည်ပစ္စည်း ပြုလုပ်သော အလုပ်ရုံ ၁၀၀ ကျော်ရှိပြီး လက်ရာအလွန်စုံသည်။

လမ်းပန်းသို့ ရောက်ရှိလာကြသော မြန်မာတို့အတွက်ကား ရှေး မြန်မာဘုန်းတော်ကြီးကျောင်းများကို စောင့်ရှောက်ထိန်းသိမ်းလျက် ရှိကြသော မြန်မာဆရာတော် သံဃာတော်ကြီးများကိုဖူးမျှော်လျှဒါန်း နိုင်ကြမည် ဖြစ်၏။ ဆရာတော်ကြီးတို့သည် ဘုရား သာသနာပေါ် တွင် အခြေခံ၍ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် တို့ဖြင့် ဘိုးဘေးအစဉ် အဆက် တည်ဆောက်ထားရှိခဲ့ကြသော မြန်မာဘုန်းတော်ကြီးကျောင်း များကို စောင့်ရှောက်လျက်ရှိသည်၊ စောင့်ရှောက်လျက်ရှိကြသည် ဟုဆိုသော်လည်း ထိုကျောင်းများတွင် ဆက်ခံရန် သံဃာတော်အ ခက်အခဲများ၊ သီတင်းသုံးနေထိုင်ရန် သံဃာတော်နည်းပါးမှုကြောင့် ဆရာတော်ကြီးများမှာ နှစ်ပေါင်း ၅၀ ကျော် ၆၀ ရှည်လျားစွာစောင့် ရှောက်ခဲ့သော မြန်မာအနုပညာ မြန်မာမှု၊ မြန်မာစိတ်များ လွှမ်းမိုး ကိန်းအောင်းနေရာ ဤကျောင်းများ၏ ရှေ့ရေးကိုတွေးပူရင်းသောက စိတ်များနှင့် စောင့်ရှောက် နေကြသည်မှာ အမှန်ပင်ဖြစ်ပါ၏။



ဖင်းမယ်မြို့မှ သင်္ကြန်



သင်္ကြန်အတွင်း၌ ထိုင်းမိသားစု သဲပုံစေတီတည်၍ မြတ်စွာဘုရားအား ရည်မှန်းပူဇော်ကြစဉ်



ချောက်ပိုင်းမှ ထီးများကို အလှဆင်နေသည့် ထိုင်းအမျိုးသမီးအချို့

# အခန်း (၂)

## ထားဝယ်အိုးမြန်မာဘုန်းတော်ကြီးကျောင်း

ထိုင်းနိုင်ငံ လမ်ပန်း ရှိ မြန်မာဘုန်းတော်ကြီးကျောင်း များသည် ထူးထူးဆန်းဆန်း များ၊ စိတ်ဝင်စားစရာများသာမက သမိုင်းဆိုင်ရာ များပါရှိနေ၏၊ လမ်ပန်းရှိထားဝယ်အိုး မြန်မာဘုန်းတော်ကြီး ကျောင်း၏ ဒုတိယ ဆရာတော်ကြီးသည် မြင်းကွန် မင်းသားကြီး၏ စစ်ဗိုလ်မှူးကြီးတစ်ဦးဖြစ်၏၊ ၁၈၆၆ ခုနှစ်တွင် မြင်းကွန်မြင်းခုံတိုင် အရေးအခင်းပေါ်ပေါက်ခဲ့၏၊

ထိုအရေးအခင်းတွင် မြင်းကွန်ညီနောင်အရေးနိမ့်ကာ ဂေါ်ဝိန်ဆိပ်ရှိ ရေနန်းစကြာသင်္ဘောကိုရယူ၍ မြင်းခြံ သို့ စုန်ဆင်း၏၊ မြင်းကွန်းမင်းသားကြီးသည် ရန်ကုန်မှအိန္ဒိယ၊ အိန္ဒိယမှ ပြင်သစ်၊ ပြင်သစ်မှ ဆိုင်ဂုံမြို့သို့ပြန်လာရာ ဆိုင်ဂွန်တွင်အခြေချနေထိုင်ခဲ့၏၊ ဆိုင်ဂုံ၌နေထိုင်နေစဉ်မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ်၌ အင်္ဂလိပ်နှင့်ဂျာမနီ



**ဝပ်ထာ့မအိုး ကျောင်းအဝင်ဝ**

တို့စင်ဖြစ်ကြသောအခါ အင်္ဂလိပ်တို့ အားနည်းလာစဉ် မင်းသားကြီးသည် အင်္ဂလိပ်အခက်၊ မြန်မာအချက် ဟူသောသဘောကိုစွဲကိုင်ကာ လူစု၍ မြန်မာနိုင်ငံအား ပြန်လည်သိမ်းပိုက်ရန် အားထုတ်ခဲ့၏။

မြင်းကွန်းမင်းသားကြီးသည် ထိုင်းနိုင်ငံမြောက်ပိုင်းမြန်မာနယ်စပ်တွင်အခြေစိုက်လူသူစုဆောင်းစဉ်ကာလကို နောက်ခံထား၍ ဆရာ

ကြီးရွှေဥဒေါင်းက "လက်ထက်တော်ကြီးဝတ္ထု" ရေးသားခဲ့ပြီး ၁၉၆၆ ခုနှစ်က စာပေါင်းကူးမှ ထုတ်ဝေခဲ့သည်။ ထိုစဉ်က အမရပူရ၊ မန္တလေး အစရှိသော ဒေသတို့မှ လူစွမ်းလူစ ရှိသော မြန်မာတို့သည် မော်လမြိုင် မှတဆင့် ကုန်သည် အသွင်ဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ကာ မြင်းကွန် မင်းသားကြီးထံ သွားရောက် ခိုလှုံခဲ့ကြသည်။ မင်းသားကြီးသည် လူသူစုဆောင်း၍ အင်အားအတော်အတန်ပြည့်မှ ပြင်သစ်တို့သည် ဒုတိယကမ္ဘာစစ် ကာလ၌ အင်္ဂလိပ် တို့ကို မဟာမိတ်ပြုကာ ဟစ်တလာအား ပြန်လည်တိုက်ခိုက်ချိန်တွင် ပြင်သစ်တို့က အင်္ဂလိပ်တို့နှင့် သဘောမကွဲလို၍ မင်းသားကြီးအား ပြန်ခေါ်သဖြင့် ပြင်သစ်တို့၏ ကျေးဇူးကိုထောက်ထားကာ မင်းသားကြီးသည် ဆိုင်ဂုံ သို့ပြန်လာခဲ့သည်။

မင်းသားကြီးသည် မြန်မာနိုင်ငံအားပြန်တိုက်ရန် လူသူလက်နက် စုဆောင်းရာနေရာများသည် လမ်ပန်းနှင့် လမ်ဖုန်းတဝိုက်ဖြစ်သည်။ ထိုနေရာတို့သည် မော်လမြိုင်မှ လာရောက် စီးပွားရှာသော သစ်ကုန်သည်များ လာရောက် အခြေစိုက်ရာ အရပ်ဖြစ်သည်။

မြန်မာနိုင်ငံ ကိုပြန်လည်တိုက် ယူရန် စီမံစဉ်ကမြင်းကွန် မင်းသားကြီး၏ တပ်မှူးအကြီးအကဲများတွင် ဗိုလ်မှူးကြီး တက္က သည် တစ်ဦး အပါအဝင်ဖြစ်သည်။ ပြင်သစ်တို့ကအစီအစဉ်ကိုပြန်၍ နောက်ဆုတ်ရန်အကြံပြုသောအခါ မိမိသည် ဆိုင်ဂုံ သို့ပြန်ခဲ့သော်လည်း နောက်တစ်ကြိမ် အခွင့်သာပါက ပြန်လည်စီမံရန် အချို့သော တပ်မှူးအကြီးအကဲများ ကို ထိုင်းနိုင်ငံ မြောက်ပိုင်းတွင်ထားရစ်ခဲ့သည်။

ထိုကဲ့သို့ထားရစ်ခဲ့သောဗိုလ်မှူးကြီးများထဲတွင် ထာမအုံးမြန်မာဘုန်းတော်ကြီးကျောင်း ဒုတိယဆရာတော်ကြီး ဦးတက္က သည်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။ ဦးတက္ကသည်မင်းသားကြီး၏ အမိန့်ကိုစောင့်ရင်း လမ်ပန်း၌ နေခဲ့ရာမှ မြင်းကွန်မင်းသားကြီး ကွယ်လွန်

ကြောင်း သိခဲ့ရသောအခါ ဗိုလ်မှူးကြီးတကွ သည် ရှိုက်ကြီးတငင် ငိုကျွေး၍ သာသနာ့ဘောင်အတွင်းသို့ ဝင်ခဲ့သည်၊ ဆရာတော်ကြီး ဦးတကွ သည် ထာ့မအိုးမြန်မာဘုန်းတော်ကြီးကျောင်းတွင် ( ၂၇ ) နှစ် တိုင် နာယက ဦးကိုင်ဆရာတော်ကြီးအဖြစ်ကျောင်းထိုင်ခဲ့၏၊

လမ်ပန်းမြို့၏ အလယ်တွင် ဝမ် WANG မြစ်သည် အရှေ့ မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ ဖြတ်၍ စီးဆင်းလျက်ရှိသည်၊ ထာ့မအိုးကျောင်းတော်သည် မြစ်၏ မြောက်ဘက်တွင်ရှိရာကျွန်တော် တို့ တည်းခိုသောနေရာမှ ထာ့မအိုးကျောင်းသို့ သွားပါက ဝမ် မြစ် ကိုဖြတ်၍ သွားရသည်၊ ကျွန်တော်သည်မြို့လယ်တံတားပေါ်မှဝမ်မြစ် ကိုကြည့်ရင်း တစ်ခါကမြန်မာ့သစ်ကုန်သည်ကြီးများ၏ အရပ်တွင်သစ် များကို ထုတ်လုပ် ရောင်းဝယ် ဖေါက်ကားခဲ့ပုံများကို မျက်စိထဲတွင် ပြန်၍ မြင်ယောင်လာခဲ့သည်၊ တဖန်မြင်းကွန်မင်းသားကြီး နှင့် သူ၏ တပ်မှူးဗိုလ်မှူးများမြန်မာနိုင်ငံအား ပြန်၍ တိုက်ခိုက် ရေးအတွက်စီ စဉ်နေပုံများကို လက်ထက်တော်ကြီးဝတ္ထု နောက်ခံဖြင့် တရေးရေး ထင်လာသည်၊ သတ္တိဗျတ္တိ ရှိသော မောင်ထွန်းကျော်၊ စွန့်စားလိုသော မောင်တောက်ထွန်း ၊ ရုပ်ချောသလောက်စိတ်ဓါတ် ကြံ့ခိုင်သော ခင်ခင်ကြီး ၊ စာရေးဆရာမောင်သုတ၊ အင်္ဂလိပ်စစ်ဗိုလ် ကို လင်မလုပ်လို၍ မြင်းကွန်မင်းသားကြီးထံရောက်လာသောမော်လမြိုင် သူလေးမနှင်းမြ တို့၏ ငါးပွင့်ဆိုင်အချစ်ဇာတ်လမ်းကား မြင်းကွန် မင်းသားကြီးအားတိုင်တည်၍ သစ္စာ မေတ္တာနှင့် မျိုးချစ် စိတ်နိုင်ငံ ချစ်စိတ်တို့ကို အခြေခံကာ ဆရာကြီးရွှေဥဒေါင်းက သူ့စတိုင်အတိုင်း ဖွဲ့ထားသည့် ဝမ်မြစ်ဇာတ်အိမ်ဇာတ်လမ်း သည် ဝမ်မြစ်ရေစီး တွင် တရိပ်ရိပ်မြင်လာမိသည်။

မြစ်လယ်တံတားမှ အနည်းငယ်ဆက်သွားပြီး ညာဘက်သို့ကွေ့ လိုက်တော့ လမ်ပန်းထာ့မအိုး မြန်မာဘုန်းတော်ကြီး ကျောင်းသို့

ရောက်ရှိသည်၊ ထာဝမအိုးကျောင်းအဝင်တွင်ကျောင်းအမည်ကို အင်္ဂလိပ် မြန်မာ ထိုင်းသုံးဘာသာစလုံးနှင့် ရေးထား၏၊ ကျောင်း အဝင် ထိုင် ထိပ်နှစ်ခုတွင်တော့အာသောကမင်းကြီး၏ ခြင်္သေ့အမှတ် အသားများ ကိုထုလုပ်ထားသည်၊

မြန်မာပိုင် ဝမ့်ထာဝမအိုး မြန်မာဘုန်းတော်ကြီးကျောင်း သည် သစ်ဝါးရိပ်များနှင့် သာယာလှ၏၊ ကျောင်းပရဝုဏ်သည်ညီညာပြန့် ပြူး သန့်ရှင်းသည်၊ ကျောင်းအတွင်း သို့ဝင်လိုက်ပါက လက်ယာ ဘက်တွင် ကျောင်းဆောင်များရှိ၍ ကျောင်းမကြီး၏ အနောက်ဖက် တွင်စာသင်ဆောင်များရှိ၏၊ ဝင်လျှင်ဝင်ခြင်း လက်ဝဲဘက်တွင်တော့ ဆွမ်းစားကျောင်းဆောင်ရှိ၏၊ ဆွမ်းစားဆောင်ရှေ့တွင် ရေတွင်းရှိ သည်၊ ဆက်၍သွားပါက နောက်ဝင်း တံတိုင်းတစ်ခုကို ထပ်ဖြတ်ရပြီး အတွင်းတံတိုင်း၌ ဆရာတော်ကြီးနေတိုင်သောကျောင်းနှင့် ကျောင်း ဆောင် များရှိ၏၊

ဝပ်ထာဝမအိုးသည် သစ်ရိပ်ကျောင်းရိပ်ဖြင့်လေတဖြူးဖြူး ရှိ၏၊ ပူအိုက်သော လမ်ပန်းတွင် ထာဝမအိုးကျောင်းတော်သည် အပူကို အထိုက်အလျောက်အားဖြင့် သက်သာစေပါ၏၊ ကျောင်းဝင်းအတွင်း ၌ အုန်း၊ ဇန်ဒါ၊ လိုင်ချီး၊ ကျွဲကော၊ သရက်၊ သရဖီ အစရှိသော သစ်ပင်မျိုးစုံ၊ ပန်းမျိုးစုံရှိသည်၊ စာချခန်းမများလည်းရှိ၍ စာချ ခန်းမများတွင် ထိုင်းရဟန်းတော်များ စာလိုက်နေသည်ကို လည်း တွေ့ရ၏၊

ကျွန်တော်သည် ကျောင်းအတွင်းသို့ဝင်ပြီး ကျောင်းဆောင်မ ကြီးပေါ်ရှိ ဘုရားခန်းသို့ ဝင်ရောက်ကာ ဘုရားဝတ်ပြု၏၊ ထို ကျောင်းဆောင်တွင် ရွှေတိဂုံဘုရား၊ ကျိုက်ထီးရိုဘုရား၊ ပုဂံဘုရား ပုံတော်များ အပြင် ပထမလယ်ဟီဆရာဟော်ကြီး၏ပုံ ၊ တိပိဋကမင်း ကွန်းဆရာတော်ကြီး ပုံ တို့ကို ချိတ်ဆွဲထားပါ၏၊



**ထာဝမအိုး ကျောင်းတော်ဝင်းသည် သန့်ရှင်း၍ သီတင်းသုံး သံဃာတော်တို့ အတွက် ချမ်းမြေ့ဖွယ်ရာ ဖြစ်၏။**

ဘုရားကျောင်းဆောင်မကြီးပေါ်တွင် ကျွန်တော်လျှောက်ကြည့်တော့ ထာဝမအိုးကျောင်း၏ အတ္တုပတ္တိဟု ခေါင်းစဉ်တပ်ထားသော မှန်ဘောင်သွင်းထားသည့် ထာဝမအိုးကျောင်း သမိုင်းကို အောက်ပါ

အတိုင်းတွေ့ရှိပါ၏။

## ထိုင်းနိုင်ငံ
## လမ်ပန်းမြို့
## ထာ့မအိုးကျောင်းတိုက်
## အတ္ထုပ္ပတ္တိ

ကျက်သရေမင်္ဂလာအပေါင်းတို့၏ တည်ရာဖြစ်သာထိုင်းနိုင်ငံ ကျဥာလုံကွန် အမည်ရှိသော "ပြည်သူအချစ်တော်" ဟု ထင်ရှားသော ကျွတ္တရိ မင်းဆက်တွင် ၅ ဆက်မြောက် ရာဇာဓိပတိမင်း၏ လက်ထက် မြန်မာပြည်သားဦးစံအုန်း အမည်ရှိသော ဥပါသကာသည် လမ်ပန်း မြို့သို့ ရောက်ရှိလာပြီး သစ်ကုန်သည်အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်း ပြုလုပ်နေထိုင်ခဲ့သည်။

ဦးစံအုန်းသည် ရတနာသုံးပါးကို မြတ်နိုးသူ သဒ္ဓါတရားနှင့် ပြည့်စုံသူ သာသနာတော်တိုးတက်ကြီးပွားမှုကို လိုလားသူ ဖြစ်သည့်အတိုင်း သာသနာ ၂၄၃၇ ခု ဝေါစာ ၁၂၅၆ ခု ဝမ်မြစ်ကျွန်းကျွဲကောပင်ဆိပ်၌ မြေဝယ်ပြီး ကျောင်းတိုက်တည်ထောင်ခဲ့လေသည်။ ထို့အပြင် သံဃာသီတင်းသုံးစရာကျောင်း၊ ဆွမ်းစားကျောင်းယောကျ်ားသုံး မိန်းမသုံးဇရပ်များ ကုဋီနှင့် အိမ်သာများ၊ ဥပုသ် သိမ်ကျောင်းနှင့် ကျောင်းဝိုင်းပတ် အုတ်တံတိုင်းကြီးကိုပါ တည်ဆောက်ခဲ့သည်။

၎င်း မျှမက ကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော ရဟန်းသာမဏေ တို့ကိုလည်း ဆွမ်း၊ သင်္ကန်း၊ ဆေး ပစ္စည်းလေးပါးတို့ဖြင့် အမြဲမပြတ် ထောက်ပံ့ခဲ့သည်။ ယခုအခါ ဦးစံအုန်း မရှိတော့သော်လည်း ရှိစဥ်ကအတိုင်းသား စဥ်မြေးဆက် ယနေ့ထက်တိုင် ဆောင်

ရှက်ကြလေသည်၊

ကျောင်းအမည်ကို ကျွဲကောပင်ဆိပ် ကိုအကြောင်းပြု၍ ကျွဲကောပင်ဆိပ်ကျောင်း ဟုခေါ်သည်၊ ဒေသဘာသာ စကားဖြင့် ဝပ်ထာ့မအိုးဟုခေါ်သည်၊ ကျောင်းကို ဝပ်ဟုခေါ်၍ ဆိပ်ကမ်း ကို ထာ့ဟုခေါ်သည်၊ ကျွဲကောပင်ကိုမအိုဟုခေါ်သည်၊ ဤ စကားများကို အပြန်အလှန်ယူလိုက်သောအခါ ကျွဲကောပင်ဆိပ်ကျောင်းအမည် ဖြစ်လာသည်၊

ကျောင်းမြေမှာ တံတိုင်းအတွင်း၌ အလျားအလံ ၄၀၊ အနံအလံ ၄၀ ရှိသည်၊ တံတိုင်းပြင်ပ မြောက်ဘက်တွင် အလျား အလံ ၃၁ အနံအလံ ၁၈ ရှိသည်၊

## ထာ့မအိုးကျောင်းတိုက်ဆရာတော်စဉ်

ပထမဆရာတော် ဦးနန္ဒိယ ၅ နှစ်
ဒုတိယဆရာတော် ဦးတက္က ၂၇ နှစ်
တတိယဆရာတော် ဦးနေမိန္ဒ ( အဂ္ဂမဟာပဏ္ဍိတ ) ၄၈ နှစ်

ဤဆရာတော်ရှင်မြတ်တို့သည် နတ်ပြည် နက်နန်းသို့ ကြွလွမ်းခိုလုံတော်မူကြကုန်ပြီ၊

ယခုအခါ ဆရာတော်ဦးဓမ္မနန္ဒ၊ ဓမ္မာစရိယ သည် သာသနာ့အကျိုးစီးပွားကို ဆောင်ရွက်တော်မူလျက် ဤထာ့မအိုးကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသည်၊ ဆရာတော်သည် ဗုဒ္ဓနှစ် ၂၅၀၉ ခုတွင်ထာ့မအိုး ကျောင်းတိုက်၏ နာယကဦးကိုင်ကျောင်းထိုင်ဆရာတော်ဖြစ်လာခဲ့သည်။ ၂၅၁၀ ခုတွင် သာသနာကော်တို့တက်ကြီးပွားရေးအတွက် ထာ့မအိုးကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်အဖြစ် ပြုပြင်တည် ထောင်တော်မူသည်။

၁ - ၅ - ၆၉



**ထာ့မအိုးကျောင်းမှ ဓရတွင်းနှင့် ဆွမ်းစားကျောင်း**

ထာ့မအိုး ဘုန်းတော်ကြီးကျောင်း သမိုင်းကို ၁၉၆၉ ခုနှစ်ကပြုစု၍ မှတ်တမ်းတင် ထားရှိခဲ့သည်။

ထေ၀ာမအိုး ကျောင်းထိုင်ဆရာတော်များအနက် ဒုတိယထေ၀ာမအိုးဆရာတော်ကြီးဖြစ်သော ဦးတက္ကသည် မြင်ကွန်းမင်းသားကြီး၏ ဗိုလ်မှူးကြီး ပင်ဖြစ်ပါသည်။ ဆရာတော်ကြီးတွင် မြင်ကွန်းမင်းသားကြီး ကိုယ်တိုင် ချီးမြှင့်ခဲ့သော ရွှေတံဆိပ်တော်ကြီး ရှိခဲ့ရာ ယင်းတံဆိပ်ကို သူ၏ တပည့်မောင်စံဝ အားပေးအပ် ခဲ့သည်ဟု သိရပါသည်။ ကျွန်တော် သည် မောင်စံဝ၏ အဆက်အနွယ်များကိုစုံစမ်းရာအချိန်မရသဖြင့် ပြည့်စုံစွာမစုံစမ်းနိုင်ဘဲ ရှိခဲ့ပါ၏။

# အခန်း (၃)

# ထားမှအိုးဆရာတော်ကြီးဦးဝမ္မနန္ဒ

ထားမှအိုးကျောင်းတော်သို့ ကျွန်တော်ရောက်ရှိသောနေ့သည် ၁၉၉၁ ခု ဧပြီလ ၁၆ ရက်နေ့ဖြစ်၏။ ဆရာတော်ကြီး နေထိုင်ရာ ကျောင်းသည်အလွန် သန့်ရှင်း၍ ကျောင်းတွင်း၌ ဘာပစ္စည်းမှ အထူးတလည် မတွေ့ရဘဲ အထူးသဖြင့် နံရံကပ် ဘီဒိုများကိုတွေ့ရှိရသည်။ နံရံကပ် ဘီဒိုများတွင် စာအုပ်များဖြင့် ပြည့်နေ၏။ ထားမှအိုးဆရာတော်ကြီးကျောင်းသင်ခန်းသည် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း အနေ ထက် ခေတ်မီစာကြည့်တိုက် မိဋ္ဌကတ်တိုက်ကြီးတစ်ခု အသွင် ရှိပါသည်။ စာအုပ်များကလည်းမျိုးစုံ၏။ အားလုံးသည်ဘာသာရေး ဆိုင်ရာ စာအုပ်များသာဖြစ်၍ စကားပြေဖြင့်ရေးသားထားသော



ထိုင်းနိုင်ငံလမ်ပန်းမြို့ဝပ်ထာမအိုး ဆရာတော်ကြီး
ဦးဓမ္မနန္ဒနှင့်သာသနာပြုဆရာတော်ဦးသဇ္ဇန

ဘာသာရေး စာများ ပါဠိ/ပါဠိ ဘာသာပြန် စာအုပ်များ၊ ထိုင်းစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များစသည်ဖြင့် တွေ့ရှိရပါသည်။ စာအုပ်အားလုံးကိုကို သပ်သပ်ရပ်ရပ်ထား ရှိပါသည်။

ကျွန်တော် ရောက်ရှိသွားချိန်တွင် ဆရာတော်ကြီး သည် သက်တော် ၇၂ နှစ် သိက္ခာတော် ၅၂ နှစ်ရှိပြီဖြစ်သည်။ သို့သော် ဆရာတော်ကြီးသည် ကျန်းမာ၍ သက်တော် ၇၀ ကျော်ဟု မည်သို့မျှပင် မထင်ရပေ။

ဝပ်ထာမွအိုး ဆရာတော်ကြီး၏ ဇာတိသည် မကွေးတိုင်း ရေစကြို မြို့နယ် သာစည်ရွာဖြစ်သည်။ ခမည်းတော်မှာဦးဖိုးသစ်ဖြစ်၍ မယ်တော် သည် ဒေါ်ငွေရီဖြစ်သည်။ ဆရာတော်ကို မိဘနှစ်ပါးမှ ၁၂၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်စနေနေ့ တွင် ဖွားမြင်တော်မူသည်။

ငယ်စဉ်က သာစည်ရွာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ် ပြု၍ အသက် ၁၄ နှစ် တွင်ရှင်သာမဏေ အဖြစ်သို့ရောက်ရှိခဲ့သည်။ ဆရာတော် ကြီးသည် ၁၃၀၂ ခု ကဆုန်လဆန်း ၈ ရက်နေ့အချိန်တွင်သာစည်ရွာ ကျောင်းတိုက်၌ပင် ညောင်ပင်သာဆရာတော်အရှင် သုဇာတကို ဥပဇ္ဈာယ် ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သည်။ ဆရာတော်ကြီးသည်မလှိုင်မြို့၊ သီရိသောမာရုံကျောင်းတိုက်မန္တလေး မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ စစ်ကိုင်းတောင်ရိုး ပဌာန်းဆရာတော် ဘန္တာ ဒွတ္တာန္တက တို့ထံတွင် အထက်တန်း ပိဋကတ် ကျမ်းစာများကို သင်ယူခဲ့သည်။ ဆရာတော်ကြီးသည် အစိုးရ ဓမ္မာစရိယ စာချတန်း အောင်မြင်ခဲ့သည်။ ဆရာတော်သည် ငယ်စဉ်ကပင်ပြည်ပ သာသနာပြုလုပ်ငန်းကို စိတ်ဝင်စားခဲ့၍ ဂျပန်နိုင်ငံသို့ သွားရောက် သာသနာပြုရန် စိစဉ်ရည်မှန်းချက်ထားရှိ၏။ လွပ်လပ်ရေး ရရှိပြီး နောက် နိုင်ငံတော် အစိုးရကလည်း ဂျပန်နိုင်ငံ သာသနာပြုလုပ်ငန်းအတွက်



၁၃၂၅ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းတော်မူ
သည့် ပြည်ပသာသနာပြု ထာ့မအိုး ဆရာတော်ကြီး ဦးဓမ္မာနန္ဒ



**ထာဝမအိုး ဆရာတော်ကြီး ၏ ပိဋက တိုက်**

သာသနာပြု ပုဂ္ဂိုလ်များ အလိုရှိသည် ဟုကြော်ငြာသော အခါ ဆရာတော်သည် ဂျပန်နိုင်ငံ အတွက် သွားရောက် သာသနာပြုရန် စာရင်းပေးထား ခဲ့သည်။

ထိုသို့စာရင်းပေးထားချိန်တွင်ထိုင်းနိုင်ငံ နခွန်ဆွန်မြို့ဝေါဒါရာမ ကျောင်းတွင် စာချ ဘုန်းကြီးနှစ်ပါး အရေးပေါ်လိုအပ်နေ၍ ဂျပန် နိုင်ငံသို့ သွား၍သာသနာပြုမည့် ဆရာတော်နှစ်ပါး ဂျပန်သို့ မသွားမှီ ထိုင်းသို့ဝင်၍ တစ်နှစ်လောက် စာချပါရန် သာသနာရေးဌာနမှ ပုဂ္ဂိုလ်များကလာရောက်လျှောက်ထားသည်။ ဆရာတော် က မိမိသည် ထိုင်းနိုင်ငံသို့ သွားရောက်သာသနာ ပြုရန် အစီ အစဉ် မရှိ၊ ဂျပန် နိုင်ငံ သို့သာ သွားရောက်ရန် ရည်မှန်းထား ကြောင်း ပြောရာဆရာတော်ကြီးများပါထိုင်းနိုင်ငံသံအမတ် ကြီးကိုယ်တိုင်က ပင့်လျှောက်လာခြင်းဖြစ်ကြောင်းအရေးကြီးပါသဖြင့် ထိုင်းတွင်ဝင်၍ တစ်ဝါသာစာချပေးရန် ပြောရာ ဆရာတော်ကြီးများ၏တိုက်တွန်းချက်ကို မဆန့်ကျင်လိုသောကြောင့် လက်ခံခဲ့သည်။

ဆရာတော်ကြီးများ ၏ တာဝန်ပေးချက်အရ ဆရာတော်ဦးဓမ္မနန္ဒ နှင့်ဆရာတော်ဦးသောဘန တို့သည် ၁၉၅၅ ခုနှစ်တွင်ထိုင်းနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ပထမ တစ်ဝါနေ၍ ဆက်ကာဆက်ကာ နေရင်း ထိုင်းတွင်ခြောက်ဝါတိုင်တိုင်ရှိ လာခဲ့သည်။ ထိုအခါ ဆရာတော်ကြီးက အထက်မှ ဆရာတော်ကြီးများ ပေးအပ်သောတာဝန် ကျေ ပွန်ပြီဖြစ်၍ မြန်မာ နိုင်ငံသို့ ပြန်ရန် စီစဉ် သောအခါ ထိုင်းနိုင်ငံတွင် မြန်မာစာချ ကိုယ်တော်လိုအပ်နေပါသည်၊ ထိုင်းနိုင်ငံတွင် ဆက်လက်နေထိုင်ရန် ထိုင်းဆရာတော်တို့က မေတ္တာရပ်ခံသောအခါ ဆရာတော် ဦးဓမ္မနန္ဒကတပည့်တော်သည် မြန်မာနိုင်ငံဗုဒ္ဓသာသနာပြုအဖွဲ့ကစေလွှတ်ခဲ့ ခြင်းဖြစ်ရာထိုအဖွဲ့ ကခွင့်ပြုပါက ထိုင်းနိုင်ငံတွင် ဆက်လက်နေထိုင် ပါမည်ဟု လျှောက် ထားသည် တွင် အစီအစဉ်ကိုမြန်မာနိုင်ငံသို့ အကြောင်းကြားရာ မြန်မာနိုင်ငံမှ ဆက်လက်သီတင်းသုံးရန် ခွင့်ပြုသဖြင့် လမ်ပန်းမြို့ ထာမအိုးကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံး ခဲ့သည်။ လမ်ပန်းမြို့ ထာမအိုးဆရာတော်

ကြီး ဦးနေမိန္ဒ သည် သာသနာ့ရေး လုပ်ငန်းတွင် ခေါင်ခေါင် မြည် ဆရာတော် ကြီးဖြစ်သည်၊ ဆရာတော်ကြီးဦးနေမိန္ဒသည် မိတ္ထီလာ ခရိုင် သာစည်မြို့နယ် လှိုင်းတက်ရွာမှ ဖြစ်သည်၊ ဆရာတော်နေမိန္ဒ သည် စာပေပရိယတ္တိ သာမက အင်္ဂလိပ်ကိုလည်း ဝါသနာ ပါ၍ ဆေးမြစ် သစ်မြစ် များကို ကိုယ်တိုင် ရှာဖွေတတ်၏၊ ဆရာတော် မှာ ထိုင်း နိုင်ငံရှိ မြန်မာသံဃာ တော်များ ၏ ဂိုဏ်းချုပ် ဖြစ်၍ သက် တော် ၈၉ နှစ်တွင် ဘဝ နတ်ထံ တော်ပျံလွန်တော်မူ သည် ဟုသိ ရ၏၊ ဆရာတော်ကြီး သည် မြန်မာနိုင်ငံ မှ ထိုင်း နိုင်ငံ သို့တော လမ်းမှ ရောက်လာ ခဲ့ခြင်း ဖြစ်သည်၊ ဆရာတော်သည် ဘဝ နတ် ထံပျံလွန်တော် မမူမီ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကိုလက် ခံရရှိခဲ့တော်မူခဲ့သည်၊ ဆရာတော်ဦးဓမ္မနန္ဒ သည် စာချ ဆရာတော် တစ်ပါးအဖြစ် ထာ့မအိုးကျောင်းတွင် သီတင်းသုံး နေထိုင်ခဲ့ပြီး သာသနာ သက္ကရာဇ် ၂၅၁၉ ခုနှစ်တွင် ဝပ်ထာ့မအိုးကျောင်းတိုက် တွင် ဦးကိုင်နာယကဆရာတော် ဖြစ်လာပြီး နောက်တစ်နှစ်တွင် ထာ့မအိုး ကျောင်းတိုက်ကြီးအား ပရိယတ္တိ စာသင်တိုက် အသွင် ပြုပြင် ခဲ့၏၊

ဆရာတော်ကြီးသည် ထိုင်းနိုင်ငံ တွင် ပရိယတ္တိ စာပေများ ကိုပို့ ချခဲ့ရာ ယခု နှစ် ၃၀ ကျော်ခဲ့ပြီ ဖြစ်ပါ၏၊ ဆရာတော်ကြီးသည် ၁၃၅၉ ခုနှစ် မှစ၍ တိပိဋက ပါဠိမြန်မာအဘိဓာန် ကိုထိုင်းဘာသာ သို့ ပြန်ဆိုခြင်းလုပ်ငန်းကို ဦးဆောင်ကြီးကြပ်လျက် ထိုင်းနိုင်ငံ ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းများ ဆက်လက်တည်တံ့ရေးအတွက် လည်း ရှေ့တန်းမှ ရပ်တည်ဆောင်ရွက်နေသောဆရာတော်ကြီးတစ်ပါး ဖြစ်သည်၊ ထာ့မအိုးဆရာတော်ကြီးဦးဓမ္မနန္ဒ သည် သီလ၊ သမာဓိ၊ ပညာ ဂုဏ်၊ ခမာဇာဂရိယ စသောဂုဏ်တို့နှင့် ပြည့်စုံ၍ ထိုင်းနိုင်ငံ တစ်ခွင် တွင် ရဟန်းရှင် လူတို့၏ ကြည်ညို လေးစားမှုကို ခံယူ ရရှိတော်မူသော ဆရာတော်ကြီးတစ်ပါး ဖြစ်သည်၊ ဆရာတော်ကြီး

သည် သာသနာ အကျိုးကို နှစ်ပေါင်းများစွာသယ်ပိုးဆောင်ရွက်ခဲ့သောထာ့မအိုး ဆရာတော်ကြီးအား ၁၃၅၂ ခုနှစ် တွင်ပြည်ထောင်စုမြန်မာနိုင်ငံ တော်အစိုးရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆပ်ကပ် လှူဒါန်းတော်မူခဲ့၏။

ထိုင်းနိုင်ငံတွင် ရှေးနှစ်ပေါင်း ၁၀၀ ကျော် ၂၀၀ လောက်မှစ၍ မြန်မာ ဘုန်းတော်ကြီးကျောင်းများ ရှိနေခဲ့၏။ ရှေးမြန်မာစစ်တပ်များ ထိုင်းနိုင်ငံသို့ ဝင်ရောက်စဉ်ကလည်းမြန်မာစစ်သားများသည် မိမိတို့ဘာသာမိမိတို့ ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်၍မိမိဘုန်းကြီးဖြင့်မိမိတို့ကိုးကွယ်ခဲ့ကြသည်။ ထို့နောက် အင်္ဂလိပ်တို့အောက်မြန်မာနိုင်ငံကို သိမ်းယူပြီးချိန်မှစ၍ ထိုင်းနိုင်ငံမြောက်ပိုင်းသို့ မြန်မာ သစ်ကုန်သည် အများအပြားရောက်ရှိကာ သစ်ထုတ်လုပ်ငန်း ကိုလုပ်ကိုင်ခဲ့ကြ၏။ အထူးသဖြင့် သီပေါမင်း လက်ထက်လောက် မှစ၍ အောက်ပြည်အောက်ရွာ မော်လမြိုင်၊ ပဲခူး အစရှိသောအရပ်တို့ မှ သစ်ကုန်သည်ကြီးများ၊ သစ်ထုတ်လုပ်သူများ သည် ထိုင်းနိုင်ငံ မြောက် ပိုင်းမှ သစ်များကိုထုတ်ယူခဲ့ရာ ထိုသစ်ကုန်သည် ကြီးများ သည် များစွာစီးပွားဖြစ်ထွန်း ခဲ့ ကြသည်။ ထိုကဲ့သို့စီးပွားဖြစ်ထွန်းရာမှ သစ်ကုန်သည်ကြီးသည်လည်း မြန်မာအနုပညာတို့ဖြင့်မွန်းမံခြယ်လှယ် အပ်သော မြန်မာဘုန်းတော်ကြီးကျောင်းများကိုအပြိုင်အဆိုင် ဆောက်လုပ်လှူဒါန်းခဲ့ကြရာ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မြန်မာ ဘုန်းတော်ကြီးကျောင်း ၁၀၀ ကျော်မျှပင်ရှိခဲ့၏။

ထိုကျောင်းများသည် ကိုလိုနီခေတ် နောက်ပိုင်းမှစ၍ ပြုပြင်သူနည်းပါးခြင်း၊ မြန်မာနိုင်ငံနှင့် အဆက်အသွယ်ပြတ်ခြင်းတို့ကြောင့် မြန်မာကျောင်းများကို မြန်မာတို့ တစ်စတစ်စ လက်လွှတ်ခဲ့ရပြီး မြန်မာ ဘုန်းတော်ကြီးကျောင်းအများအပြားသည် ထိုင်းကျောင်း

များ အဖြစ် ပြောင်းလဲ ရောက်ရှိကုန်ခဲ့၏။ မြန်မာဆရာတော်များ စောင့်ရှောက်သူမရှိခြင်း၊ မြန်မာထိုင်းဒကာ ဒကာမ တို့ ကိုယ်တိုင်က ဆက်လက်မစောင့်ရှောက်နိုင်၍ စောင့်ရှောက်ထိန်းသိမ်းသူရှာဖွေ အပ်နှံမှု သည် မည်သို့မှ အကြောင်းဆို ရန်မရှိပါ။ သို့သော် အချို့ သောအခြေ အနေတို့မှာ မြန်မာကျောင်းများအား အဓမ္မ သိမ်းယူ သည့် အဖြစ် များ ရှိခဲ့၏။ ရှေးအခါက မြန်မာဘုန်းတော်ကြီးကျောင်း များသည် ယခု လိုပုင်အစဉ် အဆက်ရှိခဲ့ရာ မြန်မာ ကျောင်းများ ရှိ ကိုရင်များ၊ ဦးဇင်းများ၊ ဆရာတော် များ၏ လက်ဝယ်တွင် နိုင်ငံကူး လက်မှတ် ဟူ၍ မရှိဘဲ နေထိုင်ခဲ့ ကြ၏။ ဤသည်ကိုအကြောင်းပြု၍ အချို့သော ထိုင်း မြို့ပိုင်မြို့အုပ်ဘုန်းကြီးတို့ သည် ပုလိပ်နှင့်မြန်မာ ဘုန်းတော်ကြီးကျောင်းများသို့ ဝင်၍ နိုင်ငံ ကူးလက်မှတ် စစ်ဆေး ၍ မရှိပါက မိမိ နိုင်ငံ တွင်းသို့ခိုးဝင်လာသူများ ဟုဆိုကာ သက်နှင်း ချွတ် ၍ နယ်စပ်သို့ ပို့ကာ ကျောင်းများကို ထိုင်း ဘုန်းတော်ကြီး ကျောင်းများ အဖြစ်သိမ်းပိုက်မှုများရှိခဲ့၏။

ထိုင်း နိုင်ငံ တွင် အရပ်သား များ ဖွဲ့စည်း အုပ်ချုပ်မှုအတိုင်း နယ်ပိုင်ဘုန်းတော်ကြီး မြို့ပိုင်ဘုန်းတော်ကြီး စသည်ဖြင့်ဖွဲ့စည်းမှုရှိ သည်။ လွန်ခဲ့သောလေးနှစ်ခန့်က မြန်မာဘုန်းတော်ကြီးကျောင်းတစ် ကျောင်းကို သိမ်းမည်ပြုရာ ဆရာတော်ကြီးဦးဓမ္မနန္ဒ ကထိုသို့သိမ်း ယူမှုသည် မမှန်ကန်ကြောင်း တားမြစ်ခဲ့၏။ သို့သော် လည်းဆရာ တော် ရှိနေချိန် တွင် မည်သို့မျှ မဆောင်ရွက်ဘဲဆရာတော်ကြီးခရီး ထွက်သော အခါ မြန်မာ ဘုန်းတော်ကြီးကျောင်းအား ထိုင်းမြို့ပိုင် ဘုန်းကြီးမှ သိမ်းပိုက် ခဲ့၏။

ထိုအခါ ဆရာတော်ကြီးက မြန်မာ ဘုန်းတော်ကြီးကျောင်းအား ရဟန်းတစ်ပါးအနေနှင့် သိမ်းပိုက်ခွင့်မရှိကြောင်း၊ အုပ်ချုပ်သူတို့ အနေနှင့် ရဲဘက်မှဖြစ်စေ၊ အုပ်ချုပ်ရေးပိုင်းမှဖြစ်စေ သိမ်းယူမှုကို



**တာမွေအိုးကျောင်းတွင် ဆရာတော်ကြီး ဦးဝမ္မနန္ဒ၏ အရိပ်အာဝါသကိုခံယူလျက် ပိဋကတ်စာပေများကို သင်ကြားပို့ချနေသော ထိုင်းသံဃာများ**

မိမိ မည်သို့မျှ မပြောလိုသော်လည်း မြို့ပိုင်ဘုန်းတော်ကြီး အနေနှင့် ဝိနည်းတော် အရ သိမ်းပိုက်ခွင့် မရှိကြောင်း၊ ဘုန်းတော်ကြီးတစ်ပါးအနေနှင့် သိမ်းပိုက်ပါက ထိုဘုန်းတော်ကြီးသည် ပါရာဇိက အာပတ် သင့်ကြောင်း ဝိနည်းတော်နှင့်အညီ ကန့်ကွက် ပြောဆိုခဲ့သည်။ ထိုသို့ကန့်ကွက်ပြောဆိုသော်လည်း ထိုမြို့ပိုင်ဘုန်းတော်ကြီး

သည် မြန်မာဘုန်းတော်ကြီးကျောင်းအား အဝမ္မပင် ဆက်လက်သိမ်းပိုက်ခဲ့သည်။ ဆရာတော်ကြီးက ယင်းတို့၏နိုင်ငံအတွင်း၌ဖြစ်၍ သိမ်းပိုက်မှုကို မည်သို့မှ တားမြစ်ပိတ်ပင်နိုင်မှုမရှိသော်လည်း သိမ်းပိုက်သောဘုန်းတော်ကြီးသည် အာပတ်သင့်ကြောင်း ရဟန်းမဟုတ် တော့ကြောင်း တင်ပြခဲ့ရာ ထိုင်းအရေးပိုင်ဘုန်းတော်ကြီး က စေ့စပ်မှုပြု၍ ဆရာတော်ကြီးဦးဝမ္မနန္ဒအား ကန့်ကွက်တင်ပြလွှာရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံခဲ့၏။

ဆရာတော်ကြီး၏ လုပ်ဆောင်မှုသည် ထိုကျောင်းနှင့်ပက်သက်၍ အဝမ္မ သိမ်းယူမှုကို မတားဆီးနိုင်ခဲ့သော်လည်း ထိုကဲ့သို့သောဆက်လက်လုပ်ဆောင်မှုများကို အခိုက်အတံ့အားဖြင့်ရပ်တန့်စေခဲ့ပါသည်။ ဆရာတော်ကြီးသည် ယင်းကိစ္စ၌မြင့်မြင့်မားမားရပ်တည်၍ မြန်မာဘုန်းတော်ကြီးကျောင်းများ အရှည် တည်တံ့ရပ်တည်မှုကို ဆောင်ရွက်ခဲ့သောကြောင့် ဝပ်ထာ့မအိုးကျောင်းသည် ပရိယတ္တိ စာသင်တိုက် အဖြစ်မှ ၂ နှစ်တာ နှုတ်ပိတ်ပစ်ခံခဲ့ရပါ၏။

ယခုအခါ ဆရာတော်ကြီးသည် လွန်ခဲ့သောအနှစ် ၃၀ ကျော်မှ ဖွင့်လှစ်ခဲ့သော ပရိယတ္တိ စာသင်တိုက်ကို ပညာသင် သံဃာ ၅၀ မျှဖြင့် ပြန်လည်ဖွင့်လှစ် ထားရှိသည်။ ဆရာတော်ကြီးသည် ထိုင်းနိုင်ငံမြောက်ပိုင်း ရှိ မြန်မာဘုန်းတော်ကြီးကျောင်းများအား မြန်မာဆက်များ မပြတ်လိုသော ဆန္ဒ ရှိ၏။ ဆရာတော်ကြီး၏ ကျောင်းသို့ကျွန်တော် တို့ရောက်သောအခါ ဆရာတော်ကြီးက အစစ အရာရာ ဂရုစိုက် ၍ ထာ့မအိုးကျောင်းတွင်မနက်စာ တစ်နပ်စားသည်ကိုပင် အနားတွင်လာရောက်၍ ဒါကဘာဟင်း၊ ဒါကဘာခေါ်တယ်၊ ဒီဟင်းကဘာယ် လိုအရသာရှိတယ် စသည်ဖြင့် ပြောပြပြီး ကိုရင်ငယ်များအား ဟိုဟင်း ယူခဲ့၊ ဟိုစားစရာယူခဲ့ စသည်ဖြင့်စားစေ၍ ဒကာကြီးဟောဒါက နခွန်ပတုံ၊ ကျွဲခေါ်သီး ဒီနိုင်ငံမှာ နာမည်ကြီးတယ်၊ အရ

သာလည်း ရှိတယ်ကွဲ့စား၊ အားလဲမနာနဲ့၊ ဒီအရပ်မှာက စားစရာ၊ သောက်သုံး စရာများပေါတယ်များတယ်၊ ရှားတာက သာသနာပြု၊ ဘုန်းကြီးရှား နေတာကွဲ၊ ဟုမိန့်ကြားတော်မူပါ၏၊ ဆရာတော်ကြီး က ဒကာကြီး ဒီမှာရောက်နေတုံး ဘာမှအားမငယ်နဲ့၊ ဘုန်းကြီးက မြန်မာကရောက် လာတဲ့သူတွေ အားငယ်မှာစိုးတယ်၊ ဒါကြောင့် ဘုန်းကြီးက ဂရုစိုက် တာဟု ဆိုပါ၏၊

ဆရာတော်ကြီးသည် မြန်မာနိုင်ငံအား ချမ်းသာသုခနှင့်ပြည့်စုံ စေလို၏၊ အခြားနိုင်ငံများကဲ့သို့ စီးပွားဥစ္စာအရပ်ရပ်၊ စက်မှုပစ္စည်း အစုံစုံ နဲ့ပြည့်စုံစေလိုသည်၊ " ဒကာကြီးရေ၊ ထိုင်းနိုင်ငံ က ဈေးကွက် ဖြစ်လာပြီ၊ ဈေးကွက်ဖြစ်လာတဲ့နေရာမှာ ဈေးဝယ်သူဝယ်၊ ရောင်း သူရောင်း နဲ့ကြီးပွားတက်ကြတာပဲ၊ ဈေးကွက်မရှိရင် ဆင်းရဲတာပါ ပဲ၊ မြန်မာနိုင်ငံ မှာက ဈေးကွက် မဖွံ့ဖြိုးသေးတော့ မြန်မာဘက်က ပစ္စည်းတွေ ဈေးကွက်ရှိတဲ့ဒီဘက်ကို ရောက်လာတာမနဲပါဘဲ၊ ဘယ် သူတွေ မြတ်လို့ဘယ်သူတွေ အကျိုးရှိတယ်တော့ မသိဘူး၊ ဘုန်းကြီး တို့က ဒီဘက်နယ်စပ်ကနေကြည့်ရတော့ မြန်မာပြည်ဘက်ကဝင်လာ တဲ့ ပစ္စည်းတွေဆို အစုံပါဘဲ၊ တိရိစ္ဆာန်တွေဆို ငှက်ကလေးတွေက အစ ဆင်ကြီးတွေအထိပါတယ်၊ ရေသတ္တဝါတွေဆို ပုဇွန်ဆိတ်ကလေး ကနေ မိကျောင်းတွေ အထိပါတယ်၊ ဖစ်စနိုလုပ်က နွားဈေးဆိုမြန်မာ နွားတွေကြီးပဲ၊ အခုတော့ မဲဆောက်မှာလဲ နွားဈေးဖြစ်နေပြီလို့ ပြောသံ ကြားတယ်၊ မဲဆိုင်ဆိုမြို့ကလေးကနေ မြန်မာပစ္စည်းတွေ ရောင်းဝယ် ဖေါက်ကားရင်း မြို့ကြီးဖြစ် လာပြီ၊ ဘာပဲရောင်းရောင်း၊ ဘာပဲဝယ်ဝယ်မျှမျှတတဖြစ်စေချင်တယ်၊ အိမ်နီးချင်းနိုင်ငံတွေ မျှမျှ တတ ခင်ခင်မင်မင် ရှိတာအကောင်းဆုံးပဲ၊ မြန်မာအစိုးရက အိမ်နီး ချင်းနဲ့ သင့်မြတ်အောင်နေကြပါတယ်၊ တိုင်းပြည်တိုင်းမှာ ကာယ ဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ ဆိုပြီး ဗလငါး



**တာမအိုးဆရာတော်ကြီးထံတွင် မြန်မာအနွယ် ထိုင်းတကာ တစ်ဦး သီလခံယူနေစဉ်**

တန်ရှိရာမှာ ကျန်တဲ့အင်အားများကို ပြည်တွင်းမှာတည်ဆောက်နိုင် ပေမယ့် နိုင်ငံတစ်နိုင်ငံအတွက် မိတ္တဗလ ဆိုတာကတော့ ပြည်ပမှာ မှ ရှိတယ် ဒကာကြီးရဲ့" ဟု မိန့်ကြားပါ၏။

ဆရာတော်ကြီးက ဤအရပ်တွင် မြန်မာအနွယ်များစွာ ရှိကြ သည်။ သို့သော်မြန်မာစကား၊ မြန်မာစာ မတတ်ကြတော့၊ သို့သော်

လည်း မြန်မာ မြေးမြစ် ဆိုတဲ့အစွဲ သူတို့ရဲ့ရင်ထဲမှာ ရှိကြတယ်၊ မြန်မာ ကျောင်းကန် ဘုရားကို မြန်မာ့မှု၊ မြန်မာဟန်နဲ့ကိုးကွယ်လို ကြတယ်၊ ဒကာ၊ ဒကာမများ မြေးမြစ် ရှိနေတာဟာလဲ မြန်မာ ဘုန်းတော်ကြီးကျောင်းများ ဆက်လက် တည်ရှိနေဘို့ လိုအပ်တဲ့အ ကြောင်းတရား တစ်ရပ်ဖြစ်တယ်ဟု ဆရာတော်ကြီး က မိန့်ကြား ပါ၏။

ထိုသို့ ပြောဆိုနေကြစဉ် ထိုင်းဒကာ၊ ဒကာမ မိသားစု သည် လာရောက်၍ ဝတ်ပြုကြ၏၊ လှူဘွယ်များအတွက် ဆရာတော်ကြီး ကဆုတောင်းမေတ္တာပို့ ရေစက်ချကာ ဆရာတော်ကြီး နှင့် ဒကာ မိသားစု ဆက်၍စကားပြောနေကြရင်း ဆရာတော်ကြီးက ဒီမိသားစု ဟာလဲ မြန်မာအနွယ် တွေဘဲဟု ဆို ပါ၏။ သို့သော် သူတို့သည် မြန်မာစကားမတတ်ကြတော့၊ တကယ်တော့ထိုဒကာများသည် လည်းအမွန်ကဲ့သို့သော မြန်မာအနွယ်များဖြစ်ပါ၏၊ လန်ပမ်းတွင် အမွန်လို မြန်မာ အနွယ်ထိုင်းများ အများအပြား ရှိကြပါ၏။

# အခန်း(၄)

# လမ်ပန်းမြို့မှ ညောင်ဝိုင်းကျောင်း

ထိုင်းနိုင်ငံ လမ်ပန်းမြို့ရှိ ဝပ်စီကြုံး မြန်မာ ဘုန်းတော်ကြီးကျောင်း သည် မြန်မာမှု၊ မြန်မာလက်ရာ တို့ဖြင့် မွန်းမံထားသော မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်းဖြစ်၏။ ဝပ်စီကြုံးရှိ မြန်မာ လက်ရာများ၏ သေသပ်မှုသည် ဥရောပတိုက် သို့တိုင် ထင်ရှားကျော်ဇော၏။ ထိုင်းနိုင်ငံ မြောက်ပိုင်းသို့ရောက်ရှိလာသော ဥရောပမှ ပညာရှင်များပင် ဝပ်စီကြုံး ကျောင်းတော်ရှိ မြန်မာလက်ရာများကို အံ့ဩဘနန်း ချီးမွမ်းခန်း ဖွင့်တတ်ကြ၏။ ဝပ်စီကြုံးကျောင်း၏ မြန်မာမှုလက်ရာများကို ထိုင်းနိုင်ငံ၌ အများကလေးစားခင်မင်သော မင်းသမီး သီရိဒုံ ကိုယ်တိုင် လာရောက် ကြည်ညို လေ့လာခဲ့သော ကျောင်းတော် ဖြစ်၏။ ထိုင်း လူမျိုးများ ကိုယ်တိုင်

က ဝပ်စီကြုံး၏ မြန်မာလက်ရာများကို အမြတ်တနိုးရှိ၍ ထိုင်းနိုင်ငံအတွင်း၌ ဤကဲ့သို့အဖိုးတန်အနုပညာလက်ရာများဆောက်လုပ်ထားသော ကျောင်းတစ်ကျောင်းရှိသည်ကို ထိုင်းတို့က ဂုဏ်ယူကြပါ၏။ ဝပ်စီကြုံးဟူသောအမိပ္ပါယ်မှာ ညောင်ဝိုင်းကျောင်းဟူ၍ အဓိပ္ပါယ် ရရှိပါ၏။ ဝပ်စီကြုံး တည်ဆောက်မှုနှင့်ပတ်သက်၍

**ဝပ်စီကြုံး ခေါ် ဤစီကြုံး ကျောင်းကို ၁၂၆၃ ပြာသိုလဆုတ် ၄ ရက် သနင်္ဂနွေ အချိန်တွင် မြန်မာရဟန်း ဆယ်ပါး ဖြင့် သမုတ် ၍ ဤသိမ်ကို ဦးရွှေအုန်းနှင့်တကွ ဒါယကာ ၁၅ ဦးတို့က စုပေါင်း၍ ကောင်းမှုပြုသည်။**

ဟူသော အမှတ်အသားကို ဤကျောင်းဝင်းအတွင်း၌ ပင်တွေ့ရှိရ၏။

**ထိုအပြင် ကျောင်း၌ တွေ့ရသော အခြားအမှတ်အသားတို့မှာ ကျောင်းတကာကြီး ဦးရွှေအုပ် ကောင်းမှု နိဗ္ဗာန် ဆုသာဓု နတ်လူခေါ်တကာဒါယကာဦးရိုင်းကောင်းမှု တကာအမ မယ်ပေါ် ကောင်းမှု ၁၂၃၀ တပေါင်းလဆန်း ၁၅ ရက်ရေစက်သွန်းချသည်။ ဒါယကာဦးဆောင်ကြီး ဒေါ်ပေါင်းတို့ကောင်းမှုနတ်လူသာဓု ခေါ်စေသော်**

ဟူ၍ဖြစ်ပါ၏။ ဤအမှတ်အသားစာတမ်းကိုကျောင်း၏သိမ်အတွင်း တွေ့ရခြင်းဖြစ်ပါ၏။

ရှေးအခါကလမ်ပန်းမြို့၏ မြို့မျက်နှာဖုံးမှာမြန်မာတို့သာ ဖြစ်ခဲ့ကြရ၏။ ထိုင်းများသည် မြန်မာတို့ လက်အောက်တွင် အလုပ်လုပ်ကြရ၏။ မြန်မာဆိုသည်မှာ အထူးသဖြင့် မွန်များဖြစ်၍ ဦးနာအောက်



ဝဝ်စီကြုံးကျောင်း အဝင်ဝ

အစရှိသော မွန်သူဌေးကြီးများ၏ အဆက်များ ဖြစ်၏။ ဘုံဘေဘားမား သစ်ကုမ္ပဏီသည် ထိုင်းနိုင်ငံမြောက်ပိုင်းမှာ သစ်ထုတ်လုပ်ကြသောခါ အင်္ဂလိပ်တို့သည် အောက်ပြည် အောက်ရွာရှိ မြန်မာတို့ကို ခေါ်၍ အလုပ် လုပ်ကြရာ မြန်မာတို့သည် အမြင်ကျယ်၍ လုပ်ငန်းကျွမ်းကျင်ပြီး တစ်နှစ်၊ နှစ်နှစ် အတွင်း စီပွား ဖြစ်ကြ၏။ ထိုအခါ သစ်ထုတ်လုပ်ရေးလုပ်ငန်းများကို သီးခြားခွဲ၍ လုပ်ဆောင်ကာ အင်္ဂလိပ်တို့ အားသစ်သွင်းကြရာ မြန်မာတို့ ချမ်းသာ လာခဲ့ကြသည် ဟုဆို၏။ ထိုခေတ်ကလည်း ကျောင်းတကာ ခေတ်၊ ဘုရားတကာခေတ် ဖြစ်ပေရာကျောင်းများ ဘုရားများကို အပြိုင် ဆောက်လုပ်လှူဒါန်းကြ၏။ ကျောင်းတကာကြီး တစ်ဦးဖြစ်သူ ဦးရိုး သည် မော်လမြိုင်ဆက်ဖြစ်၏။ သူ၏ သားမက်မှာ ဦးမောင်ကြီးဖြစ်၍ သမီးမှာ မယ်ပေါ ဖြစ်၏။ ဝပ်စီကြုံး၏ မူလ ကျောင်းဆောင်ကြီးနှင့် ဆွမ်းစားကျောင်းကို ကျောင်းတကာ ဦးမောင်ကြီးက သူများတကာထက်သာအောင်ဟုဆိုကာ မန္တလေးမှ ပညာရှင် သုံးယောက်ကို ခေါ်၍ ဆောက်လုပ်ခဲ့၏။ ဦးမောင်ကြီး နှင့် မယ်ပေါတို့သည်ချမ်းသာကြွယ်ဝကြ၍ လမ်ပန်းမြို့ ပေါ်တွင် ကျောင်းတကာကြီးများ၏အပိုင်ဈေးကြီးများပင်ရှိ၏။ လမ်ပန်းတစ်ဝိုက်ရှိလယ်ဧကတစ်ထောင်ကျော်ကိုလည်းပိုင်ဆိုင်သည် ဟုလည်းသိရ၏။

ဝပ်စီကြုံးကျောင်းသည် လမ်ပန်းမြို့စရိချွန်လမ်းပေါ်တွင်ရှိ၏။ ဝပ်စီကြုံး၌ကျယ်ဝန်းသောကျောင်းဝင်းကြီးလည်း ရှိ၏။ ကျောင်းမုဒ်အဝင်ပေါက်ကိုပင် လှပစွာ တည်ဆောက်ထား၏။ ကျောင်းတံတိုင်းကြီးများမှာ မန္တလေးထုံးစံအတိုင်း ခန့်ခန့်ညားညားဝင်းခတ်ထား၏။ ကျောင်းအဝင်မုဒ်ဝတွင် မြန်မာ့လက်ရာဒေါင်းရုပ်၊ ပဥ္စရူပ်ရုပ် စသည်တို့ဖြင့်အင်္ဂတေရုပ်လုံး များဖြင့်မွမ်းမံထား၏။ ဝပ်စီကြုံးကျောင်းအတွင်းသို့ ဝင်လိုက်ပါက ဝင်ဝင်ခြင်း လက်ဝဲဘက်တွင်မြန်မာကုလား



**ဝပ်စီကြုံးကျောင်း မီးလောင်ခံရခြင်းသည် မြန်မာတို့ အတွက် ကြီးမားသော ဆုံးရှုံးမှု တစ်ရပ်ဖြစ်၏။**

တက်တစ်ခုကိုချိတ်ဆွဲထား၏။ လက်ယာဘက်တွင်ကျောင်းနှင့်ပတ်သက်သော ဓါတ်ပုံများပြထားသည့်ပြကွက်များရှိ၏။ ဆက်သွားပါက လက်ယာဘက်တွင် အဓိကကျောင်းဆောင်ကြီးရှိသည်။ အဝင်မုဒ်ဝ နှစ်ခုစလုံးကို သစ်သားပန်းပုများ သရိုးကိုင်မှန်စီရွှေချများနှင့် ကျောင်းကိုမွမ်းမံထား၏။ မုဒ်အဝင်၌တွေ့ရသောသရိုးပန်းများကအနုစိပ်လှ၏။ အတွင်းဘက်၌ ဇာတ်ကြီးဆယ်ဘွဲ့ သစ်သားရုပ်လုံးရုပ်ကြွများဖြင့် မျက်နှာကျက် အမိုးကို မွမ်းမံထား၏။ ထိုအဓိကကျောင်းတော်ကြီးသည် ၁၉၉၁ ခုဒီဇင်ဘာလ ၁၆ ရက်နေ့နံနက် သုံးနာရီတွင်

ရတ်တရက်မီးထ၍လောင်ရာကျောင်းဆောင်မကြီးတစ်ခုလုံး မီးထဲပါ သွား၏။ ထိုဆုံးရှုံးမှုသည်ထိုင်းနိုင်ငံအတွက်ရောမြန်မာနိုင်ငံအတွက် ပါမက မြန်မာ့မှု အနုပညာကဏ္ဍကပါဆုံးရှုံးမှုကြီးဖြစ်၏။ ထိုကျောင်း ကို မူလအတိုင်းပြန်လည်တည်ဆောက်ပါက ဘတ်သန်းပေါင်း ၃၅ သန်း ကုန်ကျမည် ဟုခန့်မှန်းထားကြ၏။

ထိုသို့မီးလောင်စဉ်က ဝပ်စီကြုံးဆရာတော်ကြီး ဦးပညာဝံသ ကိုယ်တိုင်မီးလောင်ခံရပြီး ထိုမီးကို ရှို့မီးလား၊ မတော်တဆမီးလား ဖြစ်သည်ကို မည်သူမျှ ဝေခွဲမရပဲရှိ၏။ ထူးဆန်းသည်မှာ ဝပ်စီကျုံး ကျောင်း နောက်ခံဖြင့် နဂါးငွေ့ရောင်တန်း အမည်ရှိ စိတ်ဝင်စား ဘွယ်ရာရုပ်ရှင် ဇာတ်ကားကို ဝပ်စီကြုံးအတွင်း၌ ပင်လာရောက် ရိုက်ကူးပြီး ထိုင်းတီဗွီမှ ထိုရုပ်ရှင်ကားကိုပြသခဲ့၏။ ထိုဇာတ်ကား နိဂုံးပိုင်းတွင်ဇာတ်လမ်းအရ ဝပ်စီကြုံးကြီးမီးလောင်သည့်အခန်း လည်းပါရှိ၏။ နဂါးငွေ့တန်းဇာတ်ကား ကိုထိုင်းရုပ်မြင်သံကြားမှ တစ်နှစ် နီးပါးပြသပြီးထိုဇာတ်ကားကိုပြသ သည့်နောက်ဆုံးနေ့၌ ဇာတ်သိမ်းချိန်သည်ည ၁၀ နာရီခန့်ဖြစ်ရာ ဝပ်စီကြုံး ကျောင်းသည် နောက်တစ်နေ့လင်းအားကြီးသုံးနာရီချိန်တွင် ရုပ်ရှင်ထဲ တွင်ပြသ သောရိုက်ကွင်းအတိုင်းမီးလောင်ခဲ့သည်ဟုသိရ၏။ ထိုဗွီဒီယို ရုပ်မြင့် သံကြား ဇာတ်လမ်းမှာလည်း ထိုင်းတစ်နိုင်ငံလုံးမှ စောင့်ကြည့်ခဲ့ သောဇတ်ကား တစ်ကားဖြစ်၏။ ထိုတီဗွီဇာတ်ကားသည် ၁၉၉၁ ခု ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အဆုံးသပ်ခဲ့ရာ ဝပ်စီကြုံး ကျောင်းသည် နောက်တစ်နေ့ ဒီဇင်ဘာလ ၁၆ ရက်နေ့နံနက် ၃ နာရီ တွင် ကျောင်းကြီးမီးလောင် သွားခြင်းဖြစ်ရာ မတော်တဆ တိုက် ဆိုင်မှုအတွက် အများက အထူးအဆန်း အံ့သြကြ၏။

ဝပ်စီကြုံးကျောင်းကြီးအတွင်း မြန်မာဟန်မြန်မာမှုနှင့် သိမ်ကြီး တစ်ဆောင်၊ စေတီ တစ်ဆူ အပြင်၊ ရေကန်၊ ပြန့်ပြူးသောမြက်ခင်း

စသည်တို့ဖြင့် မြန်မာဘုန်းတော်ကြီးကျောင်း အင်္ဂါနှင့်ပြည့်စုံသော ကျောင်းတော်ကြီး တစ်ခု ဖြစ်၏၊ ဝပ်စီကြုံးသည် ကမ္ဘာလှည့် ခရီးသည်များ လာ ရောက်ကြည့်ရှုလေ့လာရာ လမ်ပန်း၏ အဓိကနေရာလည်းဖြစ်၏။

ကျွန်တော်တို့ သွားရောက်ခဲ့သော ၁၁. ၄ . ၉၂ ခုနှစ်နေ့က ဝပ်စီကြုံးတွင် ဝပ်စီကြုံးဆရာတော်ကြီး ဦးပညာဝံသ၊ ခရမ်းဆရာတော် ဦးဇောတိက၊ ဦးမုနိန္ဒ၊ ဦးဥက္ကာညာ၊ ဦးရဋ္ဌနှင့် ထိုင်းဦးဇင်းများဖြစ်ကြသော ဦးဝါယမ နှင့် ဦးအာနန္ဒာ အစရှိသော ဆရာတော်များကိုတွေ့ခဲ့ရ၏။

ခရမ်းဆရာတော်ကြီး ဦးဇောတိက သည် ဖြူး မြို့နယ် ကျော်လှရွာ ဇာတိဖြစ်သည်၊ ဆရာတော်သည် ခရမ်း ဓမ္မိကာ ရာမ ရွှေကျင်ကျောင်းတိုက်မှ ပြည်ပသာသနာပြု လုပ်ငန်း အတွက် မြန်မာနိုင်ငံမှ ရောက်ရှိနေသော ဆရာတော်တစ် ပါးဖြစ်သည်၊ သို့သော် မိမိသည် ပြည်ပတွင် သာသနာပြုရန်ထက် ခရမ်းမြို့ တွင် လူငယ်များအား စာသင်ကြားလေ့ကျင့်ပေးမှုသည် ပို၍ အကျိုးရှိ မည်ဟု ဆရာတော် ကယုံကြည်နေပါသည်၊

ဝပ်စီကြုံးတွင် ဆရာတော်ကြီး၏ ခွင့်ပြုချက်နှင့် မြန်မာနိုင်ငံမှ လာရောက်၍ လမ်ပန်းတွင် အင်္ဂလိပ်စာ ကျူရှင်ပေးနေသော အိန္ဒိယ အမျိုးသား ညီအစ်ကို နှစ်ယောက်လည်းရှိ၏၊ အကိုဖြစ်သူ ဦးအောင်သန်းမှာ လွန်ခဲ့သော ၁၈ နှစ်မှ စ၍ လမ်ပန်းသို့ ရောက် ရှိနေပြီး မကြာသေးမီကမှ ညီဖြစ်သူပါ ရောက်ရှိကာ ဝပ်စီကြုံးကျောင်း တွင်း၌ ကျူရှင်ပေးနေကြရာ ၏၊



နဂါးငွေ့ရောင်တန်း ဟူသောရုပ်ရှင်ဇာတ်လမ်း ကို ဝပ်စီကြုံး ကျောင်းတော်ကြီး နောက်ခံဖြင့်ရိုက်ကူးခဲ့ပြီး ထိုရုပ်ရှင်ကား ပြသသော ည၏ လင်းအားကြီး အချိန်တွင် ကျောင်းတော်ကြီး မီးလောင်ခဲ့ရ၏။



**ဝပ်စီကြုံးကျောင်းမီးလောင်ရာ ကျောင်းတန်ဆောင်းတော်ကြီးမှ မန္တလေးခေတ် သေသဏ္ဍာရာဇာတ် ရုပ်ထုကြွမျာ း မီးလောင် ခံရပြီး တွေ့ရစဉ်**

လမ်းပန်းမြို့ရှိ မြန်မာပိုင်ဝပ်စီကြုံးကျောင်းတော်ကြီး မီးလောင် အနုလက်ရာများကို လာရောက်လေ့လာရင်း ဤနေရာသည် ကမ္ဘာ လှည့်ခရီးသည်များလာရောက်ရာ နေရာတစ်ခု ဖြစ်၍ ဝင်ငွေရှိသော ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းဖြစ်၏။ ဝပ်စီကြုံး သည် မြန်မာ အနုလက်ရာတို့ဖြင့် နာမည်ကြီးခြင်း၊ မင်းသမီးကိုယ်တိုင်က အလေးပြုသောကျောင်း ဖြစ်၍ မနာလိုမှုများ ရှိခြင်း၊ ဝင်ငွေရှိခြင်း အစရှိသောအကြောင်းများသည် ကျောင်းကြီး မီးလောင်သော အကြောင်းတရားလားဟု သံသယရှိသူများလည်း ရှိသည်။



**မြန်မာတို့၏ရှားပါးအဖိုးမဖြတ်နိုင်သော လက်ရာတို့ဖြင့် လှပချယ်လှယ်ထားသော ဝပ်စီကြုံးကျောင်းတော်ကြီး ဘာ့ကြောင့် မီးလောင်ရသည်ကို ယနေ့အထိ ခြေခြေမြစ်မြစ် မည်သူမျှ မသိသေးပါ။**

ဘန်ကောက်မြို့တော်တွင် ဝပ်ဒွန်း မြန်မာဘုန်းတော်ကြီးကျောင်း ရှိရာထိုကျောင်းသည်လည်း ရှုမီးကြောင့် မီးလောင်ခဲ့ရာ မြန်မာတို့ အတွက် ဆုံးရှုံးမှုတစ်ရပ် ဖြစ်ခဲ့ရ၏။ ဝပ်ဒွန်ကျောင်းကိုထိုသို့

မီးလောင်ချိန်မှစ၍ သက်ဆိုင်ရာအာဏာပိုင်တို့က ချိပ်ပိတ်ထားခဲ့ရာ ယခုထက်တိုင် မြန်မာတို့လက်ထဲသို့ ပြန်လည်မရရှိပဲ နေခဲ့ပါ၏။

လက်ရှိ ဝပ်စီကြုံးဆရာတော်ကြီးသည် ဦးပညာဝံသ ဖြစ်သည်။ ဝပ်စီကြုံးကျောင်းတွင်ကျောင်းထိုင်ခဲ့သော ဆရာတော်ရှစ်ပါး အထိရှိခဲ့ပြီ ဖြစ်ရာ ဆရာတော်ဦးပညာဝံသ သည် အဋ္ဌမမြောက် ဆရာတော်ကြီး ဖြစ်၏။ သတ္တမမြောက် ဆရာတော်ကြီးမှာ ဦးကေသရ ဖြစ်ပါ၏။ ဝပ်စီကြုံးဆရာတော်ကြီးဦးပညာဝံသ သည် အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာသံဃာတော်များအသင်း၏ အကျိုးတော်ဆောင် ဆရာတော်ကြီး လည်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် ပြည်ပသာသနာပြု အတွေ့အကြုံ ကြွယ်ဝ၍ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ ဆက်လက်တည်တံ့ရေး တို့အတွက် ရှေ့တန်းမှ မားမား မတ်မတ် ဆောင်ရွက်နေသော ဆရာတော် လည်းဖြစ်ပါသည်။

ဆရာတော် ဦးပညာဝံသ သည် ထိုင်းနိုင်ငံမြန်မာဘုန်းတော်ကြီးကျောင်း ၏ ဥက္ကဋ္ဌ ဖြစ်၍ ဒုတိယ ဥက္ကဋ္ဌ မှာ ဇင်းမယ် ဝပ်ဆိုင်းမွန် ဆရာတော်ကြီး ဦးအာသဖ ဖြစ်၏။ ထိုင်းနိုင်ငံ မြန်မာဂိုဏ်း၏ အတွင်းရေးမှူးချုပ်မှာ ထာမအိုးဆရာတော်ကြီး ဦးဓမ္မနန္ဒဖြစ်ပါ၏။



ဝပ်စီကြုံးကျောင်းအတွင်း ရှိစေတီတော်မှာ မြန်မာဟန်၊ မြန်မာ
မှုများပါဝင်၏။

# အခန်း (၅)

# ဝပ်စီကြုံးဆရာတော်ကြီး ဦးပညာဝံသ

ဝပ်စီကြုံးဆရာတော်ကြီးဦးပညာဝံသသည် တောင်ငူခရိုင်ဖြူးမြို့နယ် ကျော်လှရွာ ဇာတိ ဖြစ်သည်။ ကျော်လှရွာသည် ဖြူးမြို့မှ ၆ မိုင်ဝေး၍ သာသနာထွန်းလင်းရာ အရပ်တစ်ခုဖြစ်ပါသည်။ ယခုအခါ ဝပ်စီကြုံးဆရာတော်ကြီးသည် သက်တော် ၈၅ နှစ် ဝါတော် ၆၅ ဝါ ရှိပြီဖြစ်၏။

ဆရာတော်ကြီးသည် ဖြူး၊ ရွှေဘို၊ အမရပူရ၊ မန္တလေး၊ ပခုက္ကူ အစရှိသော အရပ်တို့တွင် ပညာဆည်းပူး ခဲ့သည်။ ဆရာတော်ကြီးက မိမိ သည် ရွှေဘိုတွင်လေးဝါ၊ တောင်မြို့ အမရပူရ မိုးကုတ်ကျောင်းတိုက်တွင် နှစ်ဝါ၊ မန္တလေး ဘုရားကြီးတိုက်တွင် တစ်ဝါ၊ စကုတိုက်

တွင် တစ်ဝါ၊ ပခုက္ကူ မဟာဝိဇရာမ ကျောင်းတိုက်တွင် ခြောက်ဝါ နေထိုင်၍ စာသင်ခဲ့သည် ဟု မိန့်ကြား တော်မူ၏။

ဆရာတော်အား ကျွန်တော်တို့သွားရောက်ဖူးမျှော်သောအခါ ဆရာတော်သည်ဝပ်စီကြုံးမီးလောင်စဉ်က မီးဟပ်သောကြောင့် ၄၅ ရက်ကြာ ဆေးရုံတက်ရပြီး ဆေးရုံမှ ဆင်းလာခါစ အချိန်ဖြစ် ပါ၏။

ဝပ်စီကြုံးဆရာတော်ကြီးသည်အထက်မြန်မာနိုင်ငံ တွင်လှည့် လည်၍ ပညာသင်ကြားဆည်းပူးပြီးနောက် တရားဓမ္မ အားထုတ်ရန် ဟူသော ရည်မှန်းချက်ဖြင့် မဟာစည် သာသနာ့ရိပ်သာ၌ နေထိုင် ခဲ့၏။ မဟာစည် သာသနာ့ ရိပ်သာ၌နေထိုင်စဉ် လှည်းကူးမြို့ မဟာ စည် ကမ္မဋ္ဌာန်းတိုက် ခွဲ၌ ကမ္မဋ္ဌာန်း တရားပြရန် ဆရာတော်တစ်ပါး လိုအပ် သည် ဟုဆို၍ ရန်ကုန်မြို့ မဟာစည် သာသနာ့ ရိပ်သာ မှ တရားစစ်ရန် ဆရာတော်ကြီးသည် လှည်းကူးမြို့သို့ ပြောင်းရွှေ့ သီတင်း သုံး ခဲ့၏။

လှည်းကူးမြို့တွင် တစ်ဝါတိုင်တိုင် ကမ္မဋ္ဌာန်းဆရာအဖြစ် တာ ဝန်ယူပြီး သာသနာ့ရိပ်သာသို့ ပြန်လာခဲ့သည်။ ထိုမှ မော်လမြိုင်မှ ပင့် ဖိတ်ချက် အရ မော်လမြိုင်မြို့ ဆရာတော်ဦးဥာဏ ၏သက်သက် လွတ် ခြံကျောင်းသို့ သွားရောက်သီတင်းသုံးနေထိုင်တော်မူခဲ့သည်။ ဆရာတော်ကထိုအခါ မိမိသည် မော်လမြိုင် သို့လေယာဉ်နှင့် သွား ခဲ့ရကြောင်း၊ လေယာဉ်ခမှာ ၃၄ ကျပ် ကျကြောင်း ၊ သက်သက် လွတ်ကျောင်း မှာသတ်သတ်လွတ်သာ စားရကြောင်း၊ ထိုကျောင်း တွင် တစ်ဝါဆို၍ သီတင်းသုံး နေရာမှ မိမိ သည် မော်လမြိုင် သတိပဋ္ဌာန်ကျောင်းတိုက် မှ ဆရာတော် ဦးပဏ္ဍိတ နှင့် တွေ့ဆုံခဲ့ ကြောင်း၊ ဆရာတော် ဦးပဏ္ဍိတ က စီကြုံး ဆရာတော်ကြီးအား မော်လမြိုင်တောင်ဝိုင်းကြီး ရွှေကျင်တောရ ကျောင်း တစ်ကျောင်း



ဝပ်စီကြုံး ဆရာတော် ဦးပညာဝံသအား မီးလောင်ပြီးကျောင်းတော်ကြီး၏ နောက်ခံဖြင့် တွေ့ရစဉ်၊ ဆရာတော်ကြီးသည် ဝပ်စီကြုံး မီးလောင် ရာတွင် မီးဟပ် သဖြင့် ၄၅ ရက်ကြာ ဆေးရုံသို့ တက်ခဲ့ရ၏။



ဝဝ်စီကြုံးသိမ်

ရှိကြောင်း၊ ထိုကျောင်းတွင် ဆရာတော်အနေနှင့် တစ်သက်ပတ်လုံး ကျောင်းထိုင်ရန် ပန်ကြားခဲ့သည်။ သို့သော်လည်း ဆရာတော်ကြီးသည် တဆက်လုံးတော့ မဆိုသာပါ။ မိမိပျော်သလောက် ကျောင်းထိုင်ပါမည်ဟု ကတိပြုကာ တောင်ဝိုင်းကြီးကျောင်းသို့ပြောင်း၍ သီတင်းသုံး နေထိုင်တော်မူခဲ့၏။

တောင်ဝိုင်းကြီးကျောင်းသည် အနီးဆုံးရွာများနှင့် မိနစ်လေးဆယ် ခန့်ခရီးဆန့်ရသည်။ ဆွမ်းခံသွားပါက အသွား အပြန်နှစ်နာရီ ခန့် ကြာသည်။ ထိုခေတ်က ထိုအနီးအနားတွင် အကြမ်းဖက် ဆူပူသောင်းကြမ်းသူများ လည်းရှိရာ ဆရာတော်က "တို့ကျောင်းကို သူငွေးတွေ မလာဝံ့ကြဘူးကွဲ့" ဟု အမိန့်ရှိပါသည်။

ကျောင်းတွင် သီလရှင် သုံးပါး ရှိ၍ ဆွမ်းအုပ်ယူသောကျောင်းသား သုံးယောက်ရှိသည်။ ဆရာတော်ကြီးသည် ကမ္မဋ္ဌာန်း ဌာနတစ်ခု ဖွင့်၍ တရားပြသည်။ ဗုဒ္ဓသာသနာပြု အဖွဲ့မှလည်း ဆရာတော်ကြီး အား ထောက်ပံ့မှုများ ပြုခဲ့သည်ဟုမိန့်ကြားပါ၏။

ထို့နောက်တော့ ဆရာတော်ကြီးသည် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာ သို့ ဘုရားဖူးသွား ရောက်လိုသောစိတ် ရှိသောကြောင့် ဒကာတစ်ဦး ဖြစ်သော ဦးသန်းမြင့် အား နိုင်ငံကူးလက်မှတ် လုပ်ခိုင်း၍ ဗုဒ္ဓဂါယာ သို့ ဘုရားဖူး ထွက်ခဲ့ကြ၏။

ဆရာတော်မှတ်မိသမျှတော့ဗုဒ္ဓဂါယာမှာဆရာတော်ခြောက်ရက် လောက်နေတယ်။ နောက်တော့ ရာဇဂြိုလ်၊ ကုသိနာရုံ၊ ဗာရာဏသီ၊ သာဝတ္ထိ ဇေတဝန်ကျောင်းတော် စသည့်အရပ်များသို့ ဘုရားဖူး လှည့်လည်ပြီး နယူးဒေလီသို့ ပြန်ခဲ့သည်။ နယူးဒေလီ ရောက်တော့ သံအမတ်ကြီး ဦးကြည်ထံတွင်နှစ်ရက်နေ၍ မဒရပ် သို့သွား၏။ ထိုမှ လေယာဉ် ဖြင့် သီရိလင်္ကာ နိုင်ငံသို့ သွားရောက်ကာ သီရိလင်္ကာ နိုင်ငံ တွင် တစ်လနေပြီး မြို့မ ဆရာတော်နှင့် ဦးသန်းမြင့်တို့သည် မြန်မာပြည်သို့ပြန်သွားကြသော်လည်း ဆရာတော်ကြီးသည်မြတ်စွာ ဘုရား၏ စွယ်တော်ကို ဖူးမျှော်လိုသဖြင့် သီရိလင်္ကာနိုင်ငံတွင် ဗိဇာတောင်း၍ ဆက်နေခဲ့သည်ဟုသိရသည်၊ ထို့နောက် ဆရာတော် ကြီးသည် မြတ်စွာဘုရား၏ စွယ်တော်မြတ်အား အားပါးတရ ဖူးမျှော်ပြီးနောက် ကာလကတ္တား မှတဆင့် ရန်ကုန်သို့ပြန်လာပြီး မော်လမြိုင်မြို့ တောရကျောင်းလေးတွင် တစ်နှစ်၊ မြိတ်မြို့ဘုရားငါး ဆူကျောင်းတွင် တစ်ဝါ နေစဉ် မဟာစည်ဆရာတော်ကြီးက သီတင်း ကျွတ်ပါက သာသနာပြု လုပ်ငန်းများဆောင်ရွက်ရန် ရှိ၍ လာရောက် ရန် အမိန့်ရှိသည်နှင့် သာသနာ့ရိပ်သာသို့ ပြန်လာရောက်လာခဲ့ရ၏။

ထိုအခါမဟာစည် ဆရာတော်ကြီး ကမ္ဘာ့ဗုဒ္ဓသာသနာအဖွဲ့မှ ပြည်ပသာသနာပြုလုပ်ငန်းအတွက် ထိုင်းသို့နိုင်ငံတော် အစီအစဉ် ဖြင့် စေလွှတ်ရန်ရှိသည်။ သာသနာအကျိုးငှာသွားရောက်ပါဟု အမိန့်ရှိသည်နှင့် ဝပ်စီကြုံးဆရာတော်ကြီးသည် ထိုင်းနိုင်ငံသို့ သာသနာပြုခရီးစဉ် အဖြစ်ပထမဆုံး ရောက်လာခဲ့၏။



**လမ်ပန်းမြို့ရှိ မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဖြစ်သောဝပ်စီကြုံးကျောင်း၏ မြန်မာလက်ရာများသည်တစ်ကမ္ဘာလုံးမှ လေးစားရသော လက်ရာများ ဖြစ်၏၊ ယင်းကျောင်းတော်ကြီးသည် ၁၉၉၁–ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက် ၃–နာရီက မီးလောင်သွား၏။**

ဆရာတော်ကြီးနှင့် အတူ ထိုအခါက ပြည်ပသာသနာပြုလုပ်ငန်းအတွက် စေလွှတ်ခြင်းခံရသော ဆရာတော်ကြီးတို့မှာ ဦးကေသရ၊ ဦးပညာဇောတ အစရှိသော ဆရာတော်များဖြစ်၏။ ထိုကဲ့သို့ ထိုင်းနိုင်ငံသို့ရောက်လာကြပြီး နောက် ၂ နှစ်ကြာသော အခါ မြန်မာနိုင်ငံ တွင် ကမ္ဘာအေးဘုရား မဟာပါသဏ လိုဏ်ဂူတော်ကြီး တွင် စတုတ္ထ သံဃာယနာသဘင် ဆင်ယင်ကျင်းပရာ၌ မြန်မာနိုင်ငံတော် အစိုးရက ပြန်ပင့်ပါသဖြင့် သုံးပါးစလုံးမြန်မာ နိုင်ငံသို့ ပြန်ကြွလာခဲ့၏။

သံဃာယနာတင်ပြီးသောအခါ ဆရာတော် ဦးကေသရ သည် ထိုင်းနိုင်ငံသို့ ပြန်မလိုက်တော့ဘဲ မြန်မာပြည်တွင်ပင်နေခဲ့၏။ ထိုအခါ ဆရာတော်ကြီး ဦးပညာဝံသ သည်လမ်ပန်းမြို့ ဝမ်ပါဖန်မြန်မာဘုန်းတော်ကြီးကျောင်းတွင်ကျောင်းဆရာတော်အဖြစ် သီတင်းသုံးနေထိုင်ခဲ့၏။ ပထမ လာရောက်စဉ်က ဆရာတော်ဦးကေသရ သည် ဝပ်စီကြုံး ကျောင်းတွင်ကျောင်းထိုင်ခဲ့သော်လည်းဆရာတော်ဦးကေသရကမြန်မာ နိုင်ငံမှပြန်လိုက်မလာဘဲဝပ်စီကြုံးကျောင်းကိုဆရာတော်ဦးပညာဝံသ အား ဆက်လက်စောင့်ရှောက်ပါရန် ကျောင်းအပ်လိုက်သဖြင့် ဆရာ တော်ကြီးသည် ထိုအချိန်မှစ၍ ဝပ်စီကြုံး ကျောင်းသို့ ပြောင်းရွှေသီတင်းသုံးနေထိုင်ခဲ့သည်။

ဆရာတော်ကြီးသည် အကြောင်း အမျိုးမျိုး တို့ဖြင့် ထိုင်းနိုင်ငံ သို့ သာသနာပြုရေး ရည်မှန်းချက်ဖြင့် ရောက်ရှိလာကြသော ဆရာတော် သံဃာတော်တို့အား ထိုင်းနိုင်ငံ၌ သာသနာပြုရန် နေရာထိုင်ခင်း ကျောင်း သင်္ကန်းများစီစဉ် နေရာချ ပေး၏။ ဝပ်စီကြုံးဆရာတော်ကြီး သည် မုပဲမြန်မာကျောင်း၊ ဖရောင်း

မြန်မာကျောင်း၊ မင်းလုံးကြီး မန္တလေး မြန်မာကျောင်း၊ ဘန်ဝက်
မြန်မာကျောင်း တို့တွင် လိုအပ်သော ကျောင်းထိုင် ဘုန်းကြီး
များကို ရှာဖွေနေရာချထားပေးခဲ့၏။ ထိုသို့ နေရာချ ပေးခြင်း
ဖြင့်ထိုကျောင်းများသည် ယခုအခါတိုးတက် စည်ပင်လျှက်ရှိနေ
ပြီဟုဆရာတော်ကြီးကမိန့်ကြားပါ၏။ ထိုင်းနိုင်ငံရှိမြန်မာဘုန်းတော်
ကြီးကျောင်းများ ၌ မြန်မာ ဘုန်းကြီး အဆက်မပြတ်ရေးသည်
ထိုင်းနိုင်ငံ အတွင်း သာသနာ ပြုလုပ်ငန်း အတွက် အသက်ပင်
ဖြစ်ပါ၏။ ထိုကိစ္စ သည် ပြည်ပ သာသနာပြု လုပ်ငန်းအတွက်
လည်း အသက်တမျှပင် အရေးကြီးလှ ပါ၏။ ပီနန်ဓမ္မိကာရာမ
ဆရာတော် ဦးပညာဝံသ က "ဒကာကြီး ကျုပ်ကမ္ဘာပေါ်မှာ
ဘယ်အရပ် မဆို ဘုန်းတော်ကြီးကျောင်း ဖြစ်ဖို့ အတွက် ဆောင်
ရွက်နိုင်တယ်။ ခက်ခဲတာက ပြည်ပ သာသနာပြု လုပ်ငန်း
အတွက် အရည်အချင်းပြည့်ဝ တဲ့မြန်မာ ဘုန်းတော်ကြီးရရှိ ဖို့ပဲ"
ဟု မိန့်ကြားတော်မူခဲ့ ပါသည်။ ဝပ်စီကြုံး ဆရာတော်ကြီးက
မြန်မာနိုင်ငံမှ အရည် အချင်း ပြည့်ဝ၍ ဖွဲ့ရှိသော ပြည်ပသာသနာ
ပြု သံဃာတော်များ အလိုရှိသည်။ လမ်ပန်းမြို့တွင် အချို့ မြန်မာ
ဘုန်းတော်ကြီးကျောင်းများသည် မြန်မာဘုန်းကြီး မရှိ၍ ထိုင်း
ဘုန်း ကြီးကျောင်းဖြစ်သွားကြရ၏။ အချို့ဘုန်း ကြီးကျောင်းများတွင်
နေကြသော ဦးဇင်းနှင့် ကိုရင်များ နိုင်ငံကူးလက်မှတ် မရှိ၍ ဟုဆို
ကာမြို့အုပ်ဘုန်းကြီးက နှင်လွှတ်၍ဆုံး ရှုံးရသော မြန်မာကျောင်း
လေးကျောင်း ရှိသည် ဟုအမိန့်ရှိ ပါ၏။

ဝပ်စီကြုံးဆရာတော်ကြီးသည် ပြည်ပသာသနာပြုလုပ်ငန်း
ဆောင်ရွက်ခဲ့စဉ်အတွင်း အမေရိကန်၊ ဂျာမဏီ၊ ဂျပန်၊ ဟောင်ကောင်၊
စင်ကာပူ အစရှိသော နိုင်ငံများသို့လည်း သွားရောက်၍ သာသနာ
ရေးကိစ္စများကို ဆောင်ရွက်ခဲ့၏။ ဆရာတော်ကြီးသည်မိမိ၏ဇာတိ



**မီးလောင်သဖြင့် ဆုံးရှုံးသွားသော ဝပ်စီကြုံးကျောင်းတော်အား ပြန်လည်ပြုပြင်ပါက မြန်မာငွေ သိန်း—၁၅ဝခန့်ကုန်ကြမည်ဟုခန့်မှန်းကြပါ၏။**

ဖြစ်သောဖြူးမြို့နယ် ကျော်လှရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဆောက်လုပ်နေရာကျောင်းဆောက်လုပ်ရေးအတွက် ရည်မှန်းစုဆောင်းထားသောဘတ်ငွေတစ်သိန်းခန့်မီးထဲပါသွားသည်ဟု သိရပါသည်။

ဝပ်စီကြုံးဆရာတော်ကြီးသည် မဟာစည်သာသနာ့ရိပ်သာ၌ နေစဉ်ကာလကပင် ကမ္မဋ္ဌာန်းလုပ်ငန်း၌ ဝါသနာအထုံရှိခဲ့ ရာ နိုင်ငံခြားတွင်လည်း ကမ္မဋ္ဌာန်းတရားပြသမှု အလုပ်ကို ရံဖန်ရံခါ ဆောင်ရွက်ခဲ့သည်။ ဆရာတော်ကြီးသည် ထိုင်းများ ကိုသာမက ဂျာမဏီ နှင့် အင်္ဂလိပ် လူမျိုးများကိုပါ ကမ္မဋ္ဌာန်း [illegible]ား ပြသခဲ့၏။ ဆရာတော်ကြီးက မြန်မာ အနုစိတ်လက်ရာတို့ဖြင့် [illegible]းမံ ထားသော ဝပ်စီကြုံးကြီး မီးလောင်ပျက်စီးမှုအတိုင်းအတာကိုသိရှိတော်မူသော်

"ဘယ်တတ်နိုင်ပါ့မလည်း ဒကာကြီး ၊တကယ်တော့ လည်းလောက မြင်မြင် သမျှအရာတွေဟာ မီးစာတွေချည်းပါဘဲလား လို့ကိုယ့်စိတ်ကို မနည်း ဖြေရတာပဲ၊ တစ်နေ့တော့ ငါ့ခန္ဓာသည်ပင်လျှင် မီးစာမြေစာဖြစ်ရမှာ ပါလား ၊အဝဝ အရာရာ တွေဟာ ကိုယ်မပိုင်တဲ့ ဘုံပိုင်တဲ့ တရားတွေ ပါလား ‚ဆိုပြီး ကိုယ်စိတ်ကိုယ် ဆုံးမရတာပဲ၊ဒကာကြီး ရဲ့" ဟုမိန့်ကြားပါ၏။

ဝပ်စီကြိုးဆုံးရှုံး မှုအတွက် ဆရာတော်ကြီး မည်သို့ခံစားရသည်ကို ကျွန်တော်သိရှိရပါ၏။ ဝပ်စီကြိုးကျောင်း ဆုံးရှုံးမှုသည် အမှန်လည်း မြန်မာသာသနာရေးအတွက်ရောရှေးဟောင်းအနုပညာ ယဉ်ကျေးမှုအတွက်ပါ ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပါသည်။ သို့သော် ဝပ်စီကြိုးကျောင်းကို မီးမလောင်မီကပင် မန္တလေးတမ္ပဝတီ ဦးဝင်းမောင် အစရှိသော ပညာရှင်များသည် ပြင်ဆင်မွမ်းမံရန်အတွက် တိုင်းထွာမှုများပြုလုပ် ပြီးဖြစ်ရာ အသစ်ပြန်လည်ဆောက်လုပ်ပါက မြန်မာပညာရှင်များ အနေနှင့် ရှေးလက်ရာမပျက်ဆောက်လုပ်နိုင်သော အနေအထားတွင် ရှိပါ၏။ ထိုင်းအစိုးရအနေနှင့်လည်း အသစ်ပြန်လည်တည်ဆောက်ရေးအတွက် ဆန္ဒများရှိသည်ဟု ကြားသိရပေရာ မြန်မာနိုင်ငံမှ ပံ့ပိုးကူညီမှုများ ဆိုပါကဝပ်စီကြိုးကျောင်းတော်ကြီးအား ပြန်လည်တည်ဆောက်နိုင်မည်ဟု ယူဆရပါ၏။

# အခန်း (၆)

# လမ်ပန်း၏ မြို့ကျက်သရေဆောင်မြန်မာကျောင်း

သမိုင်းအစဉ်အလာများ စိတ်ဝင်စားစရာများနှင့် ခန့်ခန့်ထယ်ထယ် ရှိနေသော လမ်ပန်း မြို့ရှိ မြန်မာ ဘုန်းတော်ကြီးကျောင်းကြီး တစ်ကျောင်း ကား မြို့ကျက်သရေဆောင်ကျောင်းဟု အမည်ရသော ဝပ်စီလောင်းမွန်း ကျောင်းတော်ကြီးပင် ဖြစ်ပါ၏။ ဝပ်စီလောင်မွန်းကျောင်းတော်ကြီးသည် လမ်ပန်း မြို့လမ်းပေါ်ရှိသောကြောင့် တခေါန်နွဲ့ကျောင်း ဟုလည်းခေါ်ကြ၏။ ဝပ်စီလောင် မွန်း၏ နောက်ဘက်တွင်လမ်ပန်း၏ ထင်ရှားသော ဝမ်မြစ်သည် စီးဆင်းလျက်ရှိပါသည်။ ဝပ်စီလောင်မွန်းကျောင်းတော်သည် တကယ့်မြန်မာကျောင်းတို့တွင် ရှိအပ်သော ကြန်အင်လက္ခဏာ တို့ဖြင့်ပြည့်စုံသော ကျောင်းတော်ကြီးတစ်ရပ်ဖြစ်၏။ ခိုင်ခံ့လှပ၍ အတွင်းမွမ်းမံမှုတို့သည်



ဝပ်စီဆလောင်းမင်းကျောင်းအဝင်ဝ



**ထိုင်းနိုင်ငံ လန်းပန်းမြို့၏ ကျက်သရေကို ဆောင်လျက်ရှိသော မြို့ ကျက်သရေဆောင် မြန်မာ ဆွမ်းတော်ကြီးကျောင်း တော် ဝပ်စီလောင်းမွန်း**

ဝပ်စီကြုံးထက်သာလွန်စွာမှန်စီရွှေချသရိုးကိုင်အပြင်အဆင်များဖြင့် မွမ်းမံထားသောကျောင်းဖြစ်သည်။ ကျောင်း အတွင်း၌ ရှစ်ပေပျဉ်၊ ဆယ်ပေပျဉ်ကြီးများကိုခင်းထားရာတချိန်ကထိုင်းနိုင်ငံမြောက်ပိုင်း၏ ကျွန်းသစ် ပေါကြွယ်ဝမှုကိုလည်း ဂုဏ်ယူ ဝံ့ကြွားစွာပြဆို နေပါ၏။

ဝပ်စီလောင်မွန်း၏ ဘုရားဆောင်နှင့် ပင်မဆောင် သည် မှန်စီရွှေချ ကျွန်းတိုင် ၄၉ လုံး ရှိ၏။ မျက်နှာကြက်မှာလည်း အောက်ခံဟသ်ာပြဒါး အနီရောင် ရဲရဲကြီး များသုတ်ထား၍ သရိုးကိုင်မှန်စီရွှေချဖြင့်မွမ်းမံထားသည်။ ဘုရားကျောင်းဆောင်မှ ပလ္လင်များ၊ ဘုရားစင်များကိုလည်း အစိမ်းရောင်၊ အနီရောင်ပန်းများဖော်၍ ရွှေစစ်ပိန်းချထားကြသည်မှာ ကြည်ညိုဘွယ်ရာဖြစ်ပါ၏။ ဝပ်စီလောင်မွန်း ရှိ ဘီဒိုကြီးများ၊ တံခါးဘောင်များ၊ တံခါးရွက်များ ကိုလည်း မြန်မာမှုမြန်မာဟန်များနှင့် လက်ရာမြောက်အောင် မွမ်းမံထားကြမှာ ယခုအခါ ထိုသို့မွမ်းမံမှုများ တို့သည် မြန်မာနိုင်ငံ၌ ပင်ရှားရှားပါးပါး ဖြစ်နေ၏။ ဝပ်စီလောင်မွန်းဘုရားဆောင်၏ အရှေ့ဘက်မှ ကျွန်းတိုင်ကြီးများ ကိုရွှေပိန်းချထား၍ အနောက်ဘက်မှ တိုင်များသည် မှန်စီ ရွှေချ များ ဖြစ်သည်။ ကျောင်းတိုင်များတွင် ဝိဓူရ၊ သုဝဏ္ဏသာမ အစရှိသော ဇာတ်ရုပ်လုံး၊ ရုပ်ကြွများ ကိုလည်းထုလုပ်ထားသည်ကို တွေ့ရ၏။

ကျွန်တော်တို့ မိသားစုသည် ဝပ်စီလောင်မွန်းသို့ ဆိုက်ကားဖြင့် လာခဲ့ရာ ဆိုက်ကားဆရာက မြန်မာများဟုဆို၍ ဧည့်သည်များသဖွယ် ဧည့်ဝတ်ပြု၍ စွာဝပ်စီလောင်မွန်းသို့လိုက်ပို့ပါသည်။ ဆိုက်ကားဆရာက သူ၏ တစ်ယောက်စီးဆိုက်ကားပေါ်တွင် ကျွန်တော်တို့ မိသားစု လေးယောက်ကိုတင်၍လိုက်ပို့ရာ လမ်ပန်းမြို့တွင်း လမ်းတစ်လျှောက် လူများက ကျွန်တော်တို့ဆိုက်ကားအား အထူးအဆန်းသဖွယ် ကြည့် နေ ကြပါသည်။ သို့သော်လည်း သကြိန်တွင်းဆိုက်ကား နှင့် လိုက်လည်သော မိသားစုဟု အောက်မေ့ဟန်တူသည်။ ကျွန်တော်တို့ရောက် ရှိသွားသော အခါ ဝပ်စီလောင်မွန်းတွင် ဆရာတော် ဦးဥာဏဒီပ၊ ဆရာတော် ဦးဝဇိရဗုဒ္ဓိ၊ ဆရာတော် ဦးဥာဏောဘာသ၊ ဆရာတော် ဦးဥာနုတ္တသရ၊ ဆရာတော်ဦးသရသာမိ အစရှိသော ဆရာတော်များ သီတင်းသုံး လျက်ရှိကြ၏။



မြန်မာမှုတို့ဖြင့် ခန့်ညားထယ်ဝါလှသော ဝပ်စီလောင်းမင်းကျောင်းတော်၏ မျက်နှာကျက်

ယခင်က ဤကျောင်းကို တခေါန်နွံ လမ်းပေါ်တွင် တည်ရှိ၍ တခေါန်နွံကျောင်း ဟူသော အမည်တွင်ခဲ့၏။ သို့သော် ထိုင်းရာမ မင်းဆက် (၇)ဆက်မြောက် ဘုရင်မင်းမြတ်သည် ခန့်ညားထည်ဝါ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောဤကျောင်းတော်ကြီးကို ဝပ်စီလောင်မွန်းဟု အမည်ပေးခဲ့၏။

ဝပ် _ အဝါယ် _ အာဝါသ – နေရာထိုင်ခင်း၊ ကျောင်းသင်ခန်း

စီ _ စရီ _ သရီ _ သီရီ – ကြက်သရေ

မွန်း – မြို့

ဝပ်စီလောင်မွန်း – မြို့ကြက်သရေဆောင်ကျောင်း

ထိုကဲ့သို့ မြို့ကြက်သရေဆောင်ကျောင်း ဟုအမည်ပေးခဲ့သော ၇ ဆက်မြောက်ထိုင်းဘုရင်မင်းမြတ်၏ အမှတ်တရ ပုံတော်သည်လည်း ကျောင်းအတွင်း၌တည်ရှိ၏။ ၇ ဆက်မြောက် ထိုင်းဘုရင်၏ အောက်ခံ ဝင် ကို အလှူရှင် ဦးဆန်တိုး က လှူဒါန်းကြောင်း အမှတ်အသား ပြု ထား၏။

ဝပ်ဆီလောင်မွန်းတွင် ကျွန်းပင်ကြီး တစ်ပင်တည်းနှင့် ထုလုပ် ထားသော ဆင်းတုတော် တစ်ဆူကို ထိုင်းများသည် အလွန်ကြည် ညိုစွာဖြင့် ပူဇော်ကန်တော့ကြ၏။ ဝပ်စီလောင်မွန်းကျောင်း၌ ယင်း ကျောင်းဆောက်လုပ် ရေစက်သွန်းချသည့် တရားတော်နာ ဖိတ်ကြား စာတစ်စောင်ကို မူရင်းအတိုင်းတွေ့ရှိခဲ့သည်၊ ကျောင်းရေစက်ချသော နေ့မှာ ၁၂၈၄ ခုနှစ် တပေါင်းလဆန်း ၁၅ ရက် နေ့ဖြစ်၏။ ထိုဖိတ်စာ ကို မန္တလေးမြို့ ရဟိုင်ဈေးမြောက်ဘက် မန္တလေးဘုမ္မိစာ ပုံနှိပ်တိုက် တွင်ရိုက်ကြောင်းပါရှိ၏။ ဖိတ်ကြားစာမူရင်းကို ဤစာအုပ်၏နောက် ပိုင်းတွင် အပြည့်အစုံ ဖော်ပြထား၏။



**ဝပ်စီဆောင်းမွန် ကျောင်းမှ ဆရာတော်များ ဆွမ်းဘုဉ်းပေးနေကြစဉ်**

ထိုဖိတ်ကြားစာ အလိုအရ တခေါန်နွဲ့ရပ် မှန်စီရွှေချကျောင်း၏ အပေါင်းဒကာတို့မှာ—

အရှေ့ဘက် စွယ်တော်ကျောင်းသုံးဆောင် ဒါယကာများသည် ဦးဝရိန္ဒ ၊ ဦးကျောင်းပန်းစုံ နှင့် ရှင်အဲ တို့ဖြစ်ကြသည်၊

အနောက်ဘက်သုံးဆောင်တွဲ ဒါယကာ များသည် ဆရာအိန္ဒ၊ ဆရာဂန္ဓမာ နှင့် ဆရာခတ္တိ တို့ဖြစ်ကြသည်၊

အရှေ့ဘက်ရှိဇည့်ခံဆောင် နှစ်ဆောင်တွဲ ဒါယကာများသည် ကားဦးကံသာ နှင့် ဦးဝဏ္ဏတို့ ဖြစ်ကြသည်၊



**ခုနှစ်ဆက်မြောက် ထိုင်းဘုရင်မင်းမြတ် ပုံတော်ကို ဝပ်စီသောင်း မှန် ကျောင်း၌ တွေ့ရစဉ်ဖြစ်၏၊ ခုနှစ်ဆက်မြောက် ထိုင်းဘုရင် မင်းမြတ် ကိုယ်တိုင်က ဤကျောင်းတော်ကြီးအား လယ်ပန်းမြို့ ၏ ကျက်သရေဆောင် ကျောင်းတော်ကြီးဟု အမည်မှည့်ခေါ် လှူဒါန်းခဲ့၏၊**

ကျောင်းကြီးအလယ်တွင် ရွှေရောင်များဖြင့် ထိန်ဝေပြောင်နေ သောကျောင်းဆောင်ကြီး အရင်းခံတွင် စကြိန်များ တန်းလျားများ လှေကားများ ၊ လှေကား ဆင်ဝင်တို့ ပြင် မီးတင်းကုတ်၊ အုတ်တံတိုင်. အိမ်သာ ကုဋီတို့၏ဒကာမှာ ဦးနန္ဒပေ နှင့် ဦးနန္ဒာနွဲ့ တို့ဖြစ်ကြ၏၊ ထို

အလှူရှင် ဒါယိကာ များသည်ပအိုဝ်အမျိုးသား သစ်လုပ်ငန်းရှင်များ ဖြစ်ကြောင်းသိရ၏၊ သစ်လုပ်ငန်းဖြင့် စီပွားဖြစ်ရာမှ ဝပ်စီလောင်မွန်း ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသည် ဟုသိရသည်၊ ယခုအခါ အထက်ပါကျောင်းဒကာကြီးများ၏ ဆွေမျိုးစဉ်ဆက်တို့က ဆက်လက်စောင့်ရှောက်လျက်ရှိကြောင်းသိရသည်၊ မူလကျောင်း ကို သက္ကရာဇ် ၂၄၄၈ ခုနှစ်တွင် ပြန်၍ ပြုပြင် ခဲ့သည်ဟုသိရ၏၊

ဒေါ်ခန်းလီဆိုလျှင် လမ်ပန်းတွင်ဩဇာတိက္ကမ ရှိ၍ သူဌေးဘွဲ့ ရရှိသူ ကျောင်းဒကာမကြီး ဖြစ်၏၊ ဒေါ်ခန်းလီသည် မြန်မာ အနွယ် အမျိုးသမီးကြီး တစ်ဦးဖြစ်ပြီး ဆွမ်းလောင်းရာတွင် ရဲ အစောင့် အရှောက်များနှင့် ဆွမ်းလောင်းရသည်ဟု ဆိုသည်၊ ကိုယ်ပိုင်ဘဏ် ရှိ၍ ဒေါ်ခန်းလီဘဏ်၏ နောက်တွင်မြန်မာဟူ၍ အမည်ပါရှိသည်၊ ရှေးအခါက ဤဒေသတဝိုက်တွင် မြန်မာဟုဆိုပါက အားလုံးဂုဏ် သရေရှိသူများ ဖြစ်၍ ဦးညွှတ်ဒူးညွှတ်၍ အရိုအသေပေးကြရသည်ဟု ဆို၏၊

ဝပ်စီလောင်မွန်းဆရာတော်များ က ယခင်ကလမ်ပန်း တဝိုက် တွင် သစ်တောကြီးများ အလွန်ထူထပ် စွာရှိသည်၊ ယခု တော စက် ရုံ အလုပ်ရုံများဆောက်လုပ်ခြင်း၊သစ်ပင်များခုတ်ယူမှုများပြားခြင်း တို့ကြောင့် ဤအရပ်၌ရာသီဥတုလုံးဝ ပြောင်းလဲသွားသည်၊ တကယ် လည်း လမ်ပန်းမြို့သည် အလွန်မှပူသော မြို့တစ်မြို့ ဖြစ်နေ၏၊ ကျွန်တော်တို့ ဝပ်စီလောင်မွန်းသို့ သွား ရာတွင် နေပူကို ကြောက်၍ နံနက်စောစောထသွားပြီး ညနေနေဝင်မှ ပြန်ကြရ၏၊ ထိုင်းနိုင်ငံ မြောက်ပိုင်းသည် နေ့လည်ပိုင်းဆိုပါက အရိပ်ထဲမှ အပြင်သို့ ထွက်လို စိတ်မရှိအောင်ပင် ပူပြင်းလှ၏၊ ဆရာတော်များက မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံလောက် သဘာဝဝန်းကျင် ပျက်စီးမှုမရှိသေး၊ အိမ်နီးချင်း နိုင်ငံများ၏ သဘာဝတရားပျက်စီးမှုကြောင့် တွေ့ကြုံရသော ဘေး

အနှ့ရာယ်များကိုကြည့်၍ မြန်မာနိုင်ငံသည်သဘာဝသစ်တောများ၊ သစ်ပင်များကို အထူးတလည်စောင့်ရှောက်ရန် လိုအပ်ကြောင်း မိန့်ကြားခဲ့သည်၊ ဝပ်စီလောင်မွန်းကျောင်းတော်သည် ကျောင်းဝင်းကြီး၏အလယ်တွင် ဆောက်လုပ်ထား၍နှစ်ထပ်ကျောင်းတော်ကြီးဖြစ်၏၊ ကျောင်းဝင်းအတွင်းရှိ သိမ်နှင့်ဘုရားကို ကျောင်း၏အရှေ့ဘက်တွင် တည်ထား၍ ကျောင်းဝင်းအတွင်းရှိ သစ်တို၊ ပိန္နဲ၊ သရက်၊ ထန်း၊ ညောင်၊ အုန်း၊ မဲဇလီအစရှိသော အပင်ကြီးများရှိ၍ ကျောင်း၏ အနောက်ဘက်ထောင့်တွင် သစ်ဆိမ့်ပင်ကြီး တစ်ပင်ရှိ၏၊

သစ်ဆိမ့်ပင်ကြီး၏ အောက်တွင် ဘိုးတော်ကြီး နှင့် မယ်တော်နတ်နန်း တစ်ခုရှိသည်၊ ထိုင်းများက ကျောက်ဖော့နှင့် ကျောက်မယ့်နတ်နန်း ဟုခေါ်ဆိုကြ၏၊ ကျောက်ဖော့ မှာထိုင်းဘာသာ ဖြင့် အဘိုးဖြစ်၍ ကျောက်မယ့်မှာ အဘွားဖြစ်သည်၊ ထိုနတ်နန်းတွင် အချိုကကျောက်ဖော့သာ ရှိသည်ဟုဆို၍ အချို့ကလည်း ကျောက်မယ်ပါရှိသည်ဟုဆိုကြ၏၊

ထိုနတ်နန်းရှိ ကျောက်ဖော့ကြီး နှင့် ကျောက်မယ့် ကြီးတို့၏ ဖြစ်ရပ်က လည်းစိတ်ဝင်စားစရာဖြစ်၏၊ ရှေးအခါက မွန်အမျိုးသား ဆင်ဦးစီး အဘိုးနှင့် အဘွားတို့ရှိကြ၏၊ ယခင်က ဝပ်စီလောင်မွန်းနေရာတစ်ဝိုက်သည် သစ်များချ ရာ ပုံရာနေရာဖြစ်သည်၊ တစ်နေ့တွင် ထိုနေရာ၌ ဆင်ဦးစီး အဘိုးအဘွား တို့ သစ်လုပ်ငန်းကို လုပ်ဆောင် ပြီး ကျောင်းနောက်ဖေးရှိ ဝမ်မြစ်ကို ဆင်ခြောက်ဆယ်ခန့်ဖြင့် ဖြတ်ရာ အဘွားသည် ဆင်ပေါ် မှ မတော်တဆ ကျ၍ ကွယ်လွန်ခဲ့သည် ဟု သိရ၏၊

ဆင်ဦးစီး အဖိုးနှင့်တပည့်များ သည် အဖွားအား သဂြိုဟ်၍ ခုနှစ်ရက်မြောက်သောနေ့တွင် ထိုနေရာမှ ထွက်ခွာရန် ပြင်ဆင်ကြ

ရာ ဆင်များသည် ထိုနေရာမှ လုံး၀ မထွက်ခွာဘဲ ရှိကြသည်ဟုဆို
သည်။ ဆင်များထိုနေရာမှခွာရန် မည်သို့မှမတက်နိုင်သောအခါ အဖိုး
က အဖွားကို စာဆို၍ အဓိဋ္ဌာန်ပြုရာတွင် အဖွားက အနီးရှိ



ဝပ်စီလောင်းမွန်း ကျောင်းဘုရားခန်းမှ ရုပ်ပွားတော်များနှင့်
မှန်စီရွှေချ မြန်မာလက်ရာ ကျွန်းတိုင်ကြီးများ



မြို့ ကျက်သရေဆောင်ကျောင်းဟု ထင်ရှားသော ဝပ်စီလောင်း မွန် မြန်မာ ဘုန်းတော်ကြီးကျောင်း၏ ဘုရားဆောင်တွင် အံ့ ညြလောက်စရာ အနုစိတ် မြန်မာ့ အနုပညာ လက်ရာများကို တွေ့မြင်ရသည်။

သစ်ဆိပ်ပင်ကြီးတွင် နတ်နန်းပြုလုပ်ပေးပါရန် ဝင်ရောက် ပူးကပ်၍ပြောဆိုသည်ဟုသိရ၏။ ထိုသစ်ဆိပ်ပင်ကြီး၌ နတ်နန်းပြုလုပ်၍ အဖိုးက မိမိအနေနှင့် သေလွန်ခဲ့သော်ရောက်ရာအရပ်မှ ဤသစ်ဆိပ်ပင်ကြီးသို့ ပြန်လည်ရောက်အောင်လာမည်ဟု ကတိစကားပြု၍ ထိုနေရာမှထွက်လာခဲ့သည် ဟုသိရသည်။ အဖိုးသည် နောက်သေဆုံးကွယ်လွန်သောအခါ ကျောက်ဖော့ အဖြစ်ဤနတ်နန်း သို့ရောက်ရှိလာကာ ကျောက်ဖော့၊ ကျောက်မယ် နန်းအဖြစ် နေထိုင်လျက်ရှိကြ၏။

ဤနတ်နန်းတွင် ဥပုသ်နေ့တိုင်း သက်သက်လွတ်တင်ကြရ၍ ကျန်နေ့များတွင်ကား ကြိုက်နှစ်သက်ရာ များကိုကပ်၍ဆုတောင်းနိုင်ကြ၏။ ဆုတောင်းဟုဆိုရာတွင် မိမိ ဆုတောင်းလိုသောအကြောင်းအရာများကို စာရေး၍ ကျောက်ဖော့ နှင့် ကျောက်မယ်တို့ အားအရိုအသေ ပြုကာ ထိုစာကို နတ်ဝင်တွင်ထားခဲ့၏။ ထိုစာထဲတွင်မည်သည့်ကိစ္စကို ကျောက်ဖော့ နှင့် ကျောက်မယ့်တို့မှ ကူညီစောင်မပါ၊ ကူညီစောင်မပါက မည်သို့ပူဇော်ပါမည်ဟုဆိုပါက ဆုတောင်းပြည့်ကြသည်ဟုထိုင်းများကယုံကြည်ကြသည်၊ ဥပမာ အားဖြင့် ထိုင်းတွင် အရွယ်ရောက်သူတိုင်း စစ်ထဲသို့ ဝင်ကြရသည်၊ လမ်ပန်းတွင်စစ်ထဲသို့ ဝင်ရန် စာရင်းများပြုလုပ်ပါက ယခုအပတ်မလိုက်လိုပါက ကျောက်ဖော့ နှင့် ကျောက်မယ့် ထံသို့လာ၍ ဆုတောင်းပါက အခေါ်မခံရပဲ ကျန်ရစ်တတ်သည်ဟု ထိုင်းတို့ကယုံကြည်ကြသည်၊ မိမိတို့ တတ်နိုင်သမျှ ပန်းဆက်ကပ်ပါမည် ဟုဆုတောင်းရုံဖြင့် ဖော့နှင့် မယ့်တို့က ကူညီကြသည်ဟု ဆို၏၊ တချို့ကလည်း ယောကျ်ားလေးမွေးပါစေ၊ အချို့ကလည်း ချဲနံပါတ်တောင်းကြ၍ ဥပုသ်နေ့မှ အပ ကျန်ရက်များတွင် ကျောက်ဖော့နှင့်ကျောက်မယ့်တို့၏ သစ်ဆိပ်ပင်ကြီးအောက်ရှိ နတ်ဝင်တွင် သစ်သီးပန်းသီးများ ၊ကြက်ဘဲဝက် အကြော်များ



ဝပ်စီလောင်းမွန်းကျောင်းတော်အတွင်း ရှိ မန္တလေး ဆတ်လက်ရာ ရုပ်ပွားတော်



**ဝပ်စီလောင်းမွန်းကျောင်းဝင်းအတွင်း၌ ၁၃ နှစ်တိုင်တိုင် တစ်ရက် မှ မပျက်ပဲ ညနေတိုင်း ထမင်းလာကျွေးနေသော ထိုင်းဖနီးဆောင်နံ့ အား တွေ့ရစဉ်**

လည်း ပြည့်ကြပ်နေတက်သည့် အပြင်ဖယောင်းတိုင် များလည်း ပြည့်ကြပ်နေကာ ဆုတောင်းထားသည့် စာရွက်များမှာလည်း နတ်စင်တွင် အမြဲပြည့်နေ၏။

ထိုင်းတို့သည် ဝပ်စီလောင်မွန်းရှိကျောက်ဖော့နှင့်ကျောက်မယ့်တို့အား ယုံယုံကြည်ကြည်ဖြင့် ဆည်းကပ်ကြ၏။ ကျောက်ဖော့နှင့် ကျောက်မယ့်တို့သည် ကျောင်းအားလည်း စောင့်ရှောက်ထား၏။

ကျောင်းအတွင်း၌ ဖောနှင့်မယ် တို့စောင့်ရှောက်ထားသော ဖွတ်နှင့် လိပ်များရှိရာ ထိုသတ္တဝါ များကို အန္တရာယ်ပြုပါက ကျောင်းဝင်း အတွင်းမှ မထွက်ခင်ပင် နိမိတ် ပြ၍ တစ်စုံတစ်ခု ထင်ထင် ရှားရှား ကြုံကြရသည်ဟု ဆိုပါ၏။

ဝပ်စီလောင်မွန်း၌ အခြားထူးခြားသော အကြောင်းအရာ တစ်ရပ်မှာ ညနေတိုင်းကျောင်းရှိ ခွေးများကို အစာလာကျွေးသော ထိုင်းဇနီးမောင်နှံ ဖြစ်သည်၊ ထိုင်းဇနီးမောင်နှံ နှစ်ယောက်သည် စီလောင်မွန်းအတွင်းရှိ ခွေးများအား နေ့စဉ် ညနေတိုင်း မိုးရွာရွာ နေပူပူ တညနေမှမလစ်ဟင်းစေဘဲ ၁၂ နှစ် တိုင်တိုင်ထမင်းလာကျွေး ကြသော ဇနီးမောင်နှံ ရှိသည်၊ ထိုဇနီးမောင်နှံသည် ညနေ ၆ နာရီမှ ၇ နာရီ အတွင်း၌ ချက်ပြုတ်ထားသော ထမင်းဟင်းများကိုယူ၍ ကျောင်းရှိခွေးများအားအစာလာကျွေး၏၊ အများအားဖြင့် ဇနီး မောင်နှံနှစ်ယောက်စလုံးလာတတ်၍ တခါတရံခင်ပွန်း သို့မဟုတ် ဇနီး တစ်ဦးတည်းလာ၏၊ မိုးများမည်သို့ပင်ရွာရွာ ရာသီဥတု မည်မျှဆိုးဆိုး ထိုဇနီးမောင်နှံလာရောက်ခွေးစာကျွေးသည်မှာ ၁၂ နှစ်ကာလပတ်လုံး တစ်ရက်မှ မပြတ်ခဲ့ဟု ကျောင်းရှိ ဆရာတော်များက ဆိုပါ၏၊ ကျွန်တော်တို့သည် ထိုနေ့ကတော့ကျောက်ဖေါနှင့်ကျောက်မယ့် တို့ထံ တွင်ဆုတောင်းရင်း ၁၂ နှစ်ကာလပတ်လုံးတစ်ကြိမ်မှမပျက်ကွက်သော ထူးဆန်းသည့်လင်မယားအား စောင့်ကြည့်ရန် ဝပ်စီလောင်မွန်းတွင် နေဝင်သည့် တိုင်စောင့်နေခဲ့၏၊ ထိုနေ့ကထိုင်းဇနီးမောင်နှံသည် ည ၇ နာရီထိုးခါနီး လောက်မှရောက်လာကြ၏၊ ထိုနောက်ပါလာသော ထမင်းထုပ်များကို ဖြေ၍ခွေးများကို ခေါ်ကျွေးမွေးကြ၏၊ ကျွန်တော် က ခွေးများနှင့်အတူ ဓါတ်ပုံရိုက်လိုကြောင်းပြောသောအခါထိုဇနီး မောင်နှံကအရိုက်မခံသောကြောင့် ဇနီးဖြစ်သူကခင်ပွန်းအား ခွေးစာ ထုပ် တစ်ထုပ်ပေးနေပုံကိုသာ ဓာတ်ပုံရိုက် ခဲ့ရ၏၊



**ဝပ်စီလောင်မွန်းကျောင်း အတွင်းရှိ မြန်မာ ဆင်ဦးစီးကျောက်ဖေါ် နှင့် ကျောက်မဲ တို့ရှိရာ သစ်ဆိမ့်ပင်ကြီး အောက်ရှိ နတ်ကွန်း၊ ထိုင်းတို့က အစိဌာန် ပြည့်သည်ဟု အထူးယုံကြည်ကိုးကွယ်ကြ၏။**

ဝပ်စီလောင်မွန်မှ ဆရာတော်များကလည်း ကျွန်တော်တို့အား အထူး ဂရုစိုက်စောင့်ရှောက်ခဲ့ကြ၏။ ညနေစာကို ကျောင်းတွင်ပင် ချက်စားရန် ခွင့်ပြု၍ကျွန်တော်တို့ထမင်းချက်ကြရာဆရာတော်များ ကငါးသေတ္တာ များ၊ ငါးခြောက်ပြားများ၊ ကြက်သွန်၊ ဆီ စသည်တို့ ကိုထုတ်ပေး၏။ ဒကာကြီးတို့ထိုင်းအရသာတွေမကြိုက်ရင် မြန်မာလို ချက်စားကြဟုဆိုပါ၏။ ကျွန်တော်တို့လည်းညနေ ၅ နာရီ ၆ နာရီ တိုင်အပူမကျသေးသဖြင့် ဝပ်စီလောင်းမွန်းတွင် ချွေးတလုံးလုံးနှင့် ထမင်းချက်ကြရာ ဝပ်စီလောင်းမွန်ဆရာတော်နှင့်အတူ နေခဲ့ရသော ထိုနေ့ကိုတော့ကျွန်တော်တို့ ဘယ်တော့မှမမေ့နိုင်ပါ။



မြန်မာ ဆင်ဦးစီး အဖိုး နှင့် အဖွားတို့ ဆောင့်ရှောက်လျက်ရှိသည်ဟုယုံကြည်သော သစ်ဆိမ့်ပင် ကြီး

# အခန်း (၇)

# မြန်မာပြည်တွင်မှ ခေါင်းချလိုသူ ဒေါက်တာတင်အောင်

လမ်းပန်းမြို့သည် ဘာသာတရားကိုင်းရှိုင်းသောမြို့ ဖြစ်၏။ ဆရာတော်၊ သံဃာတော်တို့ဆွမ်း၊ ကွမ်းပြည့်စုံသော မြို့ဖြစ်၏။ မြန်မာဘုန်းကြီးကျောင်း၊ ထိုင်းဘုန်းကြီးကျောင်း၊ မြန်မာဘုန်းကြီး၊ ထိုင်းဘုန်းကြီးဟူ၍ မရွေးပဲဆရာတော်၊ သံဃာတော်တို့အားဆွမ်း၊ ကွမ်း၊ လှူဖွယ်ဝတ္ထုများကို ပြည့်စုံစွာ ကပ်လှူသောမြို့ ဖြစ်၏။ ကျောင်းများ၊ စားစရာသောက်စရာ လှူဖွယ်ဝတ္ထု အစုစုတို့ပြည့်စုံစွာရှိ၍ သံဃာတော်တစ်ပါး နာရီဝက်ခန့် ဆွမ်းခံထွက်ရုံဖြင့် လေးငါးပါးစာရရှိတတ်၏။

ကျွန်တော်တို့ တည်းခိုနေသော ဝပ်ပါဖန် ကျောင်းတွင်ကား ဦးဇဝန တစ်ပါးတည်းသာ ရှိပါ၏။ ၁၉၉၂ ခုနှစ်ဧပြီလ ၁၅ ရက်သင်္ကြန် အတက်နေ့ဖြစ်၏။ ထိုနေ့တွင် လမ်ပန်း၌ ရေသိပ်မပက်ပဲ ကုသိုလ် ကောင်းမှုများကိုပြုလုပ်ကြ၏။ သင်္ကြန်ကာလတစ်ခုလုံးတွင်လည်း တကယ်တော့ ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံ ကဲ့သို့ရေပက်ကြသည် မဟုတ်၊ အလုကားများ၊ ရေပက်ခံကားများထွက် ခြင်း၊ လမ်းများ တွင်တွေ့ရာမြင်ရာ သူတို့ကို ကလေးများရေလောင်းရေ ပက်လေ့ရှိ သော်လည်း ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ ရေပက်ခံမဏ္ဍပ်များ ဆောက်၍ ကြိတ်ကြိတ်တိုး စည်ကားအောင် ကစားကြသည်ကား မဟုတ်၊ မြန်မာနိုင်ငံသည် အခြားအခြားသော အပျော်အပါးများ မရှိသဖြင့်သင်္ကြန် တွင် မီးကုန်ယမ်းကုန် ပျော်ပစ်တတ်ကြသော်လည်း တစ်နှစ်ပတ်လုံးပျော်ရွှင်စရာအပျော်အပါးများ ရှိနေသဖြင့် သင်္ကြန် တွင်တိုး၍ ပျော်ရွှင်စရာမလိုတော့သဖြင့် ခပ်အေးအေးပင် သင်္ကြန် ကိုဆင်နွှဲကြလေသလား ဟုထင်စရာ ရှိပါ၏။ သို့သော်ထိုင်းတို့သည် သင်္ကြန်ကာလ၌အဘိုးအဘွားများကို ကန်တော့ခြင်း၊ ကျောင်းကန် ဘုရားသို့လာရောက်ခြင်း၊ လှူဘွယ်ပစ္စည်းများ ပေးပို့လှူဒါန်းသီလ ယူခြင်းစသည်တို့ကိုပြုလုပ်ကြ၏။

သင်္ကြန်အတက်နေ့တွင် ထိုင်းလူကြီးလူငယ်တို့သည် ဆွမ်းချိုင့်၊ ပန်းစည်း၊ လှူဘွယ်ပစ္စည်းများဖြင့်ကျောင်းသို့ရောက်လာကြ၏။ ထို ကဲ့သို့သော အခါတွင်းနေ့များတွင် ထိုင်းတို့သည်ဘောင်းဘီ၊ စကတ် အစရှိသည်တို့ မဝတ်ဘဲ ထိုင်းလုံချည်၊ အမျိုးသမီးများသည် လုံ ချည်များ၊ မြန်မာအင်္ကျီများဝတ်၍ ကျောင်းသို့လာကြ၏။ ထိုသို့ လုံ ချည်ဝတ်၍လာကြသော ထိုင်းများသည် မြန်မာအနွယ်များဖြစ်ကြ သည်၊ အဘိုးအဘွား တို့က မြန်မာစကားတတ်ကြသည်၊ မိမိတို့ကတော့ စကားမတတ်ကြတော့ဟုဆို၏။ မြန်မာအနွယ် မြန်မာစကား မတတ်

ကြသူများသည် အသက် ၅၀ - ၆၀ ပတ်ဝန်းကျင်ရှိ အမျိုးသမီး အမျိုးသားများ ဖြစ်ကြပေရာ လမ်ပန်းမြန်မာအနွယ်များသည် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် ၇၀ လောက်မှစ၍ မြန်မာနှင့် အဆက် အသွယ်ပြတ်ခဲ့ဟန်တူ၏။ ထိုမြန်မာအနွယ်ထိုင်းများသည် မြန်မာစိတ် လည်းရှိ၍ ထိုင်းစိတ်လည်း ရှိကြ၏။ ထိုမြန်မာအနွယ် ထိုင်းများ ရှိနေခြင်းသည် ထိုင်းနိုင်ငံမြောက်ပိုင်း၌ မြန်မာဘုန်းတော်ကြီးကျောင်း များ ရှိနေရန် ပိုမို လိုအပ်သည့် အကြောင်းအချက်တစ်ရပ်ဖြစ်ပါ၏။ ထိုင်းနိုင်ငံသည်လည်းထေရဝါဒ ဗုဒ္ဓဘာသာကိုကိုးကွယ်သောကြောင့် မြန်မာတို့နှင့် ထေရဝါဒ ကိုးကွယ်သူ အချင်းချင်းဟုဆိုသော်လည်း အချို့နေရာများတွင် ကာလဒေသအရ ကွဲလွဲမှုများ ရှိပါ၏။ ထိုင်း ရဟန်းသံဃာများက ဆံရိတ်ရာတွင် မျက်ခုံးပါရိတ်၍ သင်္ကန်းကို နနွင်းဝါ ရောင်ဝတ်ဆင်ကြ၏။

ထိုင်းများသည် အလွန်ရေစက်ချဝါသနာထုံသောလူမျိုးဖြစ်၏။ ကျောင်းသို့ဆွမ်း၊ သစ်သီး၊ ဖယောင်းတိုင်လေး လာရောက်လှူဒါန်း သည်ကိုပင် ရေစက်ချကြသည်၊ ကျောင်းသို့ တစ်စုံတစ်ရာသွား ရောက်လှူဒါန်းမည် ဟုရည်မှန်း၍ ကျောင်းသို့ လာကတည်းက ရေစက်ချရန် ရေများကိုအိမ်မှ ယူခဲ့ကြသည်၏။ ထိုင်းတို့သည်မြန်မာ ဘုန်းတော်ကြီးကျောင်းများအား သိမ်းယူရန်ဆန္ဒ ရှိကြရာ မြန်မာ ဘုန်းတော်ကြီးကျောင်းများကို ကိုးကွယ်ကြသော မြန်မာဆက်ထိုင်း များကြောင့်လည်း ယခုလောက်ဆက်လက် တည် တံ့နေကြ ခြင်းဖြစ်၏။ ထိုင်းများသည် တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့်စီးပွားရေးပြည့်စုံသူ များဖြစ်ကြရာ ကျောင်းသို့ လာရောက်ကြသော ထိုင်းများသည် ခြေလျင်လာသူမရှိ၊ အနည်းဆုံး မော်တော်ဆိုင်ကယ်များနှင့် ရောက် လာကြသည်၊ အထူးသဖြင့် မိသားစုလိုက် မော်တော်ကားများနှင့် ရောက်လာကြသည်၊ မိသားစုများတွင်လူငယ်များလည်းပါဝင်ကြရာ

ထိုလူငယ်များသည်မြန်မာအနွယ် ဗုဒ္ဓဘာသာ မိသားစု များအတွက် မြန်မာဘုန်းတော်ကြီးကျောင်းများ ဆက်လက် တည်ရှိရေးအတွက် အမွေဆက်ခံမည့်သူများ ဖြစ်ကြပါ၏။ ဥပုသ်လာစောင့်ကြသော ပရိသတ်သည် မိမိတို့ ဥပုသ်သည် အချင်းချင်းငွေစုကာ ဥပုသ်လာစောင့်သူများထဲမှ သက်ကြီးသူတို့အား ပြန်၍ နှစ်သစ်ကူးတွင် ဥပုသ်ဇရပ်၌ ပင်သက်ကြီး ကန်တော့ပွဲများကို ကျင်းပကြသည်မှာ ကြည်နူးစရာ မြင်ကွင်း တစ်ရပ်ဖြစ်ပါ၏။ ဝပ်ပါဖန် ကျောင်းအနီးတွင် မြန်မာ ကျောင်းဒကာ၊ဒကာမကြီး၏အုတ်ဂူများ ရှိရာသက်ကြီးရွယ်အိုတို့အား ကန်တော့ပြီးနောက် သင်္ချိုင်းသို့သွား၍ ကန်တော့ကြ၏။

ကျွန်တော်သည် လမ်ပန်းမြို့၌နေစဉ်အတွင်း မြန်မာ အမျိုးသားများ ဖြစ်ကြသော ဒေါက်တာဦးတင်အောင် နှင့် ဇနီး ဒေါ်မြရီ၊ ဦးစိုးမြင့်၊ ဦးခိုင်၊ ဦးသိန်းထွန်း အစရှိသော မြန်မာများကိုလည်း တွေ့ရ၏။

ဒေါက်တာ ဦးတင်အောင်သည် ဆရာဝန်တစ်ဦးဖြစ်၍ မြန်မာနိုင်ငံမှ ထွက်လာခဲ့ပြီး ယခင်က ပီနန်တက္ကသိုလ်တွင်ခြောက်နှစ်နီးပါးမျှ အလုပ်လုပ်ကိုင်ခဲ့ဘူး၏။ ထို့နောက်ဂျပန်၊ အမေရိကန် အစရှိသောနိုင်ငံများသို့ လှည့်လည် ကာနောက်ဆုံးတွင် ဗုဒ္ဓဘာသာထွန်းကား၍ မြန်မာ အနွယ် ပေါသည့် လမ်ပန်း မြို့လေးတွင် လာရောက်နေထိုင်ကာ အင်္ဂလိပ်စာပြ၍ အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်၏။ ထိုင်းများသည်အင်္ဂလိပ်စာ ညံ့၍ ယခုမှအင်္ဂလိပ်စာကို သင်ယူနေကြသဖြင့် အင်္ဂလိပ်စာ သင်တတ်ပြတတ်သူများ ထိုင်းများ အလုပ် အကိုင်သိပ်မရှားကြပါ။

တစ်နေ့ကျောင်းသို့ ထိုင်းအမျိုးသမီး တစ်ဦးနှင့် သမီးငယ်တစ်ယောက် လာရာ အမေဖြစ်သူနှင့် သူ့သူငယ်ချင်းက မြန်မာပြည်က

စာရေးဆရာဆိုသောကြောင့် တွေ့ပါရစေ၊ လက္ခဏာကြည့်ပေးပါ၊ ဗေဒင်ကြည့်ပေးပါဟုဆိုပါ၏။ မြန်မာဘုန်းကြီး၊ မြန်မာစာရေးဆရာ ဟူသမျှဗေဒင်တတ်ကြသည်ဟု ယုံကြည်နေဟန်ရှိပါ၏။ ပြည်ပသာသနာပြု လုပ်ငန်းတွင် ဗေဒင်တတ်ပါက ချက်ချင်း အောင်မြင်၏။ ဗေဒင်ဆိုသော်လည်း ရှေ့ဖြစ်နောက်ဖြစ်ယတြာချေခြင်းစသော ဗေဒင် မျိုးမဟုတ်ပဲ ဒကာများအားပြဿဒါး၊ ရက်ရာဇာရွေးပေးခြင်း၊ အိမ်ဆောက်ရမည့်ရက်၊ ခရီးထွက်ရမည့်ရက်၊ လာရောက်မေးကြခြင်း၊ အလှူအတန်းရက်များကို ဆရာတော်များ ကတွက်ချက်ပေးခြင်းကို ထိုင်းတွင် မလွဲမရှောင်ဆောင်ရွက်ပေးကြရပါ၏။

ကျွန်တော်တို့ရှိ နေစဉ် မြန်မာစာရေးဆရာ ဝပ်ပါဖန်တွင် ရှိသည်ဟုဆို ၍ နောက်တစ်နေ့တွင်လည်း ထိုင်းအမျိုးသမီးတစ်စု ထပ်၍ရောက်လာပြန် ရာကျွန်တော်သည် ဗေဒင်ကိုအစွဲအလမ်းလည်း မရှိ ယုံကြည်မှုလည်း မရှိသော်လည်း ကြားဘူးနားဝဖြင့်ဟောရာ ချက်ချင်း လူလေးငါးယောက်ဟောရပါ၏။ ဟောရာတွင်လည်းထိုင်းတို့ကမြန်မာဗေဒင်နှင့် ပတ်သက်၍ အထင်ကြီးပြီး ဖြစ်ရာ ပြောသမျှကိုယုံ၏။ သူတို့သည်ကျွန်တော်က အမှားဟောမိမည်ကို စိုးရိမ်၍သူတို့၏ ဇာတ်ကြောင်းများ အဖြစ်အပျက်များ ပြောပြီးမှ ဗေဒင်ဟောခိုင်းရာ ကျွန်တော်အတွက် ဗေဒင်ဟောရသည်မှာ အတော့်ကိုလွယ်ပါ၏။ ထိုင်းအမျိုးသမီးတစ်ယောက်က ကျွန်မ ယောကျ်ားအိမ်ပြန် မလာလို့ ဟောပေးပါဆရာဟုဆို၏။ ကျွန်မကတော့ အပျိုကြီးဆရာ ကြည့်သာဟောပါတော့ ဟုဆိုသဖြင့်သူတို့ စိတ်တိုင်းကျဟောပေးရာ ကျွန်တော်သည် ချက်ခြင်းဗေဒင်ဆရာဘဝသို့ ရောက်ခဲ့ပါ၏။ ထို့ပြင် ဗေဒင်လာမေးသော အမေ၏ ခလေးကို ကျွန်တော်က အင်္ဂလိပ်စာသင် ပေးရာ နောက်တစ်နေ့တွင် အမေနှစ်ယောက်သည် ကျွန်တော် တို့နေသော ဇရပ်ဆောင်သို့ စားစရာများ နှင့် ပြုံတစ်ပြုံတစ်လုပ်၍ရောက်



ဝဝ်ပါဖန်အတွင်း ရှိ ဆူးလေစေတီတော်နှင့် ပုံတော်တူ၍ ကမ္ဘာလှည့် ခရီးသည် နိုင်ငံခြားသားများ လာရောက်ဖူးမျှော်နေသည့် စေတီတော်။

လာကြပါ၏။ မြန်မာတို့ ထိုင်းနိုင်ငံသို့သွားပါက ဗေဒင်ဆရာအင်္ဂလိပ် စာဆရာ အဖြစ်သွားရောက်လျှင် ထမင်းမငတ်နိုင်၊ ကြီးပွားပင် ကြီး ပွားနိုင်၏။ သို့သော် ထိုင်းစကားတတ်ရန်ကားလိုပါ၏။ ဒါလည်းသိပ်ခဲ ယဉ်းလှသည်မဟုတ်။ ထိုင်းများနှင့်နေ၍တစ်နှစ်လောက်လေ့လာလျှင် ထမင်းစားရေသောက်တော့ပြောနိုင်ပါ၏။

လမ်းပန်း၌ နေစဉ်အတွင်းကျွန်တော်တို့အတွက် မိတ်ဆွေရင်းချာရ ရှိခဲ့သူမှာဒေါက်တာဦးတင်အောင်နှင့် ဒေါ်မြရီတို့ ဖြစ်ပါ၏။ဆရာဦးတင် အောင်သည် ဘဝကိုငြိမ်းချမ်းရေးတရားရှာဖွေခြင်းဟုအမိပ္ပါယ်ပေါက် ကာ ဦးတင်အောင်က "ဆရာရယ်ကျွန်တော် တစ်ကမ္ဘာလုံးရောက်ခဲ့ ပါပြီ၊ ဂျပန်၊ အမေရိကန်၊ ဥရောပ ပတ္တရာကမ်းခြေအစုံအထိ ရောက် ခဲ့ပါပြီ။ တစ်ကမ္ဘာလုံးရောက်ခဲ့တော့ ဘာသိရလဲ သိရတာက ဘဝ ဆိုတာ အိုခြင်း၊ နာခြင်း၊ သေခြင်းဘဲ ဆိုတာကိုသိခဲ့ရတာပဲ။ အမေရိ ကန်မှာလဲ အိုတာပဲ၊ နာတာပဲ၊ သေတာပဲ ဥရောပမှာလဲ သေတာ၊ နာတာ၊ အိုတာပါဘဲ။ ဒါပေမဲ့ အမေရိကန်မှာ၊ ဥရောပမှာ အိုရနာရ တာထက် မြန်မာနိုင်ငံမှာ အိုရနာရတာက သက်သာမှု၊ မှီခိုအားထား မှုရှိတယ်လို့ကျွန်တော် ယုံပါတယ်။ အမေရိကမှာအဖြစ်အပျက်တစ် ခုက အဖေကအိုနေ နာနေပါပြီ၊ စရိတ်ကကြီးတော့ ဖခင်အိုကြီးကို ကျွေးမွေးဖို့မတတ်နိုင်ဘူး။ ဒီတော့ဘာလုပ်လဲဆိုတော့အဖေကိုကစား ကွင်းကြီး တစ်ခုထဲခေါ်လာပြီး ပစ်ထားခဲ့တဲ့ ဖြစ်ရပ်တစ်ခု ကြုံခဲ့ဘူး တယ်။ အိုတဲ့လူကို အခြားလူတွေကရှောင်လာတက်ကြတယ်။ အိုတဲ့ လူကို စကားတောင်မပြောချင်ကြဘူး။ အဲဒီလို အိုခြင်း၊ နာခြင်းဆို တဲ့တရားတွေကို ရင်ဆိုင်ဖို့ ကျွန်တော်တို့လင်မယား မြန်မာပြည်ကိုပြန် ရမယ်။ အိုခြင်း၊ နာခြင်း တရားတွေကို ရင်ဆိုင်ဖို့ မြန်မာပြည်ဟာ အ ကောင်းဆုံးနေရာဘဲ။ ငယ်ငယ်ကတော့ ကျွန်တော်ဘောလုံးဝါသနာ

ပါတယ်။ အခုကြီးလာတော့ ဘောလုံးပွဲဆိုတာ လူတွေစုပြီး အပေါက်တစ်ခုထဲ ကိုဘောလုံးတစ်လုံးကို ဝိုင်းသွင်းနေတဲ့အလုပ်လို့ဘဲမြင်လာတယ်။ လက်ဝှေ့ကျွန်တော်ဝါသနာပါတယ်။ ခုတော့ထိုးသတ်နေတဲ့ ပွဲတစ်ခုလို့ပဲမြင်လာတယ်။ အလှမယ်ရွေးပွဲကိုအရင်ကဆိုစောင့်ကြည့်ခဲ့ရတာ၊ အခုတော့အဲဒါကိုလဲ အလှတရားလို့မမြင်တော့ဘူး။ ဇာတိဖြစ်ရခြင်းဟာဆင်းရဲတာပဲ၊ အသက်ကြီးလာတော့ဘာမှ အားကိုးစရာမရှိဘူး။ တရားဓမ္မဆင်ခြင်တာဟာ ထွက်ရပ်လမ်းပဲ၊ ကမ္မဋ္ဌာန်းတရား ဝိပဿနာ တရား ကျင့်ကြံခြင်းဖြင့် မရှူးနိုင်တာ သေချာတယ် ဆရာ၊ ကျွန်တော့ အတွက် မြန်မာပြည်မှာ ခြေချဖို့၊ ခေါင်းချဖို့ အိမ် နေရာလေး တစ်ခု နေစရာလေးတစ်ခု ဖန်တီးလိုပါတယ်။ ကူညီပါ”ဟုဆို၏။

ဒေါက်တာဦးတင်အောင်သည်ကာလအတန်ကြာကပင်ဆေးဝါးကုသမှုကို စွန့်လွှတ်ကာ အင်္ဂလိပ်စာ သင်ပြရင်းဖြင့်သာ အသက်မွေးဝမ်းကြောင်းပြုနေသူဖြစ်၏။ တစ်ကမ္ဘာလုံး လှည့်ကာ အသက်မွေးဝမ်းကြောင်း ခဲ့ပြီး နေစောင်းလာသူတစ်ဦးအတွက် အမြင်ကားမြန်မာပြည်တွင်ခေါင်းချရန်ဖြစ်ပါ၏။

## အခန်း (၈)

## ဝပ်ပါဖန်ဆေါ်သာသနာ့ ဇောတိကာရုံမြန်မာကျောင်းတိုက်

ကျွန်တော်တို့ထိုင်းနိုင်ငံသို့ရောက်ပြီးတည်းခိုနေသည့် ကျောင်းမှာ ဝပ်ပါဖန်ကျောင်းတော်ကြီးဖြစ်၏။ ဤကျောင်းတိုက်ကို ၁၀၉၂ ခုနှစ်ကတည်ထောင်ခဲ့ရာ ယခုအခါအနှစ် ၁၀၀ ပြည့်နှစ်သို့ရောက်ရှိနေပြီဖြစ်၏။ ဝပ်ပါဖန်သည် လမ်ပန်းလေဆိပ်မှမြို့အဝင်လမ်းပေါ်တွင် ရှိ၏။ ထိုလမ်းကို **သနွန်ဆနွန်ပင်** လမ်းဟုခေါ်၏။ **သနွန်** မှာလမ်း ဖြစ်၍ **ဆနွန်ပင်** မှာ လေဆိပ် ဟုအဓိပ္ပါယ်ရပါ၏။ မြန်မာသစ်ကုန်သည်ကြီး ဦးရွှေအတ် ဆောက်လုပ်လှူဒါန်းခဲ့သောကျောင်းဖြစ်၏။



## ထိုင်းနိုင်ငံ လမ်ပန်းမြို့ရှိ ဝပ်ပါဖန်ဆော် သာသနာ့ဇောတိကာ ရုံကျောင်းတိုက်

ဦးရွှေအတ်၏ အနွယ်တို့မှာ ဦးဘတင်၊ ဦးဖိုးမင်း၊ ဒေါ်အေးမေ၊ ဦးအေး၊ ဒေါ်ခင်အေးတင့်၊ ဒေါ်စွန်ဖုန် အစ ရှိသော ကျောင်းဒကာ ဘုရားဒကာကြီးများဖြစ်ကြောင်း သိရပါ၏။ ဝပ်ပါဖန်ကျောင်းတော်ကြီးမှာ လည်း ဘုရား သိမ်ဇရပ် ရေတွင်းရေကန် စသော ဘုန်းကြီးကျောင်းအင်္ဂါရပ် တို့ ပြည့်စုံသောဘုန်းကြီး ကျောင်းတစ်ကျောင်းဖြစ်၏။ ကျောင်းပရဝုဏ်တစ်ခုလုံးအား ခိုင်ခန့်သော အုတ်တံတိုင်းကြီးခတ်၍ ထား၏။ ဤကျောင်းအား မြန်မာအမည်ဖြင့် သာသနာ့ဇောတိကရုံ ကျောင်းတိုက်ဟု ကဗျည်းရေးထိုးထား၏။ ဝပ်ပါဖန် ကျောင်းတော်

ကြီးသည် စိမ်းစိုလှပ၍ ကျောင်းဝင်းအတွင်း၌ဆည်ရေရရှိ၏၊ ကျောင်းပေါက်အဝင်တွင် ထန်းပင်ကြီးများရှိရာနံနက်စောစော ထန်းသီး ကောက်ကြသည်မှာမြန်မာပြည်သို့ အလွမ်းဖြေ စရာဖြစ်ပါ၏၊ ကျောင်းတိုက်အတွင်းသို့ ဝင်လျှင်ဝင်ခြင်း လက်ဝဲဘက် တွင်ဇရပ်မဇရပ်ကြီးတစ်ဆောင်ရှိ၏၊ ထို့နောက် လက်ဝဲဘက်တွင်ပင် လူနေဇရပ်လေးတစ်ဆောင်ရှိသည်၊ ကျောင်းလယ်ခေါင်တွင်ကျယ်ပြန့်သောမြက်ခင်းရှိ၏၊

ဝပ်ပါဖန်ကျောင်းကြီးကား နှစ်ထပ်ကျောင်းကြီးဖြစ်သည်၊ ကျောင်းတွင်အမိုးပြဿဒ်များမရှိသော်လည်း ဘုရားကျောင်းဆောင် ကိုဘုံဆင့်များနှင့် တည်ဆောက်ထား၏၊ ကျောင်းရှေ့တည့်တည့်တွင်ရေထွက်ကောင်းသော ရေတွင်းတစ်တွင်းရှိ၏၊ ကျောင်းဆောင်ကြီးသည် ဇရပ်မျဉ်ကြီးများကိုခင်းထား၍ ကျောင်းတိုက်များသည်သရိုးကိုင်ရွှေချထားသောကျွန်းတိုင်ကြီးများဖြစ်၏၊

ဘုရား၊ သိမ် နှင့် ကန်တို့မှာကျောင်း၏အရှေ့ဘက်တွင်ရှိ၍ စေတီတော်သည် ဆူးလေဘုရားပုံအတိုင်း ရှစ်မြောင့်ထွင်းစေတီ ရှစ်ဆူရှိ၏၊ ဝပ်ပါဖန်၏ရှောက်ဝန်းကျင်တွင် အုန်းပင်များ စိုက်ပျိုးထား၏၊ ကျောင်းဝင်းအတွင်း၌ စကားပင်များ၊ ပုဏ္ဏာရိတ်ပန်းပင်များ၊ ခတ္တာပင်များ၊ ဇန်ဒါပင်၊ သရက်ပင်၊ ငှက်ပျောအစရှိသောအပင်များကိုစနစ်တကျစိုက်ပျိုးထား၏၊ သို့သော်ကျွန်တော်တို့သွားရောက် စဉ်ကာလ၌ ဇရပ်မကျောင်းတော်ကြီးတွင် မြန်မာဆရာတော်လေးတစ် ပါးသာရှိ၏၊ ဆရာတော်လေးမှာ ဦးဇဝန ဖြစ်၏၊ ဦးဇဝနသည် ဝပ်ပါဖန်ကျောင်းသို့ရောက်ရှိလာသည်မှာလည်းမကြာသေးပဲတစ်နှစ်ခန့်သာရှိ၏၊ ဦးဇဝနသည် မြစ်သားမြို့နယ် နတ်လွှဲရွာဇာတိဖြစ်၏၊ အသက် ၁၁ နှစ်သား အရွယ်မှစ၍ ရှင်သာမဏေ ဘောင်သို့ ဝင်ခဲ့ပြီး အသက် ၁၅ နှစ်တွင်အမရပူရ၊ မဟာဂန္ဓာရုံကျောင်းသို့ရောက်ခဲ့ရာ ဂန္ဓာရုံ၌ ၁၃ နှစ်ကြာပညာသင်ကြား၏၊ ဝပ်ထာမအို ဆရာတော်ကြီးက ခေါ်

ယူခဲ့သောကြောင့် ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။ ဆရာတော်ဦး ဇဝန သည် မြန်မာနိုင်ငံ၌ ရှိနေစဉ်ကပင် ထိုင်းဘာသာစကား ကိုသင်ကြားခဲ့ပြီး ထိုင်းနိုင်ငံတွင် တကယ် သာသနာပြုရန် ရည်မှန်းရောက်ရှိနေသော ဆရာတော်တစ်ပါးဖြစ်ပါသည်။

ဝပ်ပါဖန်ကျောင်းတွင် စတင် တည်ဆောက်ခဲ့သည့် နှစ်မှစ၍ ကျောင်းထိုင်ခဲ့သောဆရာတော်တို့မှာ ၁၁ ပါးရှိ၍ ထိုဆရာတော်ကြီးများမှာ -

၁။ ဦးမိုးဒီ
၂။ ကလေးဘုန်းတော်ကြီး
၃။ ဦးရေဝတ
၄။ ဦးဇယန္တ
၅။ ဦးဝါယမ
၆။ ဦးအာသဘ
၇။ ဦးပညာဝံသ ( ယခုဝပ်စီကြုံးဆရာတော်ကြီး )
၈။ ဦးဝန္တိမာ
၉။ ဦးသာသန
၁၀။ ဦးတိလောက ( ယခုစင်ကာပူကျောင်းဆရာတော် )
၁၁။ ဦးဝါသေဋ္ဌ တို့ဖြစ်ရာ ယခုလောလောဆယ်တွင်ဆရာတော်မရှိပဲဆရာတော်ဦးဇဝန က စောင့်ရှောက်ထားခြင်းဖြစ်ပါ၏။

ထိုင်း နိုင်ငံတွင် မြန်မာဘုန်းတော်ကြီးကျောင်းများအား စောင့်ရှောက်ရန်သာသနာပြုရဟန်းများအမှန်လိုအပ်နေပါ၏။ လမ်ပန်း၌ ဝပ်စီကြုံးဆရာတော်ကြီး နှင့် ဝပ်ထာ့မအိုးဆရာတော် ကြီး တို့မရှိ



**ဆွမ်းပို့ရင်း ဆရာတော် ဦးဇဝနထံတွင် ရေစက်ချနေကြသော မြန်မာအနွယ် ထိုင်းလူငယ်များ**

ပါက ဆက်လက် အမွေခံ စောင့်ရှောက်ထိန်းသိမ်းမည့် သံဃာတော် ဆရာတော်များအမှန်လိုအပ်နေပါ၏။ အခြားတစ်ပါးသောနိုင်ငံတွင် သီတင်းသုံးနေထိုင်ရေးမှာကြိုတင်စီစဉ်ရမှုများဘာသာစကားသင်ကြား ရမှုများ ရှိပေရာ ယခုပင် သံဃာတော် ၁၀ ပါးမှ ၁၅ ပါးထက်မနည်းလို အပ်နေပြီးဖြစ်ပါ၏။ ဝပ်စီကြုံးဆရာတော်ကြီးနှင့်ဝပ်ထာ့မအိုးဆရာ တော်ကြီးများ၏နေ့စဉ် ရည်မှန်းဆန္ဒရှိနေသော အရာတစ်ခုမှာမြန်မာ

နိုင်ငံမှ မြန်မာဘုန်းတော်ကြီးများရောက်ရှိရေးပင် ဖြစ်ပါ၏။ အလားတူချင်းမိုင် မြန်မာတို့အခေါ် ဇင်းမယ်မြို့တွင်လည်း ဆရာတော်ဦးအာသဖ မှာစာချသာသနာပြုပုဂ္ဂိုလ်များလိုအပ်သောကြောင့်မြန်မာနိုင်ငံသို့ပြန်လာကာညို နှိုင်းဆောင်ရွက်ခဲ့သည်ဟုသိရပါသည်။ ၁၉၉၂ ခုနှစ်အတွင်း ထာမ့အိုး ဆရာတော်ကြီး ဆရာတော် ဦးဓမ္မနန္ဒကိုယ်တိုင်လည်းမြန်မာနိုင်ငံတွင် ဆက်ခံမည့်သာသနာပြုရဟန်းများရှာဖွေရန် မြန်မာနိုင်ငံသို့ထွက်ခဲ့ဘူးပါ၏။ ၁၉၉၂ ခုနှစ်တွင်းကဆရာတော်ဦးဓမ္မနန္ဒ နှင့်ဆရာတော် ဦးအာသဖ တို့သည်မြန်မာနိုင်ငံသို့အသီးသီးပြန်ကြွခဲ့ရာ ဆရာတော်ကြီးများ နှင့်အတူ မြန်မာအနွယ် ထိုင်းများဘုရားဖူးရန်မြန်မာနိုင်ငံသို့ လိုက်ပါလာခဲ့ကြ၏။ ထိုမြန်မာအနွယ်ထိုင်းများအားနိုင်ငံတော်မှလည်း စနစ်တကျ စောင့်ရှောက်ပြုစုခဲ့ရာကျွန်တော်တို့ လမ်ပန်းသို့ရောက်ချိန်တွင် ယင်းထိုင်းများသည် မြန်မာနိုင်ငံအကြောင်းပြောမကုန်နိုင်အောင်ပင်ရှိ၏။ စိမ်းလန်းနေသောမြန်မာပြည်၊ ဘုရားစုံပေါများ၍ ဖူးမျှော်၍မဝနိုင်သောတန်ခိုးကြီးဘုရားများ၊ မြန်မာတို့၏ ဖော်ရွေပျူငှာ ဝတ်ကျေပွန်မှု တို့ကိုတွေ့ကြုံခဲ့ရသောအချို့ထိုင်းများသည် အဖိုး၊ အဖွား တို့၏ဇာတိနိုင်ငံအကြောင်းပြောပြရင်းမျက်ရည်များပင်ကျကြပါ၏။ ဝပ်ပါဖန်ကျောင်းတွင်ကျောင်းကြီးက ကြီးမားလှသောကြောင့် တစ်ကြိမ် တံမျက်စည်း လှည်းလျှင်ပင် နှစ်နာရီကျော်ကြာ၏။ ကျွန်တော်တို့သည် ပန်းပင်များ ရေလောင်းခြင်း တံမျက်လှည်းခြင်းများပြုကြရ၏။

ဝပ်ပါဖန်ကျောင်း၏ မြောက်ဘက်တွင် ကျောင်းနှင့် ကပ်လျက်ကျောင်းအမ ကျောင်းတကာ များအားထားရှိသဂြိုဟ်သော သင်္ချိုင်းမြေရှိ၏။ ထိုသင်္ချိုင်းမြေတွင် အထိမ်းအမှတ်ကျောက်စာများကို စိုက်ထူထားရာဦးရွှေအတ်၏ အထိမ်းအမှက်ကျောက်တိုင်ကိုလည်းတွေ့ရ၏။

ထိုကျောက်တိုင်တွင် –

**ဤအထိမ်းအမှတ်အောင့်မေ့မှတ်ဖိရန်အဖို့ အင်္ဂလိပ်အစိုးရက ဆောက်လုပ်တည်ထောင်ထားခြင်းသည် နကွန်းလမ်ပန်းမြို့ ဗြိတိသျှဟစ်မင်းကြီးသမာဝိလုကြီး အတိအင်ဘွဲ့ထူးခံ ရွှေတံဆိပ်တော်ရ ဦးရွှေအတ်သည် ကတိသစ္စာတည်ကြည်၍ ၂၂ နှစ် တိုင်အမှုတော်ဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်း ၁၂၈၆ သီတင်းကျွတ်လတွင် တည်ထောင်သည်ဟု မှတ်တမ်းစိုက်ထူထား၏။**

**ထို့ပြင်**

**ဘုရားအမကျောင်းအမ ရဟန်းအမကြီးဒေါ်အေးမေ– အသက် ၉၉ နှစ် ၁၉၈၈ ခု မေလ ၉ ရက်နေ့ကွယ်လွန်ဟူသောမှတ်တမ်းကိုလည်းတွေ့ရပါ၏။**

ဝပ်ပါဖန်ကျောင်း၏ မျက်စောင်းထိုးလောက်တွင် မြန်မာဘုန်းတော်ကြီးကျောင်းဝပ်ချိုင်မောင်ခွန်ဟူသောဇေယျမင်္ဂလာကျောင်း ရှိ၏။

ဝပ် = ကျောင်း
ချိုင် = ချယ = ဇေယျ
မောင်ခွန် = မင်္ဂလာ ဖြစ်ပါ၏။

ထိုကျောင်းသည် ယခုအခါ မြန်မာအနွယ်တို့ လက်ထဲတွင်ရှိနေသေးသည်ဟုဆိုသော်လည်း ထိုင်းကျောင်းတပိုင်းဖြစ်နေ၏။ ကျွန်တော်သည် ကျောင်းဝင်းအတွင်းသို့ သွားခဲ့ရာဝပ်ချိုင်မောင်ခွန်ဆရာတော်နှင့် မတွေ့ခဲ့ရ။



**ဝပ်ပါဗန်အတွင်းရှိ ဆေတီတော်အား မြန်မာအနွယ် ဒါယကာများ ရွှေသင်္ကန်းကပ်လှူရန် ပြင်ဆင်နေကြစဉ်**

ကျောင်းအဝတွင်ကား ပိန်မြောင်းမြောင်း ခြသေ့ံနှစ်ကောင်ရှိရာ ထိုကျောင်းသည်လည်းသစ်ကြီးဝါးကြီးများနှင့်ကျယ်ဝန်းသောကျောင်းကြီးဖြစ်၏။ မူလနှစ်ထပ်ကျောင်းဆောင်ကြီးသည်မြန်မာမှုမှန် စီရွေချ

ကျွန်းတိုင်များနှင့်မြန်မာပန်းကနုတ်များနှင့်ခန့်ညားလှပါ၏၊ ကျောင်းအတွင်းဘုရားဆောင်တွင် ဒေါင်းနှင့် ယုန် အမှတ်တံဆိပ်ပါသောနေနှင့်လ ရထားမှန်စီရွှေချ မြန်မာဟန် များကို တွေ့ရ၏၊ မြန်မာဟန်သိကြား ဗြဟ္မာမင်းတို့၏ ပုံများကိုလည်းတွေ့ရပြီး ထိုကျောင်းရှိကြေးတင်ပလ္လင်ခွေဆင်းထုတော်ပုံသည် မန္တလေးလက်ရာဖြစ်သည်၊ ကျောင်းအတွင်း၌ နုတ်ခမ်းမွေးခေါင်းပေါင်းနှင့် ခန့်ညားသောရှေးမြန်မာကြီးများ၏ ဓါတ်ပုံများကို ချိတ်ဆွဲထားရာ ထိုအထဲမှတစ်ပုံမှာကျောင်းတကာကြီး ဦးရွှေအပ် ၏ပုံဖြစ်မည်ဟုခန့်မှန်းရပါသည်၊

ထိုကျောင်းဝင်းအတွင်း တွေ့ရသော နောက်ပိုင်းဆောက်သည့်အဆောက်အဦးတို့မှာ ထိုင်းပုံစံများဖြစ်၍ တည်ဆောက်လက်စသိမ်မှာလည်းထိုင်းသိမ်ဖြစ်၏၊ ထိုကျောင်းအတွင်း၌ အတ္တုပတ္တိစာတမ်းတစ်ခုကို တွေ့ရှိရာ ထိုကျောင်းသမိုင်းကို ပြည့်စုံစွာ မှတ်တမ်းတင်ထားသည်ကိုတွေ့ရပါ၏၊

**အတ္တုပတ္တိစာတမ်း**
**စီရံတိဌတု သဒ္ဓမ္မော**

**ကွယ်လွန်သူဦးရွှေဇင်သည်လုကွန်းမြို့အေတိအင်အမှုတော်ထမ်းတံဆိပ်တော်ရမင်းဝတ္တကား ဦးရွှေအပ် ၏ သားကြီး ဥတ္တဌ ဖြစ်လေသည်၊ ၎င်းသည် သက္ကရာဇ် ၁၂၃၉ ရတုပြာသိုလဆန်း ၅ ရက်တနင်္လာနေ့တွင်ဇန်ကောက်မြို့၌ဖွားမြင်ပါသဖြင့် သက္ကရာဇ်၁၂၉၉ ခုနှစ်နယုန် လဆန်း ၂ ရက်တနင်္လာနေ့၌ ပင်အသက် ၆၀ ပြည့် ပါသဖြင့်ကွယ်လွန်အနိစ္စရောက်လေသည်၊ ဦးရွှေဇင်သည်ကျော်စောထင်ရှားသောအမျိုးကောင်းသားကုန်သည်ကြီးတစ်ဦးဖြစ်သည့်အားလျော်**



ဆွမ်းချိုင့် လာပို့ရင်း  သီလခံယူ ကြသည့် မြန်မာအနွယ် ထိုင်း အမျိုးသမီးကြီးများ ဆရာတော်ဦးဇဝနထံတွင် သီလခံယူနေ ကြစဉ်

ရွာ အသက်ရှင်နေစဉ်ကာလပညာရှိသူတော်ကောင်းတို့၏ ဝတ္တုများ ကို အမြဲကျင့်သုံး နှလုံးသွင်း၍ ပြုလုပ်တည်ဆောက်သွားသော ဒါန ကုသိုလ် များမှာ ဉာတိသင်္ဂဟများနှင့်တကွ လူကွန်းပြို့ ဝပ်ချိုင်မွန်း

ခွန် (ခေါ်)အောင်မင်္ဂလာကျောင်းတော်ကြီးကိုဝပ်စေတီရေတွင်းရောက်ဇရပ် ကျောင်းပရဝုဏ် အဆောင်းတို့ကို လှူဒါန်း၍ ဝပ်ဇရကျောက်းဆုရားအတွင်း ယခုတိုင် ကိုးကွယ်လျက်ရှိသော ကြေးဆင်းတုရုပ်ပွားတော်ရှစ်ဆူကို ကမကထပြု၍လှူဒါန်းခြင်း၊ ၎င်းဘုရားဝင်းအပြင်ရှိ ယခုအခါ အမျိုးသားကျောင်းပြုလုပ်ထားသောဇရပ်တစ်ဆောင်၊ ပိန်စနလုပ်တွင်မြေယာနှင့်တကွအမျိုးသမီးကျောင်းဆောင်ဟောင်းဆံဖွင်းကျောင်းကူးတံတားဌာနလစ်းဒါနသမုတိသံဃာတော်များ ဈာပနကိစ္စဒါနကိစ္စလေးပါးတို့၏သာသနာဒါယကာအမွေခံများနှင့်တကွမြို့ရေးပြည် ရွာအဖြာဖြာသော လောကီလောကုတ္တရာတို့ကို ကောင်းစွာရွက်ဆောင် လာခြင်းထိုသို့သောဂုဏ်ကျေးဇူးများတို့ကြောင့် လုကွန်းမင်းကြီးဘုရားက မင်းတိုင်ပင်အဖြစ်နှင့် ချီးမြှင့်ရန်အတန်တန်တောင်းပန်သည့် အပြင်အရှေ့ဘက်နိုင်ငံဆိုင်ရာအင်္ဂလိပ်မင်းတို့၏ကိုယ်စားလှယ်တော်ကြီးဝပ်သခင်ဘုရားကလည်း(ဟက်တ် )မင်းရာထူးဖြင့်မဟာမိတ်သားတို့ အားအုပ်စိုးခွင့် ရစေရန်အတန်တန်တောင်းပန်ခြင်းကိုခံရခြင်းဖြစ်လေ၏၊

ထိုကဲ့သို့ အပ်နှင်းသော ရာထူးများကိုပညာရှိသူတော်ကောင်းတို့၏ သဘောထားဖြင့်လက်ခံခြင်းမပြုဘဲနေသော်ငြားလည်းထိုရာထူးနှင့်ဆိုင်သောလုပ်ငန်းများကိုနေ့ညမယုတ်အားထုတ်ကူညီရခြင်းဖြစ်လေသည်၊

၎င်း၏သဘောဆန္ဒမှာနောင်သံသရာအတွက်မြတ်စွာဘုရားသာသနာတော်၏အခြေမူလဒါနသီလသမ္မဌဝိပဿနာဓမ္မတာတလီပါရမီတို့ကိုကြိုးစားအားထုတ်ခြင်းဖြစ်လေသည်၊ ထိုကဲ့သို့ဂုဏ်ထူးကိုကျေးဇူးပညာများစွာရှိသော ဦးရွှေဇင် ၏ အနှစ်ချောက်ခြင်းကိုမိတ်သင်္ဂဟနှင့် တကွ ရဟန်းရှင် လူ အဆောင်းတို့၏ မှီခိုအားထားရာဖြစ်သော



လစ်ပန်းမြို့ရှိ ဝဝ်ပါဝန် မြန်မာဘုန်းတော်ကြီးကျောင်းသို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာကြစဉ်

ကျောင်းတော်ကြီးတစ်ခုလုံး ပြိုပျက်ပြုန်း သကဲ့သို့ ယူကြုံးမရသော ကပရိအေဝ ဖြစ်ပွားကြ၍ ဝမ်းနည်းကြလေသည်၊ ဤကဲ့သို့များလှစွာသော ဒါနဝသီ၊ ခန္တီ၊ မေတ္တာတို့၏ အကျိုးဖြစ် ပတ္တိဒါန အဝိုဆိုကို ထိုထိုသော လူနတ်ဗြဟ္မာသတ္တဝါ တို့အား နိဆေါသ၊ နိဘသ၊ နိဒုတ္တ အဆေါင်းတို့မှ ကင်းကွာကြ၍ ကောင်းကျိုးတရား ကိုခံစားရပြီးလျှင် သုဂတိဘုံမိ နှင့် ဇာတိမင်္ဂလာ ဖြစ်ကြပါစေသောဝ်၊



ဥပုသ်နေ့ အခါတော်နေ့များတွင် မြန်မာ ဘုန်းတော်ကြီးကျောင်းများသို့ ဥပုသ်သီလဆောက်တည်ရန် ရောက်ရှိလာကြသော မြန်မာအနွယ် ထိုင်းများဖြစ်ပါသည်။ မြန်မာအမည်များနှင့် ဖြစ်ကြသော်လည်း မြန်မာစကား မတတ်ကြတော့ပါ။

---

ထိုကုသိုလ်အကျိုးကြောင့် ကောင်းကျိုးတရားခံစားရသော လု တန် ပြုပွ သတ္တဝါအပေါင်းတို့က ပီတိသောမနသ ဖြစ်သည့်အားလျော်စွာ သေလွန်သူဦးရွှေဖင်အား ထိုကောင်းမှုတို့၏အကျိုးမျိုးကိုကောင်းစွာ ခံစားရန် ထူးမြတ်သောဖလနိသယကိုရပါစေသော ဟုသာဓု အနုမောဒနာပြုပါစေသောဝ်။



သင်္ကြန်အတွင်းက ထိုင်းလူကြီးများအား ဥပုသ်ကျောင်းတွင် ပင် လူငယ်များက ကန်တော့နေစဉ်၊ ထိုင်းနိုင်ငံတွင် အလှူပေးခြင်း၊ ကန်တော့ခြင်း၊ တရားဓမ္မဟောကြားခြင်း ပြုပါလျှင် တရားဟောသူနှင့် တရားနာသူတို့ သည် တရားဓမ္မကို လေးစားကြည်ညိုသောအားဖြင့် အပြန်အလှန် လက်အုပ်ချီ၍ သီလပေး သီလယူ ကန်တော့ကြသည်။

## အခန်း (၉)

## ဘန်ဝှစ်ကျောင်းမှ အပြန်ဘန်ကျု့အလှူသို့

ကျွန်တော်တို့သည် လမ်ပန်း၌ ရှိနေစဉ် မြန်မာအနွယ် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ဖြစ်သော ဘန်ဝှစ်ကျောင်းသို့ လည်းရောက်ခဲ့၏။ လမ်ပန်းမှ ဘန်ဝှစ်သို့ ဘတ်(စ်) ကားနှင့်သွားကြခြင်းဖြစ်၏။ ဘတ်(စ်)ကားကို ဝပ်ပါဖန်နှင့် သိပ်မဝေးသော ဆေးရုံရှေ့မှစီးကြရ၏။ ဘန်ဝှစ်သို့သွားရာ ခရီးတလျှောက်တွင် မြင်ကွင်းများက မြန်မာပြည်အတိုင်းဖြစ်၏။ မြေပဲခင်းများ နှင့် ပြောင်းခင်းကြီးများ ကိုတမျှော်တခေါ် စိုက်ပျိုးထားကြသည်ကို တွေ့ရ၏။ ကုက္ကိုလ်ပင်ကြီးများကို

လည်း တွေ့ရပြီး ကုက္ကိုလ်ပင်ကြီးများအောက်တွင် နွားများ အရိပ်ခို နေကြသည့် မြင်ကွင်းက မြန်မာပြည်ကိုလွမ်းစရာဖြစ်၏။

လမ်းခရီး၌ သရက်ပင်၊ လိုက်ချီးပင်၊ မယ်ဇလီ၊ ကသစ် နှင့် မှိုပင်၊ ဝါးပင် များကိုလည်း တွေ့ရ၏။ ပျိုးခင်း များစွာကို တွေ့ရ၍ ပျိုးခင်း များကို ပလပ်စတစ် ဖြင့် မိုးထားကြသည်မှာလည်း ကြည့်ကောင်းလှ၏။ လမ်းတလျှောက် ရွာကားဂိတ်များ၌ ဖရဲသီး၊ ကျွဲကော၊ နာနတ်သီးများရောင်းကြ၏။ နာနတ်သီးက သကြားကဲ့သို့ချို၏။

တဖြေးဖြေးမောင်းလာရင်း မြေပြန့်မှတောင်ပေါ်သို့ရောက် ရှိလာ၏။ တောင်ပေါ်အတက်တွင်ကား ကျွန်း စိုက်ခင်းများကိုတွေ့ရ၏။ ယခင်တစ်နှစ် လာစဉ်က နှင့်မတူ ကျွန်း စိုက်ခင်းများ အတော်တက်လာ၏။ တစ်နေရာတွင် နတ်စင်တစ်ထောင် ဟုခေါ်ဆိုရမည့် နေရာသို့ ရောက်သည်။ လမ်းအကွေ့နေရာတွင်ဖြစ်၍ နတ်စင်အမြောက်အများ ရှိရာ ကားသမားများက နတ်စင်တစ်ထောင်နေရာသို့ဝင်၍ ဦးခိုက်ကြ၏။

ဆက်လာတော့လမ်းဘေးတဖက်တစ်ချက်တွင်ကျွန်းစိုက်ခင်းများ တောမီးလောင်နေသည်ကိုတွေ့ရ၏။ အရှိန်ကျနေဟန် ရှိသော်လည်း ဆက်လောင်နေသေး၏။ ထိုင်းနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဒရောသောပါးလိုက်လုပ်နေသောနိုင်ငံဖြစ်၏။ ထိုင်းတီဗွီတွင်ပတ်ဝန်းကျင်သန့်ရှင်းရေးလိုအပ်ကြောင်းကို မကြာခဏပညာပေးပြသ၏။ ချောင်းများတွင်အမှိုက်များပစ်ခြင်း၊ ဆပ်ပြာရည်များစွန့် ပစ်ပစ္စည်းများဖြင့်ညစ်ညမ်းနေပုံများကို ပြသ၍သန့်ရှင်းစွာနေထိုင်ရန်ပညာပေး၏။ စက်ရုံကြီးများမှစွန့်ပစ္စည်းများဖြင့် ညစ်ညမ်းနေပုံများကို ပြသ



**မြန်မာကျပ်ငွေ သိန်း ( ၂၀ ) ကျော်အကုန်အကျခံ၍ ဆောက်လုပ် ထားသော မြန်မာ အနွယ် ဆန်ဖုစ် ဆွန်းတော်ကြီးကျောင်းအား၊ ဆွန်းကြီးကျောင်းအင်္ဂါလက္ခဏာ အပြည့်အစုံဖြင့် တွေ့ရသည်မှာ တပါးတစ်နိုင်ငံတွင်ကြည်နူးဖွယ်ရာအတိဖြစ်ရပါ၏။**

၍ သန့်ရှင်းစွာနေထိုင်ရန်ပညာပေး၏။ စက်ရုံကြီးများမှစွန့်ပစ်ပစ္စည်းများ၊ စည်သွပ်ဗူးခွံများ၊ သစ်သီးပုတ် များကြောင့်ချောင်းများမြေများပျက်စီးရပုံ၊ ငါးများရောဂါရပုံများကိုလည်း ထိုင်းတီဗွီမှစိတ်ရှည်လက်ရှည်ပညာပေးပါ၏။ သတင်းစာများတွင်လည်းပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်းပါးများမကြာခဏပါရှိ၏။ အရိပ်ရသစ်ပင် တစ်ပင်

ခုတ်လျှော်ကိုယ်ကိုယ့် ကိုကိုယ်ဆွဲကြိုးချသတ်သေသည်နှင့်အတူတူဖြစ်သည်စသည်အထိပညာပေးကြ၏။ ထိုသို့ရေးသားပညာပေးရလောက်အောင်လည်း ထိုင်းနိုင်ငံ၏ပတ်ဝန်းကျင်သည်သဘာဝအတိုင်းမရှိတော့ဘဲပျက်စီးမှုများ ရှိနေ၏။ ဆားချက်လုပ်ငန်းများကြောင့်ပတ်ဝန်းကျင်ပျက်စီးရပုံများကိုလည်း သတင်းစာများတွင်မကြာခဏဖတ်ရ၍ ဆားလုပ်ငန်းရှင်များနှင့် ကျေးရွာရှိလူထုလည်းမကြာခဏပြဿနာ ရှိကြဟန် တူ၏။

ကျွန်တော်တို့သည် တစ်နာရီကျော်ကျော်ခန့်ကားစီးခဲ့ကြသောအခါ ဘန်ဝုစ်ရွာလေးသို့ ရောက်ရှိ၏။ ကားပေါ်မှ ဆင်း၍ ဘန်ဝုစ် ဘုန်းတော်ကြီးကျောင်းသို့ ကြည့်လိုက်သောအခါ မြန်မာဟန်ဖြင့်ထီးတင်ထားသော စေတီတော်ကို ဖူးမြင်ရခြင်းဖြင့် ဤကျောင်းသည်မြန်မာအနွယ် ဘုန်းတော်ကြီးကျောင်းဖြစ်သည်ကို အလွယ်နှင့်သိရ၏။ စေတီ၏ နောက်တွင်ကား ထိုင်းဟန်ဖြင့် သိမ်ရှိ၍သိမ်၏ အနောက်တွင်ဇရပ်ဓမ္မာရုံကြီးကို တွေ့ရ၏။ ပန်းမျိုးစုံ သစ်ပင်မျိုးစုံဖြင့်လှပဝေဆာသော ဤမြန်မာအဆက် မြန်မာအနွယ် ကျောင်းမှာအခြားမြန်မာ ကျောင်းများနှင့်မတူ သက်ဝင်လှုပ်ရှားနေ၏။ ဘန်ဝုစ်ကျောင်းဆရာတော်သည် မြန်မာနိုင်ငံမှ ရောက်ရှိလာပြီး ဝပ်စီကြုံးဆရာတော်ကြီးက ဤကျောင်းတွင် နေရာ ချထားပေးခြင်းကြောင့် ဤကျောင်းသို့ လာရောက်ကျောင်းထိုင်ခဲ့ရာမှ ယခုတော့ဆရာတော်၏ပါရမီ အထူးကြောင့် ယခင်က တောဘုန်းကြီးကျောင်းလေးသည် ယခုတော့ စည်ကားလာ၏။ ဘန်ဝုစ်ဆရာတော်သည် မြန်မာကျောင်းကြီး တစ်ဆောင်ကိုလည်း ဆောက်လုပ်ထားရာ ဘတ်ငွေ လေးသန်းကျော် ကုန်ကျခဲ့သည်ဟု သိရ၏။ ဘန်ဝုစ်မြန်မာဟန်ကျောင်းတော်ကြီးသည် ကျွန်းတိုင်ကြီးများဖြင့် အလွန်လှပ၏။ ကျောင်းကြီးကို



**ဘန်ဝှစ် ဘုန်းတော်ကြီးကျောင်းသည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မြန်မာတို့၏ အနုပညာ ထယ်ဝါမှုကို ရှင်းရှင်းကြီး ပြသထား သလိုရှိရာ အလွန်မှ ဂုဏ်ယူဖွယ်ရာ ဖြစ်ပါ၏။**

မြန်မာကျောင်းမြန်မာဟန်ဖြင့်ဆောက်ထား၏။ ဘုရားခန်းကိုကျောင်းဆောင်ကြီးနှင့် အမိုးတစ်ခုထဲတွင် မထားဘဲ သီးခြားခွဲ၍ထား၏။ အဝင်အဝ ကျောင်းမုဒ်ဦးတိုင်များကို ရွှေစစ်မချပဲ ထိုင်းရွှေပြားများချ၍အလွန်တောက်ပနေခြင်းမှ အပ ဘတ်ဝှစ်ကျောင်းတော်ကြီး သည်



**ဘန်ဝှစ်ဆရာတော်ဘုရား**

ခန်ညားထယ်ဝါလု၏၊ ထိုင်းနိုင်ငံ မြောက်ပိုင်း၏ နေရောင်အောက် ဝယ်ဘန်ဝှစ်ကျောင်းတော်ကြီးမှာ တမျိုးလှပတင့်တယ်နေပါ၏၊

ဘန်ဝှစ်ဆရာတော် သီတင်းသုံးသောကျောင်းပေါ်သို့တက်သော အခါကျောင်းလှေခါးမှနေ၍ သာလိကာလေးတစ်ကောင်က ဆဝါဒီခပ် ဆဝါဒီခပ် ဟူ၍နှုတ်ဆက်ခရီးဦးကြိုပြုပါ၏၊

ကျွန်တော်တို့သည် ဘန်ဝှစ်ဆရာတော်အားကန်တော့၍ကျောင်း ဝင်းအတွင်းလျှောက်၍ကြည့်ကြသည်၊ ဘန်ဝှစ်ဆရာတော်ကမြန်မာ နိုင်ငံဒကာဒကာမများ အကြောင်းကိုမေး၍ ကျွန်တော်ကသိသမျှကို ကျန်းမာကြောင်းပြောပြီး နောက်တစ်နေ့ထပ်မံလာပါမည်ဘုရားဟု



မြန်မာ ဟန်ဖြင့် ဆောက်လုပ်ထားသော သန်ဗစ်သုန်းဆောင်
ကြီးကျောင်း



**ကျွန်းသားတို့ဖြင့် တည်ဆောက်ထား၍ ဧရာဝတီ နေသောယနေ့ ဆိတ်လက်ရာ ဘန်ဝှစ် မြန်မာဘုန်တော်ကြီးကျောင်း**

လျှောက်၍ ထိုနေ့ညနေတွင်ပင်ဘန်ဝှစ်မှ ပြန်ခဲ့ကြ၏။ ဘန်ဝှစ်သည် ယခုအခါ ထိုင်းသံဃာဂိုဏ်းအတွင်း သို့ဝင်ရောက်နေ ထိုင်လျက် ရှိသည်ဟုသိရ၏။ သို့သော်ဆရာတော်ကြီးသည်စေတီတော်ကို သော် လည်းကောင်း၊ ကျောင်းကြီး ကိုသော်လည်းကောင်း၊ မြန်မာဟန်မပျက်ဆောက်ထားရာ ဆရာတော်ကြီး၏ ရင်ဝယ် မြန်မာစိတ်လုံးလုံး ရှိသည်ကား သိသာလှပါ၏။

ထိုနေ့က ကျွန်တော်တို့အတော်မိုးချုပ် မှလမ်ပန်းသို့ ပြန်ရောက်ကြ၏။ လမ်ပန်းသို့ရောက်တော့ဆရာတော်ဦးဇဝနက နောက်တစ်နေ့



**မြန်မာအနွယ်ကျောင်းဖြစ်သော ဘန်ကျူ အလျှ၌ ဆရာတော်ကြီး ဦးဓမ္မနန္ဒတရားနှိုင်းပြင့်စဉ်**

တွင်ဘန်ကျူးရွာ၌ အလှူရှိ၍ထိုရွာသို့သွားကြမည်၊ ဘန်ကျူးသည် ရှေးအခါက မြန်မာများအနေများခဲ့၍ မြန်မာအနွယ်များရှိသည်၊ ဘန်ကျူသည် လမ်ပန်းမှ ၁၇ ကီလိုမီတာခန့်ဝေးသည်ဟုဆိုပါ၏၊



**ထန်းကျူး အလှူမှ မြန်မာအနွယ်ဝင် ထိုင်း ဗုဒ္ဓဘာသာဝင်ရိုးရာ သတ်အား တွေ့မြင်ခဲ့ရစဉ်**

ကျွန်တော်တို့သည် နောက်တစ်နေ့တွင် မြန်မာအနွယ်ထိုင်း ရွာလေးတစ်ရွာသို့သွားရမည်ဆို၍ အတော်ပျော်နေမိ၏။ အမွန်တို့လည်းလိုက်မည်ဟုဆိုသည်၊ ထို့ပြင်ဦးတင်အောင်နှင့်ဒေါ်မြရီတို့ကလည်းလိုက်မည်ဟုဆို၍ နောက်တစ်နေ့တွင်ဆရာတော်ဦးဇဝန အပါအဝင် ဝပ်စီလောင်မွန်း၊ ဝပ်စီကြုံးတို့မှ ဆရာတော်များနှင့် ကျွန်တော်တို့သည် ဘန်ကျူးသို့ထွက်ခဲ့ကြပါ၏။



**ထန်ကျူး ဘုန်းတော်ကြီးကျောင်း အတွင်းရှိ အလှူ ဆွမ်းစံ မဏ္ဍပ်**

သကြိန်တွင်းမို့ လမ်းတွင် ကျွန်တော်တို့ ကားအား သံပုံးနှင့်ရေ ပက်သွင်းလိုက်ရာ တစ်ကားလုံးစိုရွှဲကုန်ကြသည်။ အမွန်နှင့် အတူအခြားမြန်မာအနွယ်ထိုင်းအဖွား နှစ်ဦးလည်းပါ၏။ အဖွားတို့က ကျွန်တော်တို့နှင့် ခရီးသွားရသည်ကို ပျော်ရွှင်ကျေနပ်နေကြ၍ကျွန်တော်



**ဒေါက်တာဦးတင်အောင် ဇနီးဖြစ်သူ ဒေါ်မြင့်ရီ နှင့် ကျွန်တော်တို့ မိသားစု**

ကျွန်တော်တို့ရောက်သော် ငါးပါးသီလခံယူ၍ နမောတဿသုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့ပြီး ဝပ်ထာ့မအိုးမှ ဆရာတော်တစ်ပါးကတရားဟော၏။ တရားဟောပြီးသောအခါ တရားနာပရိသတ်အား ပရိတ်ကြိုးနှင့်ပတ်၍ ထိုပရိတ်ကြိုးကို သံဃာတော်များက ကိုင်၍ ပရိတ်ရွတ်တော်မူ၏။

ပရိတ်တရားနာပြီးသောအခါ ကြွလာသော ဧည့်ပရိတ်သတ်အား ထမင်းကျွေး၏။ ဟင်းမှာ ဝက်သားဟင်းဖြစ်၍ ဝက်သနီချက်ဖြစ်၏။ ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဝက်သနီချက် အတော်ချက်ကြ၏။ အချိုနည်းနည်းပါသည် မှအပ စားချင်စဖွယ်ဖြစ်၏။ ဝပ်စီကျုံးဆရာတော်

ကြီးကဝက်သားကို ဇီးဖြူသီးခြောက်နှင့် ချက်စားရာတွင် တောင်မြို့ဆရာတော် ဦးပညာ၏ ဝက်သားလေးဟင်းချက်ပင်ဖြစ်၏။ ဝက်သနီချက်မှာလည်းအမရပူရချက်အတိုင်းဖြစ်ရာ အမရပူရခေတ် စားတော်ကဲများထိုဒေသ တိုင်ရောက်ခဲ့လေသလားဟု ကျွန်တော်စဉ်းစားမိခဲ့ပါ၏။ ရောက်ခဲ့ပုံလည်းရ၏။ မြင်ကွန်းမင်းသားကြီးသည် လူသူစုဆောင်းရာတွင် အမရပူရသား အချို့မင်းသားထံ ဝင်ရောက်ခိုလှုံခဲ့ကြ၏။

ကျွန်တော်တို့ မိသားစုနှင့်ဦးတင်အောင်တို့ဇနီးမောင်နှံက ထမင်းတစ်ဝိုင်းစားကြရာ အိမ်ခံ အလှူဒကာ ဒကာမတို့ကမြန်မာနိုင်ငံနှင့်လမ်းပန်းမှလာသောဧည့်သည်များအဖြစ်အထူးဂရုစိုက်၍ ကျွေးမွေးပါ၏။ ရွာမှ အမျိုးသမီးအများစုမှာ ထဘီဝတ်ထားကြ၏။ အမွန်သည်လည်းထဘီရင်ဖုံးအင်္ကျီတို့ဖြင့်ကြည့်ကောင်းလှပါ၏။ ဘန်ကျူ ရွာသို့ရောက်ခဲ့သော ခဏတွင်ကျွန်တော်သည်ထိုင်းနိုင်ငံထဲမှရွာတစ်ရွာသို့ရောက်နေသည် ဟုမထင်၊ အညာရွာတစ်ရွာမှအလှူတစ်ခုသို့ရောက်နေသည်ဟုပင်ကျွန်တော်ခံစားမိခဲ့၏။ ကျွန်တော်သည်ဤအရပ်မှဟင်းအချက်အချို့မန္တလေးအမရပူရစစ်ကိုင်းချက်များနှင့်သွားတူနေသည်ကို အံ့သြနေမိ၏။

# အခန်း (၁၁)

# လမ်ပန်းလွမ်စေတီတော်ကြီး

ကျွန်တော်တို့ဘန်ကျူ အလှူမှအပြန်တွင် အမွန်တို့အဖွဲ့က ကျွန်တော်တို့အား လမ်ပန်းလွမ်ဓါတ်တော်စေတီတော်ကြီးသို့ ဘုရားဖူးရန် ပို့ပေးပါ၏။ လမ်ပန်းလွမ် ဆိုသည်မှာ လမ်ပန်းကြီးဟုအဓိပ္ပါယ်ရသည်ဟုဆို၏။ လမ်ပန်းလွမ်သည် လမ်ပန်းမြို့ဟောင်းဟုလည်းဆို ကြ၏။ ကျွန်တော်တို့လမ်ပန်းလွမ်းစေတီတော်ကြီးသို့ရောက်တော့နေ့လည်တစ်နာရီထိုးနေပြီဖြစ်ပါ၏။ သို့သော်ဘုရားဝင်းအတွင်း၌ရှိသော ဇရာမမန်းကျည်းပင်ကြီးများကြောင့်အရိပ်ခိုစရာများကို ရရှိပါ၏။ လမ်ပန်းလွမ်စေတီတော်ကြီးသည် ထိုင်းဟန်အဆောက်အဦးများ၊ ဘုရားပုထိုးများ၊ အဆောက်အဦးကြီးငယ်များနှင့်ရှေးဟောင်းမြို့တစ်မြို့သို့ပြန်၍ရောက် သွားရသည့်အလေားခံစားရပါ၏။ ထိုင်းလက်ရာဟန်ပန်များ

*The history of Wat Pra Tat Lampang Luan*



လမ်ပန်းလွယ်စေတီတော်ကြီး

သည်မြန်မာတို့နှင့်နီးစပ်သောကြောင့်မြန်မာမြို့ဟောင်းတစ်ခုသို့ရောက်ရှိသွားရသကဲ့သို့ခံစားရ၏။

လမ်ပန်းလွမ်စေတီတော်ကြီး၏ကျောင်းဆောင်များ ဝိဟာရများသစ်ပင်ကြီးများတွင်သီးခြားသမိုင်းဆိုင်ရာများရှိ၏။ ဤစေတီတော်ကြီးတွင် မြတ်စွာဘုရား၏ခြေရာတော်များလည်း ရှိပါ၏။

လမ်ပန်းလွမ်တွင် နံ့ရံပန်းချီများလည်း ရှိ၏။ ယတြာချေ ဘုရားလည်း ရှိသည်။ လမ်ပန်းလွမ်စေတီတော်ကြီးသည် ထိုင်းနိုင်ငံမြောက်ပိုင်း၏ဆုတောင်းပြည့်စေတီတော်တစ်ဆူလည်းဖြစ်ပါ၏။

လမ်ပန်းလွမ်စေတီတော်ကြီးအတွင်း၌ ဇရာမသစ်ပင်ကြီးတစ်ပင်ရှိ၏။ ဤသစ်ပင်ကြီး၏ သမိုင်းမှာရှေးအခါကဒေသခံတစ်ဦးသည်ဘုရားအားဆွမ်းကပ်ရန်ပျားရည်၊ အုန်းသီးနှင့်သစ်သီးဝလံများထည့်၍ ထမ်းပိုးဖြင့်ထမ်း၍ အမြဲဆက်ကပ်ခဲ့ရာ တစ်နေ့တွင်ယင်း ထမ်းပိုးကြီးကိုလမ်ပန်းစေတီတော်ကြီး၏ဝင်းအတွင်းယခုနေရာ၌ထောင်ထားရာ ထိုထမ်းပိုးမှ ဤသစ်ပင်ကြီးပေါက်ခဲ့ခြင်းဖြစ်၍ မြင့်မြတ်သောအပင်အဖြစ်အလေးအမြတ်ပြုကြ၏။

ဤလမ်ပန်းလွမ်စေတီတော်ကြီး၏ သမိုင်းကိုယ်တိုင်က အလွန်မှစိတ်ဝင်စားဘွယ်ရာဖြစ်၏။ အေဒီ ၄၅၇ ခုဝန်းကျင်ကဝပ်မွန်ဒွန်တာအို အမည်ရှိကျောင်းတော်တွင်အကျင့်သိက္ခာနှင့်ပြည့် စုံ၍ကြည်ညိုဖွယ် ရာကောင်းပြီးဦးတေရဟုအမည်ရှိသည့်ရဟန်းတော် တစ်ပါးရှိ၏။ ထို ရဟန်းမြတ်အားကြည်ညိုသဒ္ဓါပွား၍နေ့စဉ် သစ်သီးဝလံများကိုကိုယ်တိုင်စိုက်ပျိုး၍ ဆွမ်းသစ်သီးလှူဒါန်းသော အမျိုးအမီးဒကာမကြီးတစ်ဦးရှိ ၏။ ဗုဒ္ဓဘာသာဝင်တို့အဖို့ကောက်ပဲသီးနှံစိုက်ပျိုးစားသောက်ခြင်းသည် သူတစ်ပါးအသက်ကိုသတ်ခြင်းကင်းသဖြင့်သမ္မာအါ



**ထိုင်းတို့၏ စီးမျှောပွဲ**

ဇီဝအလုပ်မည်ပါ၏။ ဒကာမကြီး၏အမည်မှာ ဆူချာဒါဖြစ်၏။ တစ်နေ့တွင်ဆူချာဒါသည် ဗုဒ္ဓမြတ်စွာ ဘုရား၏စွယ်တော် ဌာပနာထားရာ စေတီတော်ကြီးနှင့်ဆရာတော်အား ပူဇော်ရန်ပန်းများကို လိုက်လံခူးစဉ်မိမိ၏စိုက်ပျိုးခြံထဲ ရှိဖရဲခင်းမှမကြုံစဖူး အထူးလှပသည့် ဖရဲသီးကြီးတစ်လုံးကိုတွေ့ရ၏။ ဆူချာဒါသည်ထိုဖရဲသီးကြီးကို ဆွတ်ခူး၍ ရိုသေကြည်ညိုစွာဖြင့် ပထမဘုရားတင်၍ စွန့်ပြီးသော် ဆရာတော်အား ကပ်လှူပူဇော် လေ၏။ ထိုနောက် ထိုဖရဲသီးအား ခွဲစိတ်သောအခါထိုဖရဲသီးအတွင်းမှ အလွန်အရည် အသွေးကောင်းမွန်သည့် ကျောက်စိမ်းတုံးကြီးတစ်လုံးကိုတွေ့ခဲ့ရ၏။ ဆရာတော်နှင့်ဒကာမကြီး ဆူချာဒါတို့သည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့်ထိုကျောက်စိမ်းတုံးကြီး

ထိုင်းနိုင်ငံရှိမြန်မာဘုန်းတော်ကြီးကျောင်းများ



ထိုင်းဘုန်းတော်ကြီးကျောင်းတစ်ကျောင်း

ကိုယုတ်ယူကြပြီး ထိုကျောက်စိမ်းတုံးဖြင့်ဗုဒ္ဓဆင်းတုရုပ်ပွားတော်တစ်ဆူထုလုပ်ပူဇော်ရန်ဆုံးဖြတ်ခဲ့ကြ၏။ ထိုသို့ဆုံးဖြတ်ပြီးဆင်းတုတော်ထု ရန် ပညာရှင်များအား ရှာဖွေရာ ကျောက်စိမ်းတုံးမှာအလွန်မာကျော သဖြင့်မည်သူမျှ မထုနိုင်ပဲရှိရာ ဆရာတော်နှင့်ဆူချာဒါတို့မှာ ကာလ အတန်ကြာသည်အထိ မိမိတို့အကြံအစည်မအောင်မြင်ပဲရှိခဲ့၏။ တစ်နေ့တွင် အဘိုးအို တစ်ဦး ရုတ်တရက်ရောက် လာပြီး ထိုကျောက်စိမ်းတုံးအား ဗုဒ္ဓဆင်းဆုတော်အဖြစ်မိမိထုလုပ်နိုင်သည်ဟုဆိုရာထို အဘိုးအိုအားအပ်လေလျှင် ထိုအဘိုးအိုသည်ကျောက်စိမ်းတုံးကြီးအားကြည်ညိုဖွယ်ရာဆင်းတုတော်အဖြစ်ထုလုပ်ခဲ့သည်ဟုဆို၏။ အမှန် စင်စစ်ထိုအဘိုးအိုမှာ သိကြားမင်းကိုယ်တိုင်လူယောင်ဖန်ဆင်း၍လာရောက်ခဲ့ခြင်းဖြစ်သည်ဟုဆိုပါ၏။

ဆင်းတုတော်ကြီးကို ကျောက်စိမ်းတုံးဖြင့် ထုလုပ်ပြီးသောအခါ အရပ်ရပ်တို့မှလူတို့သည်လာရောက်ကြည်ညိုကြရာ မနာလိုသူအချို့က ဆရာတော်ကြီး နှင့် ဒကာမဆူချာဒါတို့အားသမုတ်ပြောဆို၍ မြို့စား အားတိုင်တန်းကြလျှင် အဆင်ခြင်ကင်းသောမြို့စားသည် ဆရာတော် နှင့် ဆူချာဒါအားဖမ်းဆီးရန်အမိန့်ထုတ်ခဲ့၏။

ဆရာတော်သည် မြို့စားမင်း ထုတ်သည့် အမိန့်ကို မနာခံဘဲ ကျောက်စိမ်းဘုရားအားယူ၍ ယခုလမ်ပန်းလွမ်စေတီကြီး ရှိရာ ဝပ်ဖရားတက်လမ်ပန်းလွမ်း သို့ထွက်ပြေးရောက်ရှိလာပြီးဘုရားအား ဌာပနာ၍စေတီတော်တည်ထားခဲ့၏။

ဒကာမကြီးဆူချာဒါကမူ မြို့စားလက်တွင်အဖမ်းခံရ၍ကျောက်စိမ်းတုံးနှင့် ဘုန်းတော်ကြီးအားရှာခိုင်းရာမရှာနိုင်သဖြင့်ဒကာမကြီးဆူချာဒါကို မြို့စားက သတ်ပစ်လိုက်၏။





လူကြီးမိဘများနှင့်
ထိုင်းလူငယ်တို့၏
အရိုအသေ

## ထိုင်းနိုင်ငံ မြောက်ပိုင်းမှ နဝါးလက်ရာ

ထိုသို့သတ်ပစ်လိုက်သောခဏတွင်ထူမ်၏ကိုယ်မှထွက်သောသွေးများသည် ကောင်းကင်ယံသို့ ပန်းတက် သွားပြီး ကောင်းကင်ကြီးမှာလည်းနီရဲသော ကောင်းကင်ကြီးဖြစ်သွားခဲ့၏။ ထို့ကြောင့် ဒကာမကြီးဆူချာဒါသည် အပြစ်ကင်းသူအဖြစ်သိသာရုံသာမက ဒကာမကြီးသည်မြင့်မြတ်သောကောင်းကင်ဘုံသို့ ရောက်ရှိသွားသည်ဟုယုံကြည်၏။



**လမ်ပန်းလွယ်စေတီတော်အတွင်းရှိ ပြတိုက်ရှေ့တွင် မြန်မာအမျိုးသမီးကြီးများဖြစ်သော အမွှန်ကို မြန်မာထသီ၊ မြန်မာရင်ဖုံးတို့တွေ့ရစဉ် (အမွှန် ဝဲအစွန်မှ)**

ယခု လမ်ပန်းလွမ်စေတီကြီး ကျောက်စိမ်းတုံးဖြင့်သိကြားမင်း ထုလုပ်သော ဘုရားကို ဌာပနာ၍ တည်ထားသော ဆုတောင်းပြည့်ဘုရားဖြစ်ကြောင်း သိရပါ၏။ လမ်ပန်းလွမ်စေတီသည်လမ်ပန်းပြည်နယ်ကိုခါခရိုင်လမ်ပန်းလွမ် ကျေးရွာတွင်တည်၍ လမ်ပန်းမှအနောက်တောင်ဘက် ၁၈ ကီလိုမီတာ အကွာတွင်ရှိပါ၏။ လမ်ပန်းလွမ်စေတီတော်နှင့်အတူရှိနေသောဝပ်ဖရား တက်ကျောင်းတော်သည်ထိုင်းတို့၏ရှေးအလွန်ကျသောကျောင်းတော်ရာ တစ်ခုဖြစ်ပါ၏။

ဝပ်ဖရာတက်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဥာဏ်တော် ၆ လက်မခွဲခန့်ရှိသည့်ချီအန်ဆာအင်ဆေတ် (၁၀၅၇–၁၇၅၇) အဒေဒီ



မြတ်စွာဘုရားအား ကပ်လှူရန် ပျားရည်၊ အုန်းရည်နှင့် သစ်သီးဝလံ များထည့်၍ ထမ်းလာသော ထမ်းပိုးကို လမ်ပန်းလွမ် စေတီတော် အတွင်း ထောင်ထားရာမှ အပင်ပေါက်လာသည့် သစ်ပင်ကြီး၊ ထိုင်းလူမျိုးတို့သည် ၎င်းသစ်ပင်ကြီးအား မြတ်စွာဘုရားပေးအပ်သော သစ်ပင် ဟုအလွန်မှ အလေးအမြတ် ပြုကြ၏။



ထိုင်းကလေးများကို ထိုင်းမြောက်ပိုင်း၌တွေ့ရစဉ်

ခေတ်လက်ရာ မြဘုရား တစ်ဆူရှိ၏။ အလွန်ကြည်ညိုသပ္ပါယ်ဖွယ်ရာဖြစ်၍ကျွန်တော်တို့သည်ရှေးခေတ်လက်ရာမြဘုရားအား ကိုယ်တိုင်ကိုယ်ကျ အားပါးတရ ဖူးမျှော်ကြရပါ၏။ ထိုင်းရိုးရာအရနှစ်ဆန်းတစ်ရက်နေ့ဖြစ်သောနှစ် စဉ်ဧပြီလ ၁၃ ရက်တိုင်းတွင်ဘုရားပွဲတော်ကျင်းပပြီးအဆိုပါ မြဘုရားကို မြို့တွင်းသို့ ဒေသစာရီလှည့်လည်ပူဇော်ခဲ၏။ ထိုသို့ဒေသစာရီလှည့်လည် အပူဇော်ခံခြင်း ဖြင့်မြို့သူမြို့သားများအန္တရာယ်ကင်းဘေးရှင်း၍ကောင်းကျိုးအဖြာဖြာတိုးပွားစေသည် ဟုယုံကြည်ကြ၏။ အဆိုပါ မြဘုရားမှာ မြသားအစစ် မဟုတ်ဘဲ အဆင့်မြင့် အရည်လောင်းကျောက်စိမ်းတုံးကိုထုလုပ်ထားခြင်းဖြစ်၏။ ရှေးကထိုင်းလူမျိုးသို့သည် အစိမ်းရောင်အဖိုးတန်

ကျောက် မှန်သုမျှကို မြဟုခေါ်ကြသဖြင့် ယခုတိုင်မြဘုရားဟုတွင် ရစ်နေခြင်း ဖြစ်ကြောင်းသိရ၏။

ကျွန်တော်တို့သည် လမ်ပန်းလွမ်စေတီတော်ကြီးအား ဖူးမျှော်ပြီးကပ်လျက်ရှိသော ဝပ်ဖရားတက်ဘုန်းတော်ကြီးကျောင်းသို့ဝင်ကြ၏။ ကျောင်းအတွင်း၌ ထူးခြားသောအဆောက်အဦများ စွာရှိ၏။ ဗုဒ္ဓဝိဟာရ ဟုအမည်ပေးထားသောကျောင်းဆောင်မှ ၁၀ မီတာ ၂၂ ဒသမ ၅ မီတာရှိ၍ လွန်ခဲ့သောအနှစ် ၇၀၀ က အဆောက်အဦဟုဆိုကြ၏။ ဤကျောင်းအတွင်းရှိ ဗုဒ္ဓခြေရာတော်ကို ၁၁၄၉ ခုနှစ်က လမ်ပန်းမြို့စားကြီး တည်ခဲ့သည်ဟုသိရ၏။ ကျောင်းဝင်းအတွင်း၌ ရှေးဟောင်းပြတိုက်တစ်ခုကိုလည်း တွေ့ရပြီးပြတိုက်အတွင်း ၌ ရာမ

**ရှေးထိုင်းတို့၏ ရိုးရာအိမ်**





**ထိုင်းနိုင်ငံမြောက်ပိုင်းမှ ငွေထည်လုပ်ငန်း**

**မ**င်းဆက်ဘုရင်တို့၏ စစ်ခမောက်များ သေနတ်များနှင့်အခြားအသုံးအဆောင်းများကိုပြထားပါ၏။ ပြတိုက်တွင် ၁၀ ပေခန့်ရှိသောရှမ်းအိုးစည်ကြီး တစ်လုံးကိုလည်း တွေ့ရပြီး အိုးခွက်ပန်းကန်အမျိုးမျိုး၊ ကြွေပန်းကန်များ ပန်းပုလက်ရာများ၊ ရှေးဟောင်းဘုရားများနှင့် လမ်ပန်းလွမ်ဆရာတော်ကြီး၏ပုံတော်ကိုလည်း ဖူးမျှော်ရပါ၏။

ကျောင်းဝင်းအတွင်း၌ ဇောဓိပင်တစ်ပင်လည်း ရှိ၏။ ဇောဓိပင်ကို တုတ်များ၊ သစ်သားများနှင့်ဝိုင်း၍ထောက်ထားကြ၏။ ကျောင်းသို့ဝင်ပါက ဇောဓိပင်အား တစ်စုံတစ်ရာဖြင့် ထောက်ပေးခြင်းဖြင့်ကုသိုလ်ရသည်ဟုယုံကြည်ကြဟန်တူပါ၏။ ကျွန်တော်တို့သည်အလှူခံပုန်းများထဲသို့အလှူငွေများထည့်၍ အားပါးတရပူဇော်ကြည့်ရှုပြီးဇရပ်



သင်္ကြန်အခါအတွင်း မြန်မာအနွယ်ထိုင်းများ ဗုဒ္ဓဆင်းတုတော်အားလာရောက်၍ ရေသပ္ပာယ်ကာ ကုသိုလ်ကောင်းမှုများပွားများလျက်ရှိစဉ်

တစ်ဆောင် တွင်အနားယူကြ၏၊ ကျောင်းအဝင်အဝ တွင်တော့ဒါချို ရည်ဆိုင် ရှိရာ ကျွန်တော်တို့သည်အချိုရည်လည်းသောက် ခဲ့ကြသည်၊ အမှန်က ကျွန် တော်တို့အား လမ်ပန်းလွမ်စေတီ ကြီးအကြောင်းနှင့် ဝပ်ဖရာတက်ကျောင်း တော်ကြီးကြောင်းကိုလွမ်းချင်စဖွယ်ပြောပြရာ ဆရာတော်ကဘာသာ ပြန်ပြောပြပါ၏၊

ကျွန်တော်တို့သည် လမ်ပန်းလွမ် စေတီတော်ကြီးမှ လေးနာရီ လောက်မှ ပြန် ခဲ့ကြ၏၊ လမ်ပန်းသို့ရောက်သော် အမှန်နှင့် သူ့အဖော် များ၏အိမ် ဝပ်စီလောင်မွန်းမှ ဆရာတော်များ၊ ဝပ်စီကြုံးမှဆရာ တော်များကိုကားတစ်ပတ် ပတ်၍ပြန်ပို့ကြပြီး ကျွန်တော်တို့သည် ထို နေ့က နေဝင်ရီတရောမှ ဝပ်တရောမှဝပ်ပါဖန်သို့ပြန်ရောက်ကြပါ၏၊

# အခန်း (၁၁)

## ဇင်းမယ်မှဝပ်ဆိုင်မှန်မြန်မာကျောင်း

မြန်မာတို့ကဇင်းမယ်ဟုခေါ်သောချင်းမိုင်သည် ထိုင်းနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်၏။ ဇင်းမယ်သည် ထိုင်းတို့၏ရှေးမြို့ဟောင်းတစ်မြို့လည်းဖြစ်သည်။ ဇင်းမယ်တွင် ကျုံးမြို့ရိုးနှင့်နန်းတော်ဟောင်းရှိ၏။ ချင်းမိုင်ကို ၁၂၉၈ ခုနှစ်က ဘုရင် မန်းရိုင်းကထူထောင်ခဲ့၍ ၁၆ ရာစုတိုင်သီးခြားနိုင်ငံတော် ဖြစ်လာခဲ့၏။ အယုဒ္ဓယ ခေတ် သို့ ရောက်သောအခါတွင် ချင်းမိုင်သည် ထိုင်းတို့ လက်အောက်သို့ ကျရောက်ခဲ့၏။ ထိုင်နိုင်ငံတွင်ယခုတော့ဇင်းမယ်သည်လည်းကမ္ဘာလှည့်ခရီးသည်တို့ဖြင့် အလွန်စည်ကားသောမြို့တစ်မြို့အဖြစ်သို့ ရောက်ရှိနေပြီဖြစ်၏။



**ထိုင်းတို့၏ ယဉ်ကျေးမှုမြို့တော် ဖြစ်သော ဇင်းမယ်မြို့၏ ကျုံး နှင့် မြို့ရိုးဆောင်**

ဇင်းမယ်မြို့ရိုးပေါ်၌ရှိသော ဝပ်ဆိုင်မွန်ကျောင်းသည် မြန်မာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းဖြစ်၏။ ဝပ်ဆိုင်မွန် နှစ်ကျောင်းရှိ၍ ဇင်းမယ်သို့ရောက်ပါက ဝပ်ဆိုင်မွန်(ဖမ)ဟု ဆိုပါက ဆိုက်ကားသမား၊ တက်စီကားသမားအားလုံးကို ပို့ခိုင်း၍ရပါ၏။ ဝပ်ဆိုင်မွန်ကျောင်းသည်ဇင်းမယ်မြို့၏ မြို့လယ်ခေါင်တွင် ရှိနေ၏။ ကျောင်းအကျယ်အဝန်း ၇ ဒဿမ ၁ ဧကရှိ၏။ ထိုမြေအားလုံးသည် ဂရန်



**၁၆ ရာစုသီးခြားနိုင်ငံတော်အဖြစ်ရပ်တည်ခဲ့သောဖင်းမယ်မြို့ရိုး**

အမှတ် ၂၈၉၈၇ ဖြင့် ထော်ရနီဆုန်သာသနာ့မြေအဖြစ် သတ်မှတ်ထားပါ၏။ ဆိုင်မွန်ကျောင်းသည်ဖင်းမယ်မြို့ ဖက်ဆိန်ရပ်ကွက်တွင်ရှိ၏။

ဝပ်ဆိုင်မွန်ကျောင်းကိုသာသနာသက္ကရာဇ် ၂၁၀၁ ခုတွင်တည်ထောင်ခဲ့သည်ဆို၏။ ဖင်းမယ်မြို့ဝပ်ချင်မန်းနန်းတွင်းကျောက်စာတွင်

**ဖင်းမယ်မြို့ကြီးသည် ဗွိကာရာဇာမင်းလက်ထက်က ကြက်ပျံမကျ စည်ကားသောမြို့ကြီးဖြစ်၏၊ ကံကြမ္မာဆိုသည်ကသိနိုင်ခဲသည်၊ ထိုသို့ဖင်းမယ်မြို့ကြီးစည်ကားပြန့်ပွားနေချိန်တွင် မမျှော်လင့်ပဲ မြန်မာ့လက်အောက်ခံမြို့ဖြစ်သွားခဲ့ရပါ၏၊ မြန်မာတို့သည်ထိုအချိန် မှစ၍နှစ်ပေါင်း ၂၆၂ နှစ်တိုင်စိုးမိုးအုပ်ချုပ်သွား၏၊ ၂၆၂ နှစ်မြန်မာတို့စိုးမိုးအုပ်ချုပ်ခဲ့သောမြန်မာစစ်တပ်မှ မြန်မာစစ် သားများသည် ဗုဒ္ဓဘာသာ သာသနာကို အလွန်ကြည်ညိုသဒ္ဓါတရား ကြည်လင်စွာနှင့် ပြည့်စုံသူများဖြစ်၏၊ ထိုမြန်မာစစ်တပ်မှယယ်ထပ်ယိုင်အကြီးဆုံးစစ်ဗိုလ်ချုပ်ကြီးမှာ ဒုဗ္ဗကျန်စံရာဝ်ကျာဝန့်ဖြင်၏၊ ထိုဗိုလ်ချုပ်ကြီး နှင့်သူ့စစ်သားများစုပေါင်း၍ ဝပ်ဆိုင်မွန်ကျောင်းကိုဆောက်လုပ်သွားကြ၏၊**

ဟူ၍ဖော်ပြထား၏၊ ထိုကျောက်စာကို ဝပ်ဆိုင်မွန်၏လက်ရှိဆရာတော်ကြီးဦးအာသဖကကူးယူ၍ထိုင်း ဘာသာမှမြန်မာဘာသာသို့ ပြန်ဆို ထား၏၊

ရှေးအခါကဝပ်ဆိုင်မွန်ဟုမခေါ်ပဲဝပ်စေ့မွန် ဟုခေါ် ကြောင်းသိရ၏၊ ဗိုလ်ချုပ်ကြီးဒုဗ္ဗကျန်စံလက်ထက်မှစ၍ ဤကျောင်းကိုမြန်မာတို့ အစဉ်အဆက် စောင့်ရှောက်လာခဲ့သည်မှာ ယခုဝပ်ဆိုင်မွန်ဆရာတော်ဘုရားကြီး ဦးအာသဖတိုင်အောင်ဆရာတော် ၁၀ ဆက်ရှိသည်ဟုသိရ၏၊

ဆရာတော်အစဉ်အဆက်မှာ

၁။ ဦးဝရဓမ္မ ၂၁၀၁— ၂၁၃၆

၂။ ဦးဂန္ဓမာလာ ၂၁၃၆— ၂၁၇၁



ထိုင်းနိုင်ငံဖင်းမယ်မြို့ရှိ မြန်မာစစ်ဗိုလ်ချုပ်ကြီး ဒဗ္ဗကျွန်စံနှင့် မြန်မာ တစ်မတော်သားများ တည်ထားဆောက်လုပ်ခဲ့သော ဝပ်ဆိုင်မွန်းကျောင်းတော်ကြီး

| | | |
|---|---|---|
| ၃။ ဦးပိုခဝမ္မ | ၂၁၇၁–၂၂၃၇ | |
| ၄။ ဦးဇိနှ | ၂၂၃၄–၂၂၇၂ | |
| ၅။ ဦးဝဇိရိန္ဒ | ၂၂၇၂–၂၃၀၀ | |
| ၆။ ဦးတေဇသီရိ | ၂၃၀၀–၂၃၄၇ | |
| ၇။ ဦးအာစိန္ဒ | ၂၃၄၇–၂၃၈၅ | |
| ၈။ ဦးပညာသာရ | ၂၃၈၅–၂၄၄၄ | |
| ၉။ ဦးသာရဓ | ၂၄၄၄–၂၄၇၉ | |
| ၁၀။ ဦးအာသဖ | ၂၄၇၉ | တို့ဖြစ်၏။ |



ဇင်းမယ်မြို့တွင် မြန်မာသာသနာအရှည် တည်တန့်ရေးအတွက်
ဖွဲ့လုံ့လ ဥဿာဟကြီးစွာဖြင့် ဆောင်ရွက်နေသော ဝပ်ဆိုင်မွန်း
ဆရာတော်ကြီးဦးအာသဘ

ဝပ်ဆိုင်မွန်ကျောင်းတော်ကြီးတွင်ဆရာတော်ကြီး ဦးအာသဖ အပြင် ညီတော်သူရဟန်းကြီးဦးသီဟနှင့်ဦးကုသလတို့လည်းရှိကြ၏၊ ဆရာတော်ဦးအာသဖသည်ထိုင်းစာနှင့် စကားကိုကျွမ်းကျင်စွာ တတ်မြောက်၏၊ ဆရာတော်ကြီးသည်စက်မှုကိုဝါသနာပါ၏၊ ဝပ်ဆိုင်မွန်းကျောင်းတွင် ဆရာတော်ကြီး စုဆောင်းထားသည့် နာရီအဟောင်းပေါင်း ၄၀ ခန့်ရှိ၏၊ ဝပ်ဆိုင်မွန် ကျောင်းသည် စေတီ၊ သိမ်ကျောင်းဇရပ်တို့ဖြင့် ဂုဏ်ယူဘွယ်ရာမြန်မာ့ကျောင်းတော်ကြီးဖြစ်ပါ၏၊

ဝပ်ဆိုင်မွန်ကျောင်းအတွင်း၌ပဓါန ဆင်းတုတော်လေးဆူရှိ၏၊ ကျောင်းဆောင်မကြီးပေါ်တွင်ရှိသောဉာဏ်တော် ၄ တောင်ရှိသည့်ဆင်းတုတော်ကို ဘုရားဒကာနန်ရောခံနှင့်ဘုရားအမကြီးမယ်ရွှေညွန့်တို့က ၂၄၈၇ ခုနှစ်ကထုလုပ်လှူဒါန်းထားခြင်းဖြစ်သည်ဟုမှတ်တမ်းများအရသိရ၏၊ အာရုံခံတန်ဆောင်းအတွင်းဉာဏ်တော်လေးတောင်အမြင့်ရှိသော ဆင်းတုတော်ကို ဘုရားဒကာ စောနန္ဒ ကသာသနာသက္ကရာဇ် ၂၄၅၇ တွင်လှူဒါန်းထားသည် ဟုသိရှိရ၏၊ အခြားသစ်သားဆင်း တုတော်တစ်ဆူနှင့် အင်္ဂတေစေတီတော်တစ်ဆူတို့ကိုကားမောင်ကျန်မောင်နှင့် မောင်ထူမောင်တို့လှူဒါန်းကြောင်းသိရ၏၊

ဝပ်ဆိုင်မွန်ကျောင်း အတွင်း၌ အမြင့်အတောင် ၄၀ ရှိသောစေတီ တော်ကို သာသနာသက္ကရာဇ် ၂၃၈၄ ခုနှစ်က စေတီဒကာဦးစံသူ အမကြီးဒေါ်အိုမောင်နှစ်မနှစ်ဦးကတည်ဆောက်လှူဒါန်း၍စေတီမှာ မြန်မာပုံဖြစ်၍ မှန်စီရွှေချထား၏၊ အခြား ၁၈ တောင်အမြင့်ရှိသောစေတီကိုကား သာသနာသက္ကရာဇ် ၂၄၃၂ ကမုံရွာမြို့နေပန်းရုံဆရာကြီးဦးဖိုးတန်က တည်ထားလှူဒါန်းကြောင်းသိရ၏၊

ဝပ်ဆိုင်မွန်ဘုန်းတော်ကြီးကျောင်းအတွင်း၌ကျောင်းနှစ်ဆောင်



ဒွိုင်ဆုသပ် စေတီတော်ကြီး ရှေ့တွင် ကျွန်တော်တို့ မိသားစု
နှင့် ဆွီဇာ လန်မှ မြန်မာ အနုပညာများကို မြတ်နိုးလှသော
မိတ်ဆွေကြီး မစ္စတာ ညြဝို(စ)

ရှိရာ ၃၀ မီတာအလျားရှိ၍အကျယ် ၂၅ မီတာရှိသောကျောင်း ဒကာ ကြီးဦးကျောင်းစိန္တက အရင်းခံ၍အသစ်တည်ဆောက်ထား၏။ အလျား ၁၂ မီတာ အနံ ၈ မီတာရှိသော အဆောင်ကိုကား သာ သနာသက္ကရာဇ် ၂၅၁၉ ခုကကျောင်းဒကာမကြီးမကော်ဝဏ္ဏကဆောက် လုပ်လှူဒါန်းထား ခြင်းဖြစ်ကြောင်းသိရ၏။

ဝပ်ဆိုင်မွှန် လက်ရှိဆရာတော်ကြီး ဦးအာသဖမှာစစ်ကိုင်းတိုင်း မအူပင်တဲကြီးရွာဇာတိဖြစ်၏။ မိဘနှစ်ပါးမှာဦးစိန်၊ ဒေါ်ချစ်တို့ ဖြစ် သည်၊ ၁၂၈၃ ခုနှစ်တွင်ဖွားမြင်ခဲ့သည်၊ မောင်နှမသုံးဦးရှိ၍ညီ နှင့် နှမတော်တို့မှာ ဦးသီဟနှင့်ဒေါ်ကံရှိတို့ဖြစ်ကြ၏။

ဆရာတော်ကြီးသည် မအူပင်တဲကြီးရွာ၌ ၉ နှစ်သားတွင်သာ မဏေဘောင်သို့ဝင်ရောက်ခဲ့ကာ ၁၅ နှစ်သားအရွယ်တွင် မိဘများ ၏ လယ်ယာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန်လူထွက်ခဲ့ရပြီးမိဘ များ ကိုကူကာ လူဝတ်ကြောင်ဘဝမပျော်ပိုက် သဖြင့် ဆရာတော် ကြီး သည် ကိုရင်ပြန်၍ဝတ်ခဲ့၏။ သို့သော်ဂျပန်ခေတ်တွင်လူထွက် ခဲ့ရပြီးဂျပန်အပြေးတွင် သင်္ကန်းပြန်ဝတ်ခဲ့၏။

ထိုအချိန်တွင်ဆရာတော်ကြီးတစ်ပါးက ထိုင်းနိုင်ငံတွင် သာသ နာပြုရဟန်းအရှာထွက်ရာထိုဆရာကြီးတော်နှင့်တွေ့၍လိုက်လာခဲ့ပြီး တောင်ကြီး၊ လွိုင်ကော်၊ ဖါးဆောင်း၊ မယ်ဆက်၊ ကျောက်တိုင်ရွာ ခွန်ယွန်၊ မယ်ဟောင်ဆွန်မှတဆင့် ဇင်းမယ်သို့မြင်းနှင့်လာကြ၏။ ဇင်းမယ်ရောက် မှ အသက် ၂၅ နှစ်တွင်ရဟန်းဘောင်သို့ဝင်ရောက် ခဲ့၏။ ဆရာတော် ကြီးသည် မန္တလေးတောင်ပြင်ဆင်တဲတိုက်တွင် လည်းကောင်း မိုးကုတ်ကြပ်ပြင် ဆရာတော် ဦးတိလောက ထံတွင် လည်းကောင်းစာလိုက်ဘူး၏။

ဆရာတော်ကြီးသည်မြန်မာပိုင်ဝပ်ဆိုင်မွန်ကျောင်းတော်ကြီးကို သံယောဇဉ်ကြီးစွာဖြင့်စောင့်ရှောက်နေခြင်းဖြစ်၏၊ ဆရာတော်ကြီးက ဤမြန်မာကျောင်းကြီးကို ဇင်းမယ်ရှိမြန်မာဆက်များ လက်ဆင့်ကမ်း စောင့်ရှောက်လာခဲ့ခြင်းဖြစ်၏၊ ဝပ်ဆိုင်မွန်ကျောင်းတော်ကြီးတွင် မြန်မာဘုန်းကြီးမပြတ်ရေးအတွက်မိမိကြိုးစားလျက်ရှိသည်၊ မကြာသေးမီက မြန်မာနိုင်ငံသို့ ပြန်ရောက်ကာစာချပုဂ္ဂိုလ်တစ်ပါးနှင့် ပြည်ပသာသနာပြုရဟန်းအပါး ၂၀ ခန့်ရှိရေးအတွက်ကြိုးပမ်းခဲ့ကြောင်းအမိန့်ရှိခဲ့ပါ၏၊

ဆရာတော်ကြီးက "ဇင်းမယ်တွင်မြန်မာဘုန်းတော်ကြီးကျောင်း ယခင်က ၇ ကျောင်းရှိခဲ့သည်၊ ယခုတော့အားလုံးကုန်ပြီး" ဟု အမိန့် ရှိပါ၏၊ မယ်ပိန့်ချောင်ထိပ်ရှိအဆောက်အဦးသည်ရှေးအခါက မြန်မာဘုန်းတော်ကြီးကျောင်းဖြစ်၏၊ ယခုတော့ မြန်မာဆက်ပြတ်၍ ထိုင်းသာသနာရေးဌာနမှ သိမ်းယူသွားသည်ဟုဆိုပါ၏၊ ဆရာတော်ကြီးက ဝပ်ဆိုင်မွန် ကျောင်းတော်ကြီးကို စောင့်ရှောက်ခဲ့သော ဒကာ၊ ဒကာမလေးဆက်ရှိသည်ဟုဆိုပါ၏၊ ဝပ်ဆိုင်မွန်ဆရာတော်ကြီးသည်မှတ်တမ်း မှတ်ရာတို့ဖြင့် အစစအရာရာ မလေမပျောက်မပျက်အောင်စုဆောင်း ထားရှိသောဆရာတော်ကြီးတစ်ပါးလည်းဖြစ်ပါ၏၊

ဆရာတော်ကြီးသည် ၁၉၃၀ ခုနှစ် ဝန်းကျင်က ဝပ်ဆိုင်မွန် ကျောင်းတော်ကြီးအား စောင့်ရှောက်ခဲ့သောကျောင်းဒကာတို့မှာ

ဦးစံသူ နှင့် ဒေါ်မယ်အိုမောင်နှမ
ဦးစာရိတ္တနှင့်သားဦးကြံမောင်
ဒေါ်မယ်အို၏သမီးမဘွင့်နှင့်သားမောင်ကျောင်ဒင်(ခ)နိုင်ဘွန်ပိန်

နိုင်ဘွန်ပိန်၏တူနှင့်တူမတို့ဖြစ်သောဦးပန်းမွေးနှင့်ဒေါ်မယ်အိတို့ ဖြစ်ကြ၏။

နောက် ၁၉၃၀ ခုနှစ်ဝန်းကျင်စောင့်ရှောက်ခဲ့သူတို့မှာ

ဦးကျောင်းစိန်နနှင့်မယ်နန်းပွားဇနီး

ကျောင်းစုန နှင့် မယ်ကျောင်းဆင် ( ကျိုင်းတုံဆက် )

ကျောင်းနိန္တာနှင့် မယ်ဝန်ဒီမနီဝ ဏ်

မယ်နန်းအိ အစရှိသောကျောင်းဒကာကျောင်းဒကာမများဖြစ်ကြသည်။

နောက်တစ်ခေတ်တွင်ဦးကျော်ဆင်၊ မကျီးမြင့်၊ ဦးအုန်းကြိုင်၊ ဒေါ်လှမေ ဦးဖိုးဟန်ဒေါ်ခွန်း၊ ကျောင်းစိန္တာ၊ မယ်ကျဒီ၊ ဦးပန်းမွေး၊ ဒေါ်မြ၊ ဦးစံပျက် အစရှိသူတို့ဖြစ်၏။ အားလုံးသည်မြန်မာဆက်များဖြစ်သည်။

ယခုခေတ်ဝပ်ဆိုင်မွန်ကျောင်းတော်ကြီး၏ ဝေါပကအဖွဲ့မှဥက္ကဌ ဦးမောင်တင်၊ မောင်သွန်ဖီး၊ မောင်ဖေနှင့် နိုင်ဘွန်ထန်တို့ဖြစ်ကြ၏။

ယင်းဒကာဒကာမများအနက် မယ်ဝန်ဒီမနီဝဏ်သည် ကျောင်းတော်ကြီး အား ဆရာတော်ကြီး ဦးအာသဖ လက်ထက်တွင်ကျေးဇူးအများဆုံးပြုပြင်ခဲ့၍ မိမိ၏အိမ်ကိုဘတ်တစ်သန်းဖြင့်ရောင်း၍ ဤမြန်မာပိုင် ဘုန်းတော်ကြီးကျောင်းအားမွမ်းမံခဲ့သည်ဟုသိရ၏။

ထိုကဲ့သို့ မြန်မာ အနွယ် အဆက်ဆက်စောင့်ရှောက်ခဲ့သော ကျောင်းတော်ကြီးအားဆရာတော်ကြီးကမည်သည့်နည်းနှင့်မျှ မြန်မာဆက်မပြတ်လို၊ ဖြစ်သည့်နည်းနှင့် မြန်မာဆက်ထားလိုသည်ဟု မိန့်ကြားခဲ့ပါ၏။ ဆရာတော်ကြီးက သာသနာပြုရေး လုပ်ငန်းသည် မလွယ်ကူ စိတ်ရှိရုံဖြင့်မရ စာလဲတတ်ဖို့လဲရှိ ကိုယ်ကျိုးလဲ စွန့်နိုင်



ဝပ်ဆိုင်မှန်း ဆရာတော်ကြီး ဦးအာသဝ နှင့် ဦးဇင်းသီဟ တို့ ဆွမ်းဘုဉ်း ပေးနေကြစဉ်

မဖြစ်မည်၊ အချိုလည်းစား၊ အစပ်လည်းစား၊ အုန်းနို့လည်းမကြောက် မှသာသနာပြုနိုင်မည်၊ ဘုန်းကြီးလာတုန်းက လျှပ်စစ် မီး မရှိ၊ မီးခွက် ဖြင့်နေရသည်၊ ဆင်တဲဆိပ် အပ်ချည်လုံး ဖြင့် ကိုယ့် သင်္ကန်းကိုယ် ချုပ်ဝတ်ရသည်၊ ကျောင်းတိုက်များတွင်ငါးနှစ်လုံးလုံး သံဃာ ပြတ် သော ကျောင်းများကို ဥပဒေ အရ သိမ်းနိုင်သည်၊ ထိုင်းနိုင်ငံတွင် ဥပဒေ နှင့်အညီ ခွင့်ပြုထားသောမဟာယနဂိုဏ်းသာသနာ (တရုတ်) အစ္စလမ် သာသနာ၊ ခရစ်ယာန် သာသနာ၊ အနန်ဂိုဏ်း (ယူနန်) သာသနာ တို့အား ဂိုဏ်း အနေနှင့် အသိအမှတ် ပြုထားသည်၊

သို့သော် မြန်မာဘုန်းတော်ကြီး ဂိုဏ်းဟူ၍ ဥပဒေ နှင့် ခွင့်ပြုထားသည်မဟုတ်၊ မြန်မာတို့က မြန်မာဂိုဏ်းထူထောင်ရန် တောင်းဆိုမှု ရှိသော်လည်း ထေရဝါဒ ခြင်းအတူခွဲဖို့လိုသေးလားဆိုပြီးပရိယာယ်နှင့် ဆိုထားသည်။ အချိန်ကောင်း အခါကောင်းက မလုပ်ခဲ့၍ယခုလုပ်ဆောင်ရန် ခက်ခဲသည်။ ကမ္ဘာတွင်မြန်မာ ကျောင်းများ အိမ်ဝယ် အခန်းဝယ်၍ ဘယ်နိုင်ငံတွင်မဆို ဘုန်းကြီးကျောင်း ထူထောင်၍ရသည်။ သို့သော်ထိုင်းနိုင်ငံတွင်ဘုန်းကြီးကျောင်းဖြစ်ဖို့ရန် သိမ်ရှိရမည်။ သိမ်ဆောက်ပါက သိမ်အမိန့်ခံရသည်။ သံဃာငါးပါး သုံးဝါထက်မနည်း ရှိမှသိမ်မိန့်ပေး၍ကျောင်းထူထောင်နိုင်ရာထိုင်းနိုင်ငံ တွင်မြန်မာဘုန်းကြီးကျောင်းတိုးရန်းမလွယ်၊ လက်ရှိကျောင်းများအခြား တပါးသူလက်အတွင်းသို့မရောက်ရေးအတွက်သာကြိုးစားရမည်။ ထိုသို့ကြိုးစားရာတွင် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများနှင့် သာသနာပြုပုဂ္ဂိုလ်များဝိုင်းဝန်းဆောင်ရွက်ကြမှဖြစ်မည်ဟုမိန့်ကြားခဲ့ပါ၏။



ထိုင်း သံ ဃာတော်များ ဆွမ်းမစားမီ ဘုရားကန်တော့နေ
ကြစဉ်

# အခန်း (၁၂)

## ဇန်ကောက် မှ ဝပ်မဟာထပ်

ဇန်ကောက်မှ ဝပ်မဟာထပ် ဘုန်းတော်ကြီးကျောင်းသည် ဇန်ကောက်မြို့ကြီးတွင်တစ်ခုတည်းသောမြန်မာဘုန်းတော်ကြီးကျောင်းဖြစ်၏။ မြန်မာဘုန်းတော်ကြီးကျောင်းဟုဆိုသော်လည်းထိုကျောင်းသည် အလွန်ကျဉ်းမြောင်းသော အခန်းလေး တစ်ခုသာ ဖြစ်သည်။ ဝပ်မဟာထပ်သည်ဇရာမထိုင်းကျောင်းတော်ကြီးဖြစ်၍ထိုကျောင်းတွင် အဆောင်ပေါင်းများစွာရှိရာ ထိုအထဲမှ ပေ ၂၀ ပတ်လည်လောက်ရှိသောအခန်းကျဉ်းငယ်သည် မြန်မာကျောင်းဖြစ်၏။ ဝပ်မဟာထပ် မြန်မာဆရာတော်တို့သီတင်းသုံးရာအခန်းငယ်မှာအဆောင်(၁)ဖြစ်၏။ အခန်းငယ်ဟုဆိုသော်လည်း ထိုအခန်းငယ်သည် ဇန်ကောက်ရှိ ရာပေါင်းများစွာသောမြန်မာများ၏ တစ်ခုတည်းသောဘုန်းကြီးကျောင်းဖြစ်ပါ၏။



ပန်ကောက်မြို့ရှိ တစ်ခုတည်းသော သုန်းတော်ကြီးကျောင်းဟု
ဆိုနိုင်သော ဝဂ်မဟာထပ် သုန်းတော်ကြီးကျောင်း

ထိုကျောင်းတွင်သီတင်းသုံးသောဆရာတော်မှာပြည်ပသာသနာပြုဘွဲ့ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ဆရာတော်ဦးဓမ္မနန္ဒဖြစ်၏။ ဆရာတော်ဦးဓမ္မနန္ဒသည် ပဲခူးတိုင်း သနပ်ပင်မြို့နယ် ခရမ်းဇာတိဖြစ်၏။ ဆရာတော်သည်သနပ်ပင်မြို့မှပဲခူးစာသင်တိုက် ကြီးများတွင်၏ပညာသင်ကြားပြီး ပြည်ပသာသနာပြုလုပ်ငန်းတွင် စိတ်ဝင်စားလှသဖြင့်ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့ရာမှ ဝပ်မဟာထပ်မှ ထိုင်းဆရာတော်ကြီးသည် မြန်မာတို့အပေါ် သံယောဇဉ်ကြီးစွာဖြင့်အဆောင် (၁)တွင် သီတင်းသုံးခွင့်ပြုရာမှ ထိုအခန်းတွင် မြန်မာဆရာတော်များနေခွင့် ရရှိလာခြင်းဖြစ်၏။ ထိုကျောင်းတွင်နေခွင့်မရရှိခဲ့ပါက ဗန်ကောက်မြို့တစ်မြို့လုံးတွင်မြန်မာဘုန်းကြီးနေခွင့် ရစရာ ရှိမည် မဟုတ်။

ဗန်ကောက် ဝပ်မဟာထပ်သည် ဗန်ကောက်၏ နာမည်ကြီး မြဘုရား အနီးအနားတွင် ရှိ၏။ အကြောင်းအမျိုးမျိုးကြောင့် ဗန်ကောက်သို့ ရောက်ရှိလာကြသော မြန်မာတို့ အားထားရာကျောင်းတစ်ဆောင်တစ်ရပ် ဖြစ်၏။

ဤကျောင်းဆောင်သည် ငယ်ပင်ငယ်ငြား သော်လည်းထိုင်းတစ်နိုင်ငံ လုံးမှမြန်မာသံဃာတော်များ၊ မလေး၊ စင်ကာပူ၊ တိုင်ဝမ်၊ ဂျပန်အစရှိသောနိုင်ငံတို့မှဆရာတော်သံဃာတော်များဝင်ရောက်တည်းခိုရာတစ် ခုတည်းသောဗန်ကောက်၏အခြေစိုက်စခန်းဖြစ်၏။ ဝပ်မဟာထပ် အဆောင်(၁)သည် ပေ ၂၀ ပတ်လည်အခန်းတစ်ခုမျှသာဖြစ်သော်လည်း ခရီးသွားခရီးလာသံဃာတို့သည်ထိုအခန်းလေးထဲတွင်စုရုံးနေကြရ၏။ ထို့ပြင်အလုပ်အကိုင်ရှာဖွေရင်းရောက်လာသောမြန်မာလူငယ်တို့အတွက် တွေ့ဆုံရာစုစည်းရာ ဆုံဆည်းရာနေရာတစ်ရပ်ဖြစ်၏။ ဝပ်မဟာထပ်တွင် ဗန်ကောက်ရှိမြန်မာတို့သည်အခါကြီးရက်



**ထိုင်းနိုင်ငံဝပ်မဟာထပ်တွင် သီတင်းသုံးနေကြသော ပြည်ပသာသနာပြု ဆရာတော်ဦးဘဒ္ဒိယ၊ ဦးသုန္ဒရ၊ ဦးသုမနာစာရ၊ ဦးကောဝိဒ**

ကြီးများနှင့်လတစ်လ၏ပထမဆုံး အပတ် တနင်္ဂနွေနေ့တွင် စုဝေးကာရောက်ရှိလာကြပြီးအလှူဒါနပြုကြ ၏၊ ဗန်ကောက်ကျောင်းများသည်လည်းအလှူအတန်းပေါ၍ဆွမ်းကွမ်းပြည့်စုံ သော်လည်းအနေအထိုင်ဆင်းရဲလှပါ၏၊

ကျွန်တော်သည် မိတ်ဆွေ တစ်ယောက်ကို အကြောင်းပြု၍ဝပ်မဟာထပ် သို့ရောက်သွားပြီးအဆောင်(၁)မှ ဆရာတော်ဦးဓမ္မနန္ဒမှာ ကျွန်တော်နှင့် တစ်နယ်တည်းသားချင်းဖြစ်သွားသောကြောင့်ပို၍နီးစပ်သွားခဲ့ပါ၏။ တဖန်ဆရာတော်သည်မြန်မာနိုင်ငံမှထွက်၍အလုပ်အကိုင်ရှာဖွေကြသော လူငယ်များနှင့် မကင်းရကား ထိုလူငယ်များ မကြာခဏယူလာသော ကျွန်တော်၏ စာအုပ်များကို ဖတ်ကြည့်ရင်းစာပေအရလည်း ဆက်စပ်မှုရှိခဲ့ပါ၏။

ဆရာတော် ဦးဓမ္မနန္ဒကို အကြောင်းပြု၍ကျွန်တော်သည် ဗန်ကောက်မြို့၌ဆရာတော်ဦးကောဏ္ဍညနှင့် လည်းတွေ့ဆုံကြည်ညိုခွင့်ရခဲ့၏။ ဆရာတော်ဦးကောဏ္ဍညနှင့် ဆရာတော်ဦးဓမ္မနန္ဒတို့သည် ဗန်ကောက် တွင် ရှိသည့်နှစ်ပါးတည်းသောမြန်မာဆရာတော်များဖြစ်ပါ၏။ ဆရာတော် ဦးကောဏ္ဍညသည်ပြည်ပသာသနာပြုဘွဲ့ သဒ္ဓမ္မဇောတိကဓဇဘွဲ့ ကိုမြန်မာနိုင်ငံတော်အစိုးရကဆက်ကပ်လှူဒါန်းခြင်းကိုခံယူရရှိထားသောဆရာတော်ဖြစ်ပါသည်။

ဆရာတော်ဦးကောဏ္ဍည၏ကျောင်းသည်လည်း ထိုင်းကျောင်းဖြစ်၍ ကျောင်းအမည်မှာဝပ်စရိပရာဗက်ဖြစ်၏။ ဆရာတော်၏ကျောင်းသို့ မြဘုရားအနီးမှပင်ကျောက်ဖရားမြစ်ကိုဖြတ်၍သွားရပါ၏။ ဆရာတော် တို့သည်ထိုင်းနိုင်ငံတွင်သီတင်းသုံးနေထိုင်လျက်ရှိသော်လည်း မြန်မာနိုင်ငံအပေါ်အထူး သံယောဇဉ် ကြီးမား၍ မြန်မာနိုင်ငံအား အခြားနိုင်ငံများနည်းတူ ကြီးကျယ် တိုးတက် ပြောင်းလဲစေလိုသော ဆရာတော်များဖြစ်၏။ ဆရာတော်ဦးဓမ္မနန္ဒက ကျွန်တော်အားပြည်ပဗဟုသုတဆိုင်ရာ ပညာပေး စာအုပ်များ ရေးသားရန်အတွက်အထူးအားပေးခဲ့ပြီးဗန်ကောက်သို့ရောက်တိုင်းအစစအရာရာအကူအညီပေး

ပါ၏၊ ဆရာတော်တို့သည် မြန်မာနိုင်ငံမှရောက်လာကြသောဆရာတော် သံဃာတော်တို့ အတွက် အစစအရာရာအကူအညီပေးတတ်၍ တကယ်တော့ ဤဆရာတော်နှစ်ပါးသည် ပြည်ပသာသနာပြုလုပ်ငန်းကို ထိုင်းနှင့်မြန်မာ ဆက်သွယ်လုပ်ဆောင်နေသော သံတမန်ဆိုင်ရာ ဆရာတော်များဟုဆိုပါကလည်းမမှားနိုင်သောဆရာတော်များဖြစ်ပါ၏၊

ဆရာတော် ဦးဓမ္မနန္ဒ နှင့် ဆရာတော်ဦးကောဏ္ဍညတို့အတွက် ဗန်ကောက်မြို့တွင်သင့်လျော်တင့်တယ်သော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း လိုအပ်နေသည် မှာ အမှန်ပင်ဖြစ်ပါ၏၊ ဗန်ကောက်တွင် မြန်မာ သောင်းဂဏန်း အထိရှိရာ ဘာသာရေး ဆိုင်ရာ လုပ်ငန်းများအတွက်ဆရာ တော်နှစ်ပါးကိုသာအားကိုး အားထားပြုရသည်၊ မြန်မာတို့သည်ပြည်ပသို့ ရောက်သည့်တိုင်မြန်မာဟန်မြန်မာနည်းအတိုင်း သီလပေးခြင်း၊ ဥပုသ် ဆောက်တည်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ကို ခံယူလိုကြ၏၊ သို့မှသာစိတ် ကျေနပ်မှုရရှိကြ၏၊ ထို့ကြောင့် ဗန်ကောက်တွင်မြန်မာဘုန်းတော်ကြီး များယခုထက်ပို၍ပင်လိုအပ်ပေရာ မီးလောင်းခြင်း ခံရသောမြန်မာဘုန်းတော်ကြီးကျောင်းဝပ်ဒွန်းမှာလည်း မြန်မာတို့လက်တွင်း သို့မရောက် ရှိဘဲ ရှိနေသေး ပါ၏၊ ဝပ်ဒွန်ကျောင်းတော်ကြီး မြန်မာတို့လက်ထဲ သို့ရောက် ရှိရေးသည် မြန်မာတို့စိုက်လိုက်မတ်တပ်ကြိုးစားရမည့်ကိစ္စတစ်ရပ်ဖြစ်ပါ၏၊ ဝပ်ဒွန်း ကျောင်းတော်ကြီးမြန်မာတို့လက်ထဲသို့ရောက် ရှိပါကမြန်မာနိုင်ငံ၏ပြည် ပသာသနာပြုလုပ်ငန်း၏ထွက်ပေါက်စခန်းဖြစ်သောဗန်ကောက်တွင် အရေးကြီးသောအုတ်မြစ်ကိုချသည်လဲမည်ပါ၏၊ ဗန်ကောက်သည် မြန်မာမှ ကမ္ဘာသို့ထွက်ရာတွင်အားထားရသောထွက်ပေါက်နေရာ ဖြစ်၏၊ မြန်မာတို့အတွက်အရေးကြီးသောထွက်ပေါက်တစ်နေရာလည်း ဖြစ်၏၊ လက်ရှိလည်းမြန်မာလူမျိုးတို့သောင်းနှင့်ချီ၍ ရှိနေသော ဗန်ကောက်



ပြည်ပသာသနာပြုဆရာတော်များဖြစ်ကြသော မန္တလေးတောင်တော် ဦးခန္တီကျောင်းမှ ဆရာတော်ဦးကောဝိဒ(ယာ)နှင့် ဆရာတော်ဦးသဗ္ဗိယ

မြို့ပေါ်တွင်သာသနာရေး၊ လူ့ရေးတန်းရေး၊ ကမ္ဘာနှင့် မြန်မာဆက်သွယ်ရေးမြန်မာတို့ကမ္ဘာသို့ထွက်၍လုပ်ငန်းကိုင်ငန်းဗဟု သုတရှာဖွေရေးတို့အတွက်သံရုံးကြီးတစ်ရုံးပမာအားထားရမည့်သာသနာ့နယ်မြေတစ်ခုရရှိမည်ဖြစ်ရာ ဗန်ကောက်ရှိမြန်မာ အသိုင်းအဝန်း မှလည်းဝပ်ဒွန်းကျောင်းတော်ကြီး မြန်မာလက်သို့ ပြန်လည်ရောက်ရှိရေး အတွက်ကြိုးစားသင့်ကြပါ၏။

ဆရာတော် ဦးဓမ္မနန္ဒနှင့် ဆရာတော် ဦးကောဏ္ဍညတို့ကလည်း ယင်း ကိစ္စကို အထူး ဝီရိယ ထားကြိုးပမ်းဆောင်ရွက် လျက်ရှိသော်လည်း အားလုံးဝိုင်းဝန်းဆောင်ရွက်မှအောင်မြင်မည်ဖြစ်ပါ၏။

သဒ္ဓမ္မဇောတိကဓဇ ပြည်ပသာသနာပြုဘွဲ့တော်ရ ဆရာတော် ဦးကောဏ္ဍည ၏ ဇာတိမှာ မကွေးတိုင်း ပခုက္ကူမြို့နယ် နံ့ကပ်ကြီးရွာမှ ဖြစ်၏၊ ဆရာတော်ကိုမြန်မာသက္ကရာဇ် ၁၃၀၀ ခုနှစ်၊ ဝါခေါင်လပြည့် ကျော် ၁၄ ရက်တနင်္လာနေ့တွင် ခမည်းတော် ဦးလှဖေ၊ မယ်တော် ဒေါ်ဖျုံတို့မှ ဖွားမြင်သည့် သားဦးရတနာဖြစ်သည်၊ ဆရာတော်သည် ၁၃၂၁ ခုနှစ်တွင်ပခုက္ကူမြို့နယ်မြစ်ခြေမြို့နယ်ခွဲတွင်မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟ ကိုခံယူ၍မြစ်ခြေမြို့ အေးစေတီစွန်းလွန်းကျောင်းဆရာတော်ဘဒ္ဒန္တပညာ သီရိမဟာထေရ်မြတ်ကိုဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝသို့ ရောက်ရှိ ခဲ့၏။

ဆရာတော်သည် ၁၃၂၇ ခုနှစ်ပြာသိုလပြည့်ကျော် ၁၄ ရက်နေ့တွင်ညောင်ဦးမြို့မြစ်ကြည်တိုက် ခဏ္ဍသိမ်တော်တွင် ညောင်ဦး မြို့ မဟာဝိသုတာရာမ ဆရာတော် ဘဒ္ဒန္တဝါယမမဟာထေရ်မြတ် ကို ဥပဇ္ဈာယ်ပြု ၍ ညောင်ဦးမြို့ညောင်ပင်ရပ်နေဦးကံဆင့်ဒေါ်ဖွားဦးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းဘဝကိုရောက် ရှိခဲ့၏။



**ဝပ်စီလောင်မွန်းကျောင်းဆရာတော်ကြီး ဦးဉာဏနှင့် ဆရာတော် ဦးသဓ္ဓန**

ဆရာတော်သည်နိုင်ငံတော်အစိုးရပထမငယ်ပထမလတ် ပထမကြီး နှင့်ဓမ္မာစရိယစာမေးပွဲများကို အောင်မြင်ခဲ့ပြီး နိုင်ငံတော်အစိုးရက သာသနဓဇဓမ္မစရိယ ဘွဲ့ကို ချီးမြှင့်တော်မူခဲ့၏။ ဆရာတော်သည်ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ သထုံ အစရှိသောမြို့များသာသနာရေးအသင်းအဖွဲ့ကြီးများ မှ ကြီးမှူးကျင်းပသောနိကယ်ငါးရပ်ပိဋကတ်သုံးပုံ စာမေးပွဲများကို ဂုဏ်ထူးဖြင့်အောင်မြင်တော်မူပြီး ပခုက္ကူမြို့မှရန်ကုန်မြို့သို့ပြောင်းရွှေ့ကာရန်ကင်းပဋ္ဌာနိကာယဗိမာန်တွင်တိပိဋကဓရနိကယ်ငါးရပ်စာမေးပွဲကိုအောင်ခဲ့၏။

ဆရာတော်သည်ပခုက္ကူမဟာဝိသုတာရာမအလယ်ကျောင်းကြီး တွင် လက်ထောက်စာချအဖြစ်အခြေခံ စာပေများကို သာမဏေငယ် ရဟန်းငယ်များအားလည်း ပို့ချခဲ့ပြီးရန်ကင်း ပဋ္ဌာနိကာယ သာသနာ့ ဗိမာန်တွင်စာချဆရာတော်အဖြစ်ဓမ္မစရိယကျမ်း များကိုပို့ချပြီး အုပ် ချုပ်ရေးရာတာဝန်ကိုပါရယူခဲ့၏။

ထို့နောက်ဆရာတော်သည် ၁၉၈၇ ခုနှစ်မှစ၍ ပြည်ပသာသနာ ပြု လုပ်ငန်းကိုလုပ်ဆောင်ရန် ထိုင်းနိုင်ငံသို့လာရောက်ခဲ့ပြီး ထိုင်းနိုင်ငံ တွင် ထိုင်းရဟန်းတော်သာမဏေသီလရှင်ဒကာဒကာမတို့အား ပါဠိ ဘာသာ အဘိဓမ္မာဘာသာမြန်မာဘာသာများကိုပို့ချခဲ့၍ ထိုင်းနိုင်ငံ ဗန်ကောက် မြို့ မဟိဒ္ဒန်းတက္ကသိုလ်ကြီး၌ အာရှယဉ်ကျေးမှုဘာသာ လေ့လာရေးဌာန ၏ပင့်ဖိတ်ချက်အရထိုတက္ကသိုလ်တွင်မြန်မာစာပေ၊ မြန်မာစကားများကို ပို့ချပေးခဲ့၏။ ဆရာတော်သည်ထိုင်းနိုင်ငံရှိ မြန်မာရဟန်းတော်များ ထိုင်းနိုင်ငံ ရှိမြန်မာကျောင်းကန်စေတီပုထိုး များနှင့်ပတ်သက်သောမြန်မာသာသနာရေးကိစ္စတာဝန်ကိုဆောင်ရွက် လျက်ရှိပြီး ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံတော် အစိုးရကပြည်ပသာ သနာပြုသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ကိုအလှူခံရရှိခဲ့သည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဝပ်မဟာထပ် ကျောင်းတိုက်မှဆရာ တော်ဦး ဓမ္မနန္ဒသည်ပဲခူးတိုင်းသနပ်ပင်မြို့နယ် ခရမ်းကျေးရွာဇာတိ ဖြစ်၏။ ဆရာတော် အား ၁၃၁၈ ခုနှစ်နတ်တော်လဆန်း ၆ ရက်စနေ နေ့က ခမည်းတော် ဦးထွန်းကြိုင်နှင့် မယ်တော် ဒေါ်ညွန့် တို့မှဖွား မြင်သည်။ ဆရာတော်သည် ၁၃၃၅ ခု ဝါဆိုလဆန်း ၁၅ ရက်နေ့ ခရမ်းကျေးရွာ၊ ဓမ္မမေဒိနီကျောင်းဆရာတော်ဘဒ္ဒန္တအဂ္ဂသာဘိဝံသ အားဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်၏။ ဆရာတော်သည်



ဖင်းမယ်မြို့ ဝပ်ဆိုင်းမွန် (မြန်မာ) ဘုန်းတော်ကြီးကျောင်း
ဆရာတော်ကြီး ဦးအာသဝနှင့် ဆရာတော်ဦးသဒ္ဓနတို့
ချင်လိုင်း—ဒွပ်သုံ တောင်ပေါ်သို့ ကြွရောက်လာကြစဉ်

၁၃၄၀ ပြည့်နှစ်ဝါဆိုလပြည့်နေ့တွင်သနပွင်မြို့ဒီလုံးကန်ရပ်ဓမ္မရက္ခိတ စာသင်တိုက်တွင်ဆရာတော် ဘဒ္ဒန္တဓမ္မဇေယျ ကိုဥပဇ္ဈာယ်ပြု၍မြင့်မြတ် သောရဟန်းအဖြစ်သို့ရောက်ရှိလာခဲ့၏။



**ပြည်ပသာသနာပြုဆရာတော်များဖြစ်ကြသော**
**ဆရာတော် ဦးသဗ္ဗနနှင့်ဆရာတော်ဦး ဇဝန**

ဆရာတော်သည်ခရမ်းကျေးရွာ ဓမ္မမေဒိနီစာသင်တိုက်၊ ပဲခူးမြို့ မင်္ဂလာဒီပဆေါင်းဆေးကျောင်းတို့တွင်ပိဋကတ်စာပေများကိုသင်ယူပြီး ထိုင်းနိုင်ငံတွင်နိုင်ငံခြားဘာသာများကိုသင်ယူခဲ့၏။ ဆရာတော်သည် ပထမငယ်၊ လတ်နှင့်ကြီးတန်း၊ ဝိနယါဝိက အဘိဓမ္မာစာမေးပွဲတို့ကို အောင်မြင်ပြီးထိုင်းနိုင်ငံထိုင်းသံဃတက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာ

နှင့်ထိုင်းဘာသာရပ်များကို အောင်မြင်ခဲ့၏။ ဆရာတော်သည်ထိုင်းနိုင်ငံဗန်ကောက်မြို့ဝပ်မဟာထပ်ကျောင်း၊ ချူလာလောင်ကွန်းသံဃတက္ကသိုလ်တွင်ပါ၌ မြန်မာဘာသာ ရပ်များကို အချိန်ပိုင်းပို့ချသင်ကြားလျက်ရှိ၏။

ဆရာတော်သည်ထိုင်းနိုင်ငံတွင်ရှိသောမြန်မာကျောင်းကန်များ အရှည် တည်တံ့ထိန်းသိမ်းရေး ထိုင်းသံဃာများမြန်မာစာသင်ကြားရေးကိစ္စများကို အချိန်ရှိသရွေ့ ဝီရိယစိုက်ထုတ် လုပ်ဆောင်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ကြွရောက်လာသော မြန်မာဆရာတော် သံဃာတော်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသောဆရာတော်တစ်ပါးဖြစ်၏။

ဆရာတော်သည်တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်း ပထမတွဲကို ထိုင်းဆရာတော် ဘန္တန္တကျောက်ခွန်ရီဝီသုဒ္ဓိ နှင့် တွဲဖက်၍ ထိုင်းဘာသာသို့ပြန်ဆိုခဲ့တော်မူသောဆရာတော်တစ်ပါးဖြစ်ပါ၏။

# အခန်း (၁၃)

# ကျန်ရှိသမျှထိုင်းရှိမြန်မာဘုန်းကြီးကျောင်းများ၏ နောင်ရေး

ထိုင်းနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်းများကိုလေ့လာပါက နယ်စပ်နေရာများတွင်မြန်မာ၊ ရှမ်း၊ ကရင်၊ နှင့် ပအိုဝ်ဆရာတော်များ ဦးစီး၍ ကျောင်းများကိုထိန်းသိမ်းထားမှုရှိသော်လည်း ထိုင်းနိုင်ငံအတွင်းပိုင်းသို့ရောက်သည်နှင့် မြန်မာကျောင်းများရှားပါးလာလေ ထိုင်းလက် သို့ရောက်ကုန်ကြလေဖြစ်၏။

လမ်ပန်း၊ ဇင်းမယ် တဝိုက်တွင် ဘန်ဝှစ်ကျောင်းသည်တက်နေသောကျောင်းဖြစ်၍မြန်မာအနွယ်ဟုဆိုသော်လည်း ထိုင်းဂိုဏ်းဝင်ဖြစ်၏။ ဆရာတော်ဦးဓမ္မနန္ဒ ဦးစီး ဦးဆောင်ပြုနေသောထာ့မအိုးကျောင်း လမ်ပန်းမြို့ဝပ်စီလောင်မွန်းမှလွဲ၍ လျင်ကျန်ကျောင်းများသည် အကျပိုင်းရောက်နေကာ အင်အားထပ်မံ ဖြည့်ဆည်းရန်လိုအပ်နေပါ၏။ ထို

ကြောင့်လည်း ဆရာတော်ကြီးဦးပညာဝံသ၊ ဆရာတော်ကြီးဦးအာသဖ အစရှိသော ဆရာတော်ကြီး များက စိတ်ကြောင့်ကျမှု များ နှင့်သာ သနာပြု မြန်မာဘုန်းတော်ကြီး များ ကို ကိုယ်တိုင်ရှာဖွေနေကြရ၏။ ယခုအချိန်တွင်ဆရာတော်ကြီး နှစ်ပါးသည် စိတ်အေး ချမ်းသာစွာဖြင့် ရှိနေသင့် ပြီဖြစ်သော်လည်း စိတ်မအေးနိုင်သေးဘဲ နှစ်ပေါင်းရာနှင့် ချီ၍စောင့်ရှောက် ခဲ့သောမြန်မာဘုန်းတော်ကြီးကျောင်း များ မြန်မာ လက်တွင်း၌ ထားရစ်ခဲ့ရေး အတွက် စိတ်ပင်ပန်း စွာဖြင့် ရှိနေကြ၏။ ဇင်းမယ် ဝပ်ဆိုင်မွန်ဖမ ကျောင်းတိုက်မှဆရာတော်ကြီးဦးအာသဖက " နှစ် ၇၀၀ လောက်မြန်မာစဉ်ဆက်စောင့်ခဲ့ပြီး ဘုန်းတော်ကြီးလက် ထက်ကြမှ မြန်မာအမည်ပျောက်လို့တော့မဖြစ်သေးဘူးကွယ်" ဟု ဆို ရှာပါ၏။

ကမ္ဘာပေါ်တွင်မြန်မာအများဆုံး ရှိနေသောမြို့သည်ဗန်ကောက် မြို့ ဖြစ်ပါ၏။ မြန်မာအရေအတွက်သောင်းဂဏန်းတွင် ရှိနေ၏။ သို့ သော် မြန်မာဘုန်းကြီးကျောင်းဟူ၍ ဗန်ကောက်တွင်ဝပ်မဟာထပ် ရှိ အဆောင် ( ၁ ) ၌ကျဉ်းမြောင်းသော အခန်းလေး တစ်ခုသာမြန်မာ ကျောင်းအဖြစ်ထား ရှိနေရ၏။ မြန်မာတို့အတွက်ဘာသာရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရန် ဆရာတော်ဦးဉာဏသနှင့်ဆရာတော်ဦး ဓမ္မနန္ဒနှစ် ပါးသာလျှင်ဗန်ကောက် တွင် ရှိနေပါ၏။ ဗန်ကောက်တွင် ဘာမဆို ပေါသောလည်းမြန်မာဘုန်းကြီး သည်အရှားပါးဆုံးသော အရာ ဖြစ်ပါ၏။ တစ်ကမ္ဘာလုံးတွင်ဘုန်းတော်ကြီး ကျောင်းများဟော တစ်ကျောင်း ဟောတစ်ကျောင်းတည်ဆောက်နေသော်လည်း မြန်မာတို့ အများဆုံး ရှိနေသော ဗန်ကောက်မြို့တွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းမှ မရှိခြင်းသည် လိုအပ်ချက် တစ်ရပ်ဖြစ်ပါ၏။

ဇန်ကောက်မြို့ရှိ ဝပ်ဒွန်ကျောင်းသည် မြန်မာပိုင် ကျောင်းတစ်ကျောင်းဖြစ်၏။ ဝပ်ဒွန်ကျောင်းမီးလောင်ပြီးသည့်နောက် တိုင်းအုပ်ချုပ်သူတို့က ထိုကျောင်းကိုချိတ်ပိတ်ထားခဲ့၏။ ချဉ်းကပ်ပြောဆိုမှုများရှိသော်လည်း ယနေ့တိုင်ချိတ်မဖွင့်နိုင်ဘဲရှိပါ၏။ ထိုင်းနိုင်ငံသည် မြန်မာဘုန်းကြီး ထိုင်းဘုန်းကြီးခွဲခြားမှုမရှိ၊ ဆွမ်း၊ ဆီမီး၊ ပန်းရက်ရော စွာလှူဒါန်း တတ်သောကြောင့်ထိုင်းနိုင်ငံတွင်ဆွမ်းပန်းကိစ္စမှာလို အပ်သည်ထက် ပို၍ပြည့်စုံ၏။ မြန်မာနိုင်ငံရှိဘုန်းတော်ကြီးများသို့ ပင်ပေးပို့စွန့်ကြဲ ပစ်ကြရပါ၏။

လမ်ပန်းရှိကျောင်းများတွင်ခေါက်ဆွဲထုပ်၊ ငါးသေတ္တာ စသော အရာများမှာ စားမကုန် သဖြင့် တခါတရံပစ္စည်းများကို စုဆောင်း၍ ကားငှားပြီး နယ်စပ်ရှိ မြန်မာဘက်မှ ကျောင်းများသို့ပေးပို့လှူဒါန်းကြရသည်။ ထိုင်းနိုင်ငံတွင်နေထိုင်ရေးသည်ပြဿနာဖြစ်၏။ ယခင်က နိုင်ငံကူးလက် မှတ်မရှိနေခဲ့ရာ ယခုအခါတိုင်းမြို့အုပ်၊ မြို့ပိုင်၊ ဘုန်းကြီးများသည် နိုင်ငံကူးလက်မှတ်မရှိသောဘုန်းကြီးကျောင်းများသို့ ဝင်ရောက်စစ်ဆေးပြီး နိုင်ငံကူးလက်မှတ်မရှိသောဘုန်းကြီးများအား လူထွက်စေပြီး နယ်စပ်သို့မောင်းထုတ်ကာကျောင်းများကိုလည်းထိုင်းကျောင်းလုပ်ထားမှုများ ရှိနေ၏။

ရေရှည်တွင် ထိုင်းနိုင်ငံတွင် နိုင်ငံကူးလက်မှတ်မရှိပဲသာသနာပြုနေထိုင်ရန် မဖြစ်နိုင်တော့။ ထိုင်းတွင်သာသနာပြုရာတွင်လည်း ဗီဇာတောင်း၍သုံးလတစ် ကြိမ်နိုင်ငံမှထွက်ပေးပြီးသာသနာရေးကိစ္စမှာမလွယ်ကူပေ။ ထိုင်းနိုင်ငံတွင်တရား ဝင်နိုင်ငံကူးလက်မှတ်ကိုင်၍နေထိုင်သောဘုန်းတော်ကြီး ၂၀ ပါးသာရှိ ပါ၏။ ယင်းဆရာတော်များ၏စာရင်းကိုလဲ၎င်းစာအုပ်တွင်ဖော်ပြထားပါ၏။ ယခုအခါထိုင်းဘာ



**ထေရ ဝါဒ သာသနာ့ခရီးသည် တာအုပ်ကိုပြုစုတော်မူခဲ့သည့် ပြည်ပသာသနာပြုဆရာတော် ဦးသုမနာစာရ**

သာ စာပေကိုသင်ကြားလိုပါသည်ဟုထောက်ခံချက်များနှင့်လျှောက်ထားနေထိုင်ပါကခွင့်ပြုချက်ရလျှင် ၅ နှစ်နေထိုင်ခွင့် ရှိသည်။ ၅ နှစ်ပြီးပါက ထိုင်းဘာသာစာပေကို လေ့လာရာတွင် မပြည့်စုံသေးသောကြောင့် အထူး ၅ နှစ်ထပ်မံပေးပါရန်လျှောက်ထားရ၏။ ထိုသို့ဆိုပါ က ၅ နှစ်မှာသူတို့ပေးမှရသည်။ အထူးသက်တမ်းတိုးရေးမှာလည်းတဘက်နိုင်ငံပေါ်တွင်တည်နေရာရေရှည်တွင်မြန်မာကျောင်း

များ၏ အရေးမှာ ရင်လေးဖွယ်ရာ ရှိပါ၏။ သို့မဟုတ်ပါကယခင်က ဘုန်းကြီးကျောင်း ၁၀၀ ကျော်ရှိရာ ယခုလေးပုံ တစ်ပုံလောက်သာ ကျန်တော့သည်တွင် ကိစ္စမရှိပါဘူး ထိုင်းနိုင်ငံဟာ လဲထေရဝါဒ သာသနာထွန်းကားသောနိုင်ငံပင် ဖြစ်ပေရာ ကျွန်ုပ်တို့အ သိမ်းခံရမည်ဟုဆိုပါကလည်း ကျွန်တော်တို့သည် ဒီအတိုင်း အသိမ်းခံသည်ထက်ရေစက်ချ၍ လှူဒါန်းလိုက်သည်ကပို၍ကောင်းမည်ဟုယူဆပါ၏။

သို့မဟုတ်ပါက ဖြစ်နိုင်သောနည်းလမ်းများကိုစဉ်းစားကြရမည်ဖြစ် ပါ၏။ သာသနာပြုဘုန်းတော်ကြီးများအားနိုင်ငံကူးလက်မှတ် ထုတ်ပေးစဉ်ကပင် သံတမန်ဆိုင်ရာနိုင်ငံကူးလက်မှတ်ပေး၍နိုင်ငံတော်တာဝန်နှင့်သာသနာပြု ပုဂ္ဂိုလ်များအဖြစ်သတ်မှတ်ပါကဖြစ်နိုင်မဖြစ်နိုင်ဟူသောကိစ္စကိုစဉ်းစား စရာဖြစ်ပါ၏။

တဖန်မြန်မာကျောင်းများကိုစောင့်ရှောက်ရာတွင်ယခုကာလ ၌ ရိုးရိုးကြီးစောင့်ရှောက်နေ၍မရ ပီနန်ဆရာတော်ဦးပညာဝံသ ကဲ့သို့ဒကာဆရာ ရင်းနှီးမှုယူခြင်း၊ ခေတ်မှီပုံသဏ္ဍာန်ဝေါပကအဖွဲ့များဖွဲ့စည်းခြင်း၊ တနင်္ဂနွေကျောင်းများဖွဲ့စည်းခြင်းအစရှိသောလုပ်ငန်းများကို မြန်မာဘုန်းကြီးကျောင်းများတွင်တိုး ချဲ့လုပ်ဆောင်ကြရန်လိုအပ်မည်ဟုထင် မြင်မိပါသည်။

ကျွန်တော်သည်ထိုင်းနိုင်ငံမြောက်ပိုင်းလမ်ပန်းချင်းမိုင်ဒေသတွင် တစ်လခန့်နေထိုင်၍ဇန်ကောက်သို့ပြန်ခဲ့ရာရထားပေါ်တွင်ကျွန်တော် တွေ့ခဲ့သော မြန်မာကျောင်းများကိုရေတွက်၍ထိုကျောင်းများတွင်ရှိနေသောသံဃာတော် ဆရာတော်ကြီးများ ဇရာမ ကျောင်းကြီးဖြစ်သောဝပ်ပါဖန်တွင် မြန်မာဦးဇင်းငယ် တစ်ပါးတည်း မနက် ဆွမ်းခံထွက်လိုက် ပြန်လာလိုက်ဖြင့် မရေရာသော မြင်ကွင်းများ အားလုံး



**ဇင်းမယ်မြို့ရှိ တန်ခိုးကြီး ဖွံ့ဖြိုးသည့် Wat Phrathai Doi Suthep စေတီကြီးအား ကြည်ညိုဖူးမျှော်ခွင့်ရစဉ်**

အတွက် လမ်းတစ်လျှောက်လုံး မနည်း ဖျောက်ကာ ဗန်ကောက်သို့ အရောက်ပြန်ခဲ့ရပါ၏။

နောက်ဆက်တွဲ(က)

## ထိုင်းနိုင်ငံတွင် သာသနာပြုတော်မူလျက်ရှိသောမြန်မာသံဃာတော်များ စာရင်းနှင့် လိပ်စာများ၊ တယ်လီဖုံးများ

၁။ PHRA U PYINN YAWUMTHA (ဝပ်စီကြုံး)
ဦးပညာဝံသ
WAT SRI CHOOM
SRI CHOOM ROAD
LAMPANG-52000
ဖုံး—၂၂၃၇၉၆

၂။ PHRA U ZOTIKA ဝပ်စီကြုံး
ဦးဇောတိက လမ်ပန်းမြို့

၃။ PHRA U KUSALA ဝပ်စီကြုံး
ဦးကုသလ လမ်ပန်းမြို့

၄။ PHRA U RAHTAPALA ဝပ်စီကြုံး
ဦးရဋ္ဌပါလ လမ်ပန်းမြို့

၅။ PHRA U DHAMMANANDA WAT THMAOH
ဦးဓမ္မနန္ဒ
(ဝပ်ထမအိုး)
TAMAOH ROAD
LAMPANG—52000
ဖုံး - ၂၂၃၅၀၁

၆။ PHRA U WATHEHTABIWUNTHA ဝပ်ထာ့မအိုး
ဦးဝါသေဋ္ဌဘိဝံသ လမ်ပန်းမြို့

၇။ PHRA U ZAWANA ဝပ်ထာ့မအိုး
ဦးဇဝန လမ်ပန်းမြို့

၈။ PHRA U KOWIDA WAT PARPHAM
ဦးကောဝိဒ LAMPANG—25000
ဖုန်း— ၂၂၆၄၁၃

၉။ PHRA U TEZANIVABIWUNTHA ဝပ်ပါဖန်
ဦးတေဇနိယဘိဝံသ လမ်ပန်းမြို့

၁၀။ PARA U NXANA DISSA WAT SRI LAUNTMOIN
ဦးဉာန်ဒိဿ ဝပ်စီလောင်မွန်း
လမ်ပန်း—၅၂၀၀၀
ဖုန်း— ၂၂၆၈၂၀

၁၁။ PHRA U ASABA WATAIMOON (MYANMAR)
ဦးအာသဘ ဝပ်ဆိုင်မွန် — (ဗမ)
PAMPOON PHRA SING
AMPAE MAUNG
CHIANG MAI
ဖုံး - ၂၇၈၉၆၄

၁၂။ PHRA U KUTHALA ဝပ်ဆိုင်မွန်း (ဗမ)
ဦးကုသလ ချင်းမိုင်

၁၃။ PHRA U THI HA ဝပ်ဆိုင်မွန် (ဗမ)
ဦးသီဟ ချင်းမိုင်

၁၄။ PHRA U NYANIKA WAT MANDALAY
ဦးဉာဏိက ဝပ်မန္တလေး
MAES ARIYAM
MAE HONSON
ဖုံး - ၆၈၁၂၇၀

၁၅။ PHRA U MAHEINDA
ဆရာတော် ဦးမဟိန္ဒ

WAT TOYA
(WATPAKAO)
MAESOD
မဲဆောက်
ဖုံး - ၅၃၂၇၆၆

၁၆။ PHRA U ARSABA
ဆရာတော် ဦးအာသဘ

SAMNUK VIPASSANA
VIVE KASON MEDITATION
စမနုပ် ဝိပဿနာ အာရုံတရားရိပ်သာ
SOI SU KHABIBUN 7
SHONBURI 20000
THAI ( AN )

၁၇။ PHRA U THARGAYA
ဦးသာဂရ

စာမနုပ် ဝိပဿနာ ဝိဝေအာရုံတရားရိပ်သာ
ချွန်ဘူရီ

၁၈။ PHRA U ARIYA WUNSA
ဦးအရိယာဝံသ

WAT SRA BAWKEO
NO.138 NUNNUMTHEE ROAD
PHRAE

၁၉။ PHRA U NANDA
ဦးနန္ဒ

ဝပ်စီဘိုကီယို
ဖရဲ

၂၀။ PHRA ASHIN KUNDINNYA

အရှင်ကောဏ္ဍည

WAT SRIPRAVAT

PLATBANG, BANGKRUAI

NONTHAB

BANGKOK

THAILAND

ဖုန်း - ၂၂၆၇၆၆၀

၂၁။ PHRA U DHAMANANDA

ဦးဓမ္မနန္ဒ

WAT MAHADHARTU

NO.1 MAHARAJ ROAD

BANGKOK

ဖုန်း - ၂၂၆၇၆၆၀

နောက်ဆက်တွဲ(ခ)

## ထိုင်းနိုင်ငံ တွင်ရှေးအစဉ်အဆက်ရှိခဲ့သော ဆေဖက်ဝင် မြန်မာဘုန်းတော်ကြီးကျောင်းများစာရင်း

### က။ တပ်ခရိုင်
(မဲဆောက်မြို့နယ်)

| အမှတ်စဉ် | ကျောင်းအမည် | | မှတ်ချက် |
|---|---|---|---|
| ၁။ | ဝပ်လူဝပ်ကျောင်း | –ကျောင်းကြီး ကျောင်း | လက်ရှိ မြန်မာ |
| ၂။ | ဝပ်းစွန်တရီကာဝပ် | –ကျောင်းသစ် ကျောင်း | ။ (ဝပ်ပါမိုင်) |
| ၃။ | ဝပ်ပါကာအို | –တောရကျောင် | ။ |
| ၄။ | ဝပ်မဲတော် | –အမေ့ကျောင်း | ။ |
| ၅။ | ထမအံ (တပ်မဟာ) | တမူးဆိပ်ရွာ ကျောင်း | ။ |

### ခ။ လပ်ပန်းခရိုင်
(လမ်ပန်းမြို့)

| အမှတ်စဉ် | ကျောင်းအမည် | | မှတ်ချက် |
|---|---|---|---|
| ၆။ | ဝပ်စီကြုံး | –ညောင်ဝိုင်း ကျောင်း | လက်ရှိမြန်မာ |
| ၇။ | ဝပ်ထာ့မအိုး | –ကျွဲကောပင်ဆိပ် ကျောင်း | ။ |

| | | | |
|---|---|---|---|
| ၈။ | ဝပ်ပါဖန် | —ဇောတိကာရုံကျောင်း | ။ |
| ၉။ | ဝပ်စီရောင်မွန်း | —မြို့ကြက်သရေကျောင်း | ။ |
| ၁၀။ | ကျောင်းခန်း | —ရွှေကျောင်း | လက်ရှိထိုင်း |
| ၁၁။ | ဝပ်မွန်ကြံထိန် | —ယုန်ကလေးကျောင်း | ။ |
| ၁၂။ | ဝပ်မွန်ပူရ | —ဂုဏ်မွှန်စောင့်သည့်ကျောင်း | ။ |
| ၁၃။ | ဝပ်ပါရော့ | —မြို့ဦးကျောင်း | ။ |
| ၁၄။ | ဝပ်ချိုင်းမွန်ခွန် | —သက်ကယ်ကျောင်း | မြန်မာအနွယ်ထိုင်း |

**(မွန်ပေါင်မြို့နယ်)**

| | | |
|---|---|---|
| ၁၅။ | ဘန်ဝှစ်ကျောင်း | မြန်မာအနွယ်ထိုင်း |
| ၁၆။ | မွန်ပေါင်းကျောင်း | လက်ရှိထိုင်း |

## ဝ။ ဖယောင်ခရိုင်

(ဖယောင်မြို့နယ်)

| | | |
|---|---|---|
| ၁၇။ | ဝပ်စီကျောင်းလျှမ်း ကျိုင်းခန်မြို့နယ် | —အရောင်ထွက်နေတဲ့ကျောင်း |
| ၁၈။ | ဝပ်နန္ဒာ | —ဦးနန္ဒာကျောင်း |

## ဃ။ ဖရဲခရိုင်

(ဖရဲမြို့နယ်)

| အမှတ်စဉ် | ကျောင်းအမည် | မှတ်ချက် |
|---|---|---|
| ၁၉။ | မြို့ဦးကျောင်း | လက်ရှိထိုင်း |
| ၂၀။ | ဘန့်ပိုင်ကျောင်း — ရွာသစ်ကျောင်း | ။ |
| ၂၁။ | ဝပ်ကျောင်းကလန် — မြို့နယ်ကျောင်း | ။ |

## င။ ချင်လိုင်းခရိုင်

(ချင်လိုင်းမြို့နယ်)

| အမှတ်စဉ် | ကျောင်းအမည် | မှတ်ချက် |
|---|---|---|
| ၂၂။ | ဝပ်မတူပိုင်ကျောင်း | လက်ရှိထိုင်း |
| ၂၃။ | ပါကေကျောင်း | ။ |

## စ။ ရနောင်းခရိုင်

(ရနောင်းခရိုင်)

| | | |
|---|---|---|
| ၂၄။ | ဝပ်စီပုံ | ဘုန်းကြီးမရှိ |

## ဆ။ မယ်ဟောင်စွန်ခရိုင်

(မယ်စလင်မြို့နယ်)

| အမှတ်စဉ် | ကျောင်းအမည် | မှတ်ချက် |
|---|---|---|
| ၂၅။ | ဝပ်မန္တလေး | ဆရာတော် |

| | | | |
|---|---|---|---|
| ၂၆။ | ကွင်းကျောင်း | | ဆရာတော် ဦးနဝိန္ဒ |
| ၂၇။ | ဝပ်ကျောင်းခန်း | —ရွှေကျောင်း | လက်ရှိထိုင်း ဂိုဏ်းဝင် |
| ၂၈။ | ဝပ်ပါဟာရို | —သုဿနကျောင်း | လက်ရှိထိုင်း |
| ၂၉။ | မယ်လန်နွဲ့ကျောင်း | | |
| ၃၀။ | မယ်လာကြီးကျောင်း | | |

**၈။ မယ်ဟောင်းခွန်ခရိုင်**

(ခွန်ယွမ် မြို့နယ်)

| **အမှတ်စဉ်** | **ကျောင်းအမည်** | **မှတ်ချက်** |
|---|---|---|
| ၃၁။ | ရွှေကျောင်း | ထိုင်းဂိုဏ်းဝင် |
| ၃၂။ | ကျောင်းခုံကျောင်း | ။ |
| ၃၃။ | လွယ်ကောင်းမွန် | ။ |
| ၃၄။ | ဝန့်ဂေါကျောင်း | ။ |
| ၃၅။ | ရွှေသာလျောင်းကျောင်း | ။ |
| ၃၆။ | အလယ်ကျောင်း | ။ |
| ၃၇။ | ရွှေကျောင်း | ။ |
| ၃၈။ | မြို့ဦးကျောင်း | ။ |
| ၃၉။ | လယ်ကွင်းကျောင်း | ။ |

**(ခွန်ယွမ်းမြို့နယ်မှ ကျောင်းများ ဂျပန်ခေတ်မှစ၍ မြန်မာတို့အဆက်ပြတ်ကာ ထိုင်းများလက်အောက်ရောက်)**

## ဈ။ ဇင်းမယ်ခရိုင်

(မုတ်ဖုန်မြို့နယ်)

| အမှတ်စဉ် | ကျောင်းအမည် | မှတ်ချက် |
| --- | --- | --- |
| ၄၀။ | အရှေ့ကျောင်း | |
| ၄၁။ | အနောက်ကျောင်း | |
| ၄၂။ | နာဝိုင်းကျောင်း | |

**(မယ်ဆိုင်မြို့နယ်)**

| | | |
| --- | --- | --- |
| ၄၃။ | ဝပ်နန္ဒိယဇေတန် | |

**(မယ်လင်မြို့နယ်)**

| | | |
| --- | --- | --- |
| ၄၄။ | မယ်လင်မြောက်ကျောင်း | |
| ၄၅။ | လယ်လင်တောင်ကျောင်း | |
| ၄၆။ | လယ်ကကျောင်း | |

## ည။ ချန်ဘုရီခရိုင်

| | | |
| --- | --- | --- |
| ၄၇။ | ဝပနပ်ဝိပဿနာ ဝိဝေ့အာရုံ | ဝိပဿနာ တရားရိပ်သာကျောင်း ဦးအာသဘ |

## ဋ။ ဘန်ကောက်

| အမှတ်စဉ် | ကျောင်းအမည် | မှတ်ချက် |
| --- | --- | --- |
| ၄၈။ | ဝပ်ဒွန်းကျောင်း | ရာန်ဝါရပ်ကွက် မီးလောင်သွား ခိုပ်ပိတ် |

| | | |
|---|---|---|
| ၄၉။ | ဝပ်ပလုပ်ကျောင်းနှင့်ဆီကျောင်း | မြန်မာဘုန်းတော်ကြီး အို၍ အသက် ၉၀ ရှိ။ |
| ၅၀။ | ဘုံဘေဘားမားကျောင်း | မရှိတော့ |
| ၅၁။ | ဝပ်မဟာထပ် | မြန်မာဘုန်းကြီး ထိုင်း |
| ၅၂။ | ဝပ်စီပါဝပ် | ထိုင်း ကျောင်း |

## နောက်ဆက်တွဲ (ဂ)

## ကျောင်းဆောက်ချ – ပရိတ်တော်တရားတော်နာ ဘိတ်ကြားစာ၊

အနုတ္တရ၊ ဆောဗုဒ္ဓ၏၊ မိန့်ဟာရွှေဗျာ၊ သာသနာလျှင်၊ တည်ရာဒီပ၊ ဌာနမင်္ဂလာ၊ ဇေယျာဘူမ၊ ကျော်စေပသော၊ ယောနကတိုင်း၊ ကမိုင်းအညွန့်၊ အမွန့်ရှည်ကြာ၊ သာဂလ၊ နေပြည်တော်ကို၊ အယော်ဝတ၊ ရှေးမဆွက၊ ဖန်သတည်ထောင် တော်မူပေသော၊ မိလိန္ဒထွဋ်ရုံဘုရင်၏၊ အစဉ်နွယ်ညှောက်၊ ဘုန်းမီးတောက်သော၊ ဘန်ကောက် သခင်၊ ရေမြေရှင်၊ ထိုင်း ခွင်မင်းမျိုး၊ ပညာတော်ကြီးရှိသော၊ လကွန်းမြို့နဂရ၊ ထာခေါ နွဲ့ရပ်သာတွင်၊ နေပျော်ခါစံတည်သော၊ မှန်စီရွှေချကျောင်း၏၊ အပေါင်းဒကာ၊ ရှိကြရာတွင်၊ အရှေ့ဘက်စွယ်တော်ကျောင်း ပေါင်းသုံးဆောင်ဒါယကာ၊ ကိုဝရိန္ဒ၊ ထိုမှတခန်းပကျောင်းပန်းစုံတစ် ဘုံမှာ ရှင်အဲဒါယကာ၊ သုံးဖြာသောကျောင်းဒကာတို့သည်၊ ပါရမီ စာဂ၊ ထက်လှသောစေတနာနှင့်၊ စံဝိဟာသုံးဆောင်တွဲ ကို၊ စွန့်ကြဲဆောက်လုပ်ကြပေသော၊ ကျောင်းဒကာ သုံးဦးတို့ ပေတည်း၊ တသီးထိုမှ၊ ပစ္ဆိမ အနောက်ဘက်၊ ပြိုးပြက်မှန်ရောင်၊ ထိန်ဝင်းပြောင်သော၊ သုံးဆောင်တွဲကျောင်းတော်မှာ၊ ဆရာအိန္ဒ၊ တဝဂ္ဂမာ၊ တဖြာခန္တိ၊ အညီသုံးဦး၊ ထူးချွန်သောစေတနာနှင့်၊ အသပြာပေါင်း၊ သောင်းကျော်ရကာ၊ မုတ္တာစာဂီ၊ ပါရမီဆုထူးကို၊ ဆည်းဘူးခါနေကြသော၊ ကျောင်းဒဂါသုံးဦးပေတည်း၊ တသီး မရှေ့၊ အရှေ့မျက်နှာစာ၊ ထိန်ဝါပြိုးပြောင်၊ ဧည့်ခံဆောင်နှစ် တွဲမှာ၊ တံထာနှင့်ကိုဝဏ္ဏ၊ နှစ်ဝအညီ၊ တဆောင်စီဆောက် ကြသော၊ ဧည့်ခံဆောင် ကျောင်းဒကာတို့ပေတည်း၊ တနည်းထိုမှ၏၊ မဇ္ဈိမ အလယ်တွေ၊ ရွှေရောင် မှန်ရောင်၊ ထိန်ဆေပြောင်သော၊

ကျောင်းဆောင်ကြီး အရင်းခံနှင့် စကြိန်တန်လျား၊ လေ့ခါးနှင့် ဆင်ဝင်၊ ထိုတွင်မီးတင်းကုတ်၊ အုတ်တံတိုင်းကာ၊ အိမ်သာကုဋီ၊ စရိုဆေဖြာ၊ ဤလှူဒါတို့ကို၊ အရင်းခံဒါယကာအားထုတ်သူမှာ၊ နန္ဒာသေ၊ နန္ဒာနွဲ့၊ မငဲ့တိမ်းဆောင်း၊ ကောင်းမြတ်သောစိတ်ထားနှင့်၊ အများခပင်း၊ လူတသင်းတို့နှင့်တကွ၊ မခွမယွင်း၊ တိုက်တွန်းနှိုးဆော်၍၊ ကျောင်းတော်ကြီး အလတ်ဆောင်ကို၊ တည်ထောင်ဆောက်လုပ်ကြပေ သတည်း၊ ဤသည်အရ၊ ထုတ်ပြပြီးသော၊ အသီးသီးအဝဝ၊ ဒါနသခင်၊ အလှူရှင်ကြီးငယ်တို့က၊ ယခုဘဝ၊ ဖြစ်ထွန်း ကြသော၊ ဓနရွှေငွေ၊ ထွေထွေများစွာ၊ ဤဘဏ္ဍာတို့သည်၊ အတည်တကျ၊ မျက်လှည့်ပြယောကျ်ားသို့ ပျက်ပြားတတ်သော၊ သဘောဓမ္မတာ၊ ဖြစ်ချေသည်၊ ဤသည်ဥစ္စာ၊ ဤခန်းဝါကို၊ မညှာထောက်ထား၊ သုမေဓပုဏ္ဏားနှင့်၊ မင်းဖျားဆေသန်၊ မှုထုံးစံကို၊ မှန်ကသိုဏ်းပြုလို၍၊ ထိုထိုများစွာ၊ ဝံဝိဟာအတွင်း၊ မလစ်ဟင်းရအောင်၊ ရေတွင်းနှင့်ဇရပ်၊ မလပ်ရွှေဂူ၊ ဤအလှူတို့ကို၊ ကြည်ဖြူပြည့်ရွှန်း၊ ရေစက်တော်ချသွန်းမှု၊ ဒါနစဝ် မှန်တော့မည်ဟု၊ ယောနိသော၊ မနသီဖြင့်၊ အတည်ပြုကြံ့ကြ၍၊ ပစ္စယနုဂ္ဂဟ၊ နှစ်ဝသော ချီးမြှောက်ခြင်းကို၊ မယွင်းမယို၊ ထိုထို သံဃာတော် ပေါင်းများစွာတို့အား၊ တက်ပွား သဒ္ဓါ၊ ကပ်လှူရာဒါနမှာ၊ သုံးဖြာပိဋကတ်၊ ကျမ်းမြတ်ရွှေစာ၊ ဤလှူဒါမှာ၊ နန္ဒာသေကျောင်းတကာက၊ သပြာငွေ ကျေးနှင့်၊ ပေးယူခါ ပူဇော်ခြင်း၊ ယင်းသည်တရပ်၊ ပိဋကတ်မှင်ရေးစာ၊ - အုတ်တရာကျော်၊ ပူဇော်၍လှူဒါန်ခြင်း၊ တကျွန်းဖြစ်လာ၊ ဘဏ္ဍာထည် အမျိုးမျိုး၊ ဘိုးအနဃ္ဃ၊ ရက္ခဆေဆာ၊ ပဒေသာသီးမျိုးစုံ၊ အပုံရောရာ၊ ဤလှူဒါတို့နှင့်တကွ၊ ဩရသရင်းသီးညွှာ၊ သား

ပုဏ္ဏားကို၊ သာသနာအတွင်း၊ သွတ်သွင်းခြင်းတဖြာ၊ ဤမျှများစွာကို၊ သယ်ဘာထေရ်ဝုလျှုကပ်ပြု၍၊ သာဓုကိုင်နေ၊ ပီတိကြွအောင်၊ ဒါနသဘင်၊ ပွဲကြီးယင်၍၊ ကောင်းမွန်သေသပ်၊ ခြယ်လယ်အပ်သော၊ မဏ္ဍပ်မင်္ဂလာ၊ လျှုဒါရုပ်အတွင်းတွင်၊ ပြည့်ရှမ်းသောစေတနာနှင့်၊ ခါခါညွတ်ပြောင်း၊ ရေစက်တော်သောင်းလို၍၊ ခါကောင်းထွက်စစ်၊ ပြဋ္ဌာဒိန်ကို၊ ရက်အချိန်လုပ်ပြသော၊ သက္ကရာဇ် ၁၂၇၄ ခု၊ တပေါင်းလဆန်း (၁၅)ရက်နေ့အမြောက်၊ နံနက်ခြောက်လီတ္တာ၊ ဤအခါတွင်၊ ရွှေကျောင်းမြတ်စံဝိဟာ၊ မဏ္ဍပ်သာအေသသို့၊ ကြွလာမြန်း ထောက်၊ ညနေချမ်းရောက်ပြန်လျှင်၊ ထေရ်ရှင်သယ်ဘာ၊ မြတ်ဆရာတို့၊ နေ့မှာဟောမှတ်၊ တရားမြတ်မြိန်သုဒ္ဓါကို၊ မကွာတူကွ၊ နာပါရမည်အကြောင်းကို၊ သတင်းကောင်း- စကားသံနှင့်၊ ဘိတ်မန်တက၊ နိမန္တပြင်၊ လွှာသအစီရင်ခံလိုက်ပါသည်၊ ကလျာဏအပေါင်း၊ သူတော်ကောင်းတို့၊

(အပ်ရင်းမူအတိုင်း)

မန္တလေးမြို့၊ ရဟိုင်းဈေး မြောက်ဘက်၊ မန္တလေး ဘုမ္မိစာပုံနှိပ်တိုက်။

## ပန်းမျိုးတစ်ရာ
## ပြည်ပသာသနာပြုစာစဉ်များ

၁။ သာသနာစက်ခြည်လင်းစေဖို့ ၁၉၉၁

၂။ ထိုင်းနိုင်ငံမှ မြန်မာဘုန်းတော်ကြီးကျောင်းများ

၃။ ပီနန်ဆရာတော်နှင့် ပီနန်ကျောင်း ၁၉၉၃

၄။ ကမ္ဘာ့သာသနာပြု ပီနန်ဆရာတော်ဦးပညာဝံသ

# သာသနာ့စက်ခြည်လင်းစေဖို့

## ချစ်စံဝင်း

* ဤစာအုပ်သည် ပြည်ပသာသနာပြု လုပ်ငန်းကို စိတ်ဝင်စားသူတိုင်း မလွဲမသွေ ဖတ်ရှုသင့်သော စာအုပ်ဖြစ်ပါသည်။
* ပြည်ပသာသနာပြု ဆရာတော်ကြီးများ ခွဲလုံ့လ ဝီရိယ စွန့်စားရမှု ရင်ဆိုင်ရမှုနှင့် မျိုးချစ်စိတ်ဓာတ်များအကြောင်း
* အပြည်ပြည်ဆိုင်ရာ မြန်မာဗုဒ္ဓဘာသာ သံဃာတော်များအဖွဲ့၏ ဆောင်ရွက်ချက်နှင့် ရည်မှန်းချက်

ပန်းမျိုးတာရာစာပေမှ ထုတ်ဝေပါသည်။
တိုက် ၂၃၃၊ အခန်း ၁၄၊ ၆ ရပ်ကွက်၊ ရန်ကင်း၊ ရန်ကုန်မြို့။

ချစ်စံဝင်း

# ထိုင်းနိုင်ငံရှိမြန်မာဘုန်းတော်ကြီး ကျောင်းများ



ပန်းချီ တင်မောင်မျှင်